မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

### ဝီရိယမလျှော့ဘဲ အားထုတ်

ကုန္ဒြေ၌ ကောင်းစွာမစောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်မသိခြင်း၊ ပျင်းရိခြင်းတို့သည် ကိလေသာ တရားကို တိုးပွားစေသဖြင့် ကုန္ဒြေကိုစောင့်လျက် အစား အသောက်၌ အတိုင်းအရှည်ကိုသိရှိပြီး ဝီရိယကိုမလျှော့ဘဲ အားထုတ်ရာ၏။ **ယမကဝဂ် (ဓမ္မပဒ - ၈)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၂၇)

# ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို ထိရောက်စွာ အသုံးပြုသွားနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြား

## (၇)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကျင်းပ






နိုင်ငံတော်သမ္မတ ဦးထင်ကျော် (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်

**ဟနွိုင်း အောက်တိုဘာ ၂၆**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် အမျိုးသားကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိရာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်က ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆိုလစ်တို့က မိန့်ခွန်း ပြောကြားကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## အကြီးမားဆုံး (လုံးစွပ်) ကျောက်စိမ်းအရိုင်းတုံးကြီးကို မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပြသရောင်းချမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်လျက်ရှိသည့် ရတနာ တောင်တန်း ကျောက်မျက်ကုမ္ပဏီ၏ ဖားကန့်ရတနာမြေ မက်လင်ချောင် အကျိုးတူ (၂)လုပ်ကွက်အတွင်းမှ ထွက်ရှိသည့် အလေးချိန် စုစုပေါင်း ကီလို ၂၀၀၀၀ ခန့်ရှိ (တန်ချိန် -၂၀) ခန့် လုံးစွပ်ကျောက်စိမ်းအရိုင်းတုံးကြီးကို ခွဲစိတ်ပြုပြင်၍ မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်စိမ်းတုံးကြီးသည် မြန်မာ့လုံးစွပ် ကျောက်စိမ်းသမိုင်းတွင် အကြီးမားဆုံးဖြစ်ကြောင်း သိရပြီး လျှိုနာကြီးများပါဝင်၍ ကတော့ခွံမဲ(လုံးစွပ်) ဖြစ်ကာ ယမ်းညက်၊ ယမ်းလတ်ရောနှော ပါဝင်ဖွဲ့စည်းထားကြောင်း၊ ကျောက်သား မညီသည့် ဖြူကြည်အသားခံတွင် ပဲကန်စွန်းကြိုးမျှင်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❒

**လေဖြတ်သူတို့ဘဝ ကောင်းမွန်ဖို့ တိကျမြန်ဆန် ကုသစို့** *ဆောင်းပါး၊ စာ - ၆*

**နျူကလီးယားအစီအစဉ်ကို မြောက်ကိုရီးယား စွန့်လွှတ်မည့်သဘော မရှိဟုဆို** *စာ - ၁၀*

**Brexit နှင့် ရေရာမှုမရှိသော ဗြိတိန်နိုင်ငံ၏ အနာဂတ်စီးပွားရေးအလားအလာ** *စာ - ၁၁*

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ဆုပ်ကိုင်ရမည့် အခွင့်အလမ်းကောင်းများ

နိုင်ငံရပ်ခြားပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (Overseas Private Investment Corporation-OPIC) သည် မြန်မာနိုင်ငံသို့ ယခုလအတွင်း လာရောက်ခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံရပ်ခြား ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (OPIC) သည် အမေရိကန်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းဖြစ်ပါသည်။ အဆိုပါကော်ပိုရေးရှင်းသည် ကမ္ဘာတစ်လွှားရှိ ပဋိပက္ခမှ ရုန်းထွက်ပြီးစနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၆၀ ကျော်တို့၌ အမေရိကန်နိုင်ငံ၏ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ကူညီပံ့ပိုးဆောင်ရွက်ရာ၌ နိုင်ငံရပ်ခြား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (OPIC)က အမေရိကန်ပုဂ္ဂလိကကုမ္ပဏီတို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြမည့် နိုင်ငံတို့တွင် နိုင်ငံရေးကြောင့် ဆုံးရှုံးနိုင်ခြေရှိသည့် စွန့်စားမှုများအတွက် အာမခံချက်ပေးခြင်းသည် အခရာကျသော လုပ်ဆောင်ချက်ဖြစ်ပါသည်။ အဆိုပါ အာမခံချက်ကြောင့် အမေရိကန်ပုဂ္ဂလိကကုမ္ပဏီတို့သည် ရင်းနှီးမြှုပ်နှံမှုတို့ကို တွန့်ဆုတ်တွေဝေခြင်းမရှိ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့သော ဒီမိုကရေစီအသွင်ကူးပြောင်းဆဲနိုင်ငံများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ ဝင်ရောက်လာရေးဆောင်ရွက်ရာ၌ နိုင်ငံရေးအန္တရာယ်များဆိုင်ရာ အာမခံချက်သည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှု ရုပ်သိမ်းလိုက်ခြင်းကြောင့်သာ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ဖြည့်ဆည်းနိုင်ခဲ့ခြင်းသည်လည်း တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်ကိုးစားမှုကို ဆုပ်ကိုင်ရယူနိုင်သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးခေါင်းဆောင်မှုကြောင့် ဖြစ်ပါသည်။

နိုင်ငံတကာမျက်နှာစာ၌ မည်ကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုမျိုးမဆို ပါဝင်ပူးပေါင်းဆောင်ရွက်ကြသည့် နိုင်ငံ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအားလုံး သင့်တင့်မျှတသော အကျိုးအမြတ်များ ခံစားနိုင်ကြမှသာ ရေရှည်တည်တံ့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံရပ်ခြားပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (OPIC) သည် ကမ္ဘာတစ်လွှား လုပ်ငန်းစီမံကိန်းပေါင်း ၄၀၀၀ ကျော်အတွက် ဒေါ်လာဘီလီယံ ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပြီးဖြစ်ပါသည်။ ပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုအရ နိုင်ငံရပ်ခြားပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (OPIC) သည် အမေရိကန်ပြည်ပပို့ကုန်တန်ဖိုးဒေါ်လာ ၇၆ ဘီလီယံကျော် တင်ပို့နိုင်ရန် စွမ်းဆောင်ပေးခဲ့သည်သာမက အမေရိကန်ပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်း ၂၇၈၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ နိုင်ငံရပ်ခြားပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (OPIC)သည် ဘဏ်များကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ အားနည်းနေသော နိုင်ငံများတွင် ကာလလတ်နှင့် ကာလရှည်ရင်းနှီးမြှုပ်နှံမှုတို့ ပြုလုပ်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးပါသည်။ ဤအချက်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် မြှင့်တင်ရာ၌ အထောက်အပံ့ကောင်းဖြစ်မည့် အလားအလာတစ်ရပ်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံရပ်ခြားပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (OPIC) သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးတည်ဆောင်ရွက်ပြီး ဤကော်ပိုရေးရှင်း (OPIC) ၏ နိုင်ငံရပ်ခြားပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွင်လည်း အမေရိကန် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တို့က ၈၀ ရာခိုင်နှုန်း အချိုးအစားအထိ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍နိုင်ငံရပ်ခြား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (OPIC) ၏မြန်မာနိုင်ငံအတွင်း ပူးပေါင်းဆောင်ရွက်မှုများသည် တိုင်းပြည်၏ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများ ဖြစ်လာမည်ဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက ရရှိလာသော အခွင့်အလမ်းတို့ကို အပြည့်အဝ အသုံးပြုလျက် ပြည်သူလူထုအများစုကို အကျိုးရှိစေမည့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။ ။




## စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**သံဖြူဇရပ် အောက်တိုဘာ ၂၆**
စက်ဘီးစီးအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် စက်ဘီးစီးခြင်းဖြင့် ကျန်းမာရေးကိုအထောက်အကူပြုစေရန် ရည်ရွယ်ပြီး သံဖြူဇရပ်မြို့၌ စက်ဘီးစီးပွဲကို အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို ယင်းနေ့ ညနေ ၃ နာရီတွင် သံဖြူဇရပ် မြို့မဈေးအရှေ့မှစတင်ထွက်ခွာမည်ဖြစ် ပြီး စက်စဲကမ်းခြေအရောက် ၁၀ မိုင်ခရီးကို စီးနင်းစေရန် စီစဉ်ထားရှိပြီးဖြစ်ရာ အမျိုးသား အမျိုးသမီးအသက်အရွယ်မရွေး ပါဝင်စီးနင်းနိုင်ကြောင်းနှင့် ပြိုင်ဘီးအမျိုးအစား စက်ဘီးဖြင့်သာ ဝင်ရောက်စီးနင်းရမည်ဖြစ်ကြောင်း၊ ပန်းဝင်သူများအား မြို့နယ် စက်ဘီးကော်မတီမှ အမှတ်တရလက်ဆောင်ပစ္စည်း ချီးမြှင့်သွားမည် ဖြစ်သည်။
**(မြို့နယ် ပြန်/ဆက်)**

**ထင်သာမြင်သာပြုပြင်စရာ**

## အင်းတော်မြို့မှ လူထုအပန်းဖြေ မြကန်သာပန်းခြံပြန်လည်ရှိစေလို



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ရှိ လူထုအပန်းဖြေမြကန်သာ ပန်းခြံမှာ ပန်းခြံအတွင်းလူနေအိမ်များ၊ စားသောက်ဆိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ပုဂ္ဂလိကစကိတ်ကွင်းဟောင်းများက နေရာယူထားကြသည်မှာ နှစ်ပေါင်းအတော်ကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းခြံမှာ ယခင်က အင်းတော်မြို့နေပြည်သူများ အပန်းဖြေကြခြင်း၊ ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများ ပန်းခြံအတွင်းရှိ လျှောစီးခြင်း၊ ဆော့ကစားနေကြခြင်းနှင့် ကန်ပေါင်ရိုး အပင်ရိပ်ကလေးများအောက်ခုံတန်းရှည်များတွင် ပြည်သူများစိတ်အပန်းဖြေမှုများရှိခဲ့သော်လည်း ယခုအခါ ပျောက်ကွယ်နေပြီဖြစ်သည်။

သို့ဖြစ်၍ ပန်းခြံလေးကို ယခင်ပုံအတိုင်းပြန်လည်တည်ရှိနေရန် သက်ဆိုင်ရာက ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများကဆန္ဒရှိကြကြောင်း သိရသည်။
**လူအောင်(ကသာ)**

## ရော်ဘာရောင်းသူ၊ ဝယ်သူ တွေ့ဆုံပွဲနှင့်ထုတ်ကုန်ပြပွဲ ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂၆**
မွန်ပြည်နယ် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်ခန်းမ၌ ရော်ဘာရောင်းသူ၊ ဝယ်သူတွေ့ဆုံပွဲနှင့် ထုတ်ကုန်ပြပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးနှင့် GRO စီမံကိန်း ဒါရိုက်တာ Fabad Mobz တို့က အမှာစကားပြောကြားသည်။



အခမ်းအနားတွင် ရော်ဘာထုတ်ကုန်နှင့်စပ်လျဉ်း၍ ဒေါက်တာအေးအေးခိုင် (Assistant Professor) နှင့် Sri Trang Company မှ တာဝန်ရှိသူတစ်ဦးက ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က ရော်ဘာစိုက်ပျိုးရေးပြခန်း၊ ရော်ဘာခြံသုံးပစ္စည်းပြခန်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းပြခန်း၊ အဆင့်မြင့်မှိုင်းခံရော်ဘာပြားထုတ် စက်ရုံပြခန်း၊NRE ENGINEERING ပြခန်းစသည်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**

## ကြက်သွန်နီဈေးကျခြင်းကြောင့် ဆိပ်ဖြူကုန်စည်ဒိုင်တွင် ရောင်းဝယ်သူမရှိ

**ဆိပ်ဖြူ အောက်တိုဘာ ၂၆**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကြက်သွန်နီကုန်စည်ဒိုင်သည် ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပေါက်ဈေးများကိုမူတည်၍ ကြက်သွန်နီများကို အရောင်းအဝယ် ပြုလုပ်လျက်ရှိရာ အောက်တိုဘာ ၂၅ ရက်အထိ အချိန် ၁၀၀ လျှင် ငွေကျပ် ၁၄၀၀၀၀ ခန့်အထိ မြင့်တက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်တွင် ကြက်သွန်နီ ကုန်ချိန် ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ ဈေးကျခဲ့ခြင်းကြောင့် ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်ကုန်ချိန် တစ်သိန်းခန့် စိုက်ပျိုးထုတ်လုပ်သူတို့ လာရောက်ရောင်းချသော်လည်း ဈေးနှုန်းအကျကြမ်းသည့်အတွက် ကုန်သည်များကလည်း ဝယ်ယူခြင်းမရှိကြောင်း သိရသည်။ **စိုးလင်းနိုင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၆-၁၀-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၁ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၇ ・ ၈၉ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၄၇၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၁၃၈ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို စုစည်းအင်အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကြုံတွေ့လာသော စိန်ခေါ်မှုများကို နည်းလမ်းသစ်များရှာဖွေဖြေရှင်းသွားရန် လိုကြောင်း၊ လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုထိရောက်မှုရှိစေရန် ရှင်းလင်းထိရောက်သော လုပ်ငန်းဆောင်ရွက်မှုပုံစံများ အဖြစ်သို့ ပြုပြင်ပြောင်းလဲ အသုံးပြုသွားရန်လိုကြောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို ထိရောက်စွာ အသုံးပြုသွားနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွန်ကစ်ဂျာတူဆရီပီတက်တို့က မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်း၊ ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) မှ အမှုဆောင်အတွင်းရေးမှူး Dr. Shamshad Akhtarr ၊ ACMECS စီးပွားရေးကောင်စီမှ ကိုယ်စားလှယ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြပြီး ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) အစည်းအဝေးကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆိုလစ်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွန်ကစ်ဂျာတူဆရီပီတက်၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက မဲခေါင်ဒေသတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေး၊ ACMECS နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ACMECS အဖွဲ့ဝင် နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ မဲခေါင်ဒေသ၌ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် စိန်ခေါ်မှုများ၊ ဒေသတွင်း အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးတို့အတွက် ACMECS နိုင်ငံများ ပူးပေါင်းဆောင်ရေးတို့ကို ဆွေးနွေးကြပြီး (၇)ကြိမ်မြောက် ACMECS အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်သည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်က နိဂုံးချုပ် အမှာစကားပြောကြားပြီး (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များက စီအယ်လ်အမ်ဗွီ နိုင်ငံများ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို ပုံဖော်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများကို နည်းလမ်းသစ်များဖြင့် ဖြေရှင်းရေး၊ ဒေသတွင်း ပေါင်းစည်းမှုနှင့် စီးပွားရေး ပိုမိုယှဉ်ပြိုင်နိုင်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး (၈)ကြိမ်မြောက် (စီအယ်လ်အမ်ဗွီ) အစည်းအဝေး၏ ပူးတွဲကြေညာချက် ထုတ်ပြန်သည်။

အစည်းအဝေးများ အပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့သည် ဗီယက်နမ် သူရဲကောင်းစစ်သည် ဗိမာန်သို့ သွားရောက်ပြီး လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**



## ကြိုဆိုနှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်**




## ACMECS အစည်းအဝေး ကျင်းပ

**(၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) အစည်းအဝေး ကျင်းပစဉ်**

❐ *ရှေ့ဖုံးမှ*

ပဲကန်စွန်းလန့်ရိပ်တို့ ပါဝင်ကြောင်း၊ ကွမ်းသွေးကဲ့သို့ အနီရောင်နှင့် အနက်ရောင် အစက်အပြောက်များ ပါဝင်ကြောင်းနှင့် အသားဖြူတွင် အဖြူဆံထိုးမည့်လက္ခဏာများ ပါဝင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ သိရသည်။

ကျောက်စိမ်းတုံးကြီးကို တူးဖော်စဉ် လျှိုနာများ ပဲ့ထွက်၍ အလေးချိန် ကီလို ၁၇၄၆၀၀ ခန့် (၁၇၄ ဒသမ ၆၀ တန်ခန့်)၊ ၉၃၂၅ ကီလို (၉ ဒသမ ၃၂ တန်ခန့်) ၊ ၁၀၂၇၅ ကီလို (၁၀ ဒသမ ၂၇ တန်ခန့်)၊ ၅၂၈၀ ကီလို (၅ ဒသမ ၂၈ တန်ခန့်)၊ ၆၈၂၀ ကီလို (၆ ဒသမ ၈၂ တန်ခန့်) နှင့် ကီလို ၃၇၀၀ (၃ ဒသမ ၇၀ တန်ခန့်) ရှိ အစိတ်အပိုင်း ခြောက်ပိုင်း ကွဲထွက်ခဲ့သည်။

အဆိုပါ ကျောက်စိမ်းရိုင်းတုံးများကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် တန်ဖိုးဖြတ်အဖွဲ့က တန်ဖိုးငွေကျပ် ၇၂၇၈၃၅၀၀၀၀ (၇ ဒသမ ၂၇၈၃) ဘီလီယံသတ်မှတ်ခဲ့ပြီး နိုင်ငံတော်မှ ရတနာခွန် (တွင်းဝခွန်) ငွေကျပ် ၁၄၅၅၆၇၀၀၀၀ (၁ ဒသမ ၄၅၅၆)ဘီလီယံ ရရှိမည်ဖြစ်သည်။

ထို့အပြင် အခွန်အခများ ပေးသွင်းပြီးနောက် အကျိုးတူစာချုပ်အရ နိုင်ငံတော်မှ ၂၅ ရာခိုင်နှုန်းနှင့် ကုမ္ပဏီမှ ၇၅ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသရောင်းချပြီးပါက နိုင်ငံတော်အနေဖြင့် အထူးကုန်စည်ခွန် ၂၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့် ပြပွဲဝန်ဆောင်ခ ၃ ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။

**မင်းမင်းဇော်(ကလေး)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဗီယက်နမ်သမ္မတက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

## နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်

**ဟန်နွိုင်း အောက်တိုဘာ ၂၆**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် သမ္မတအိမ်တော်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုသည့်နေရာသို့ ရောက်ရှိလာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတနှင့်ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဗီယက်နမ်သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဗီယက်နမ်သမ္မတနှင့်ဇနီးတို့သည် သမ္မတ အိမ်တော်ဧည့်ခန်းမဆောင်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာ- ဗီယက်နမ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဗီယက်နမ်သမ္မတ အိမ်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ဝင်များ၊ ဗီယက်နမ်သမ္မတနှင့်ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံတပ်မတော်များအကြား ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးကြပြီး နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေး၊ စီအယ်လ်အမ်ဗီနှင့် အာဆီယံ မကာဏ်စီမံမှုဘောင်အောက်တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်သည်။



မြန်မာ - ဗီယက်နမ် နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ဦးဆောင်သည့်အဖွဲ့နှင့် ဆွေးနွေးစဉ်

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ဦးဆောင်သည့်အဖွဲ့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ လေကြောင်းခရီးစဉ်တိုးချဲ့နိုင်ရေး၊ အနီးကပ်ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်းကြားအပြန်အလှန် ထိတွေ့ဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေးကြပြီး နှစ်နိုင်ငံ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖုချောင့်နှင့် ပါတီရုံးချုပ်၌ တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဗီယက်နမ်နိုင်ငံသမ္မတနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဇနီးဒေါ်စုစုလွင်သည် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများနှင့်အတူ ဟန်နွိုင်းမြို့ရှိ ရှေးဟောင်းတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ၏ ဇနီးဒေါ်စုစုလွင် ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းမြို့ရှိ ရှေးဟောင်း တက္ကသိုလ်အတွင်း ကြည့်ရှုလေ့လာစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး မစ္စတာ ငုယင်ဖုချောင့်တို့ တွေ့ဆုံစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများအကြား တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများအကြား တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန ခုနစ်ခုမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ် အချိန်ဇယားကိုလည်း ထုတ်ပြန်ပေးပြီးဖြစ်ကြောင်း။

ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ မဲစာရင်းအား အခြေခံဆောင်ရွက်ရန် ဥပဒေတွင် ပြဋ္ဌာန်းထား၍ အဆိုပါမဲစာရင်းကို အခြေခံပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် Door to Door စိစစ်ကောက်ယူသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၅ ရွေးကောက်ပွဲ၏ အားနည်းချက်များကိုသုံးသပ်ပြီး အဆင်ပြေချောမွေ့စေရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လစ်လပ်မဲဆန္ဒနယ်များရှိ ယခင်မဲရုံပြုလုပ်ခဲ့သည့် စာသင်ကျောင်းများတွင် မဲရုံများပြုလုပ်နိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းအများစုကိုလည်း ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများကိုသာ ခန့်ထားဆောင်ရွက်မည်ဖြစ်၍ ကြိုတင်လျာထားဆောင်ရွက်ပေးစေလိုကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်း/ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်တရားမျှပြီး ပြည်သူ့ဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်အောင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ၌ ကြုံတွေ့ခဲ့ရသည့် အားသာချက်၊ အားနည်းချက်များ၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် အစီအမံများအား အသေးစိတ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့ရသည့် အားနည်းချက်များအား အကြံပြုဆွေးနွေးတင်ပြ၍ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**




# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက ဗဟန်းမြို့နယ်ရှိ အဆိုပါ ပါတီဌာနချုပ်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနာယကဦးတင်ဦးက အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းလုပ်ဆောင်ကြရန်နှင့် ပါတီအောင်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်များသည်အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဦးညဏ်ဝင်းတို့က ဆွေးနွေးတင်ပြကြသည်။

တက်ရောက်လာကြသော ကိုယ်စားလှယ်များက ရန်ကုန်တိုင်းဒေသကြီးအတွင်း လစ်လပ်မဲဆန္ဒနယ်မြေ ငါးနေရာအတွက် ရွေးကောက်ပွဲအနိုင်ရရှိရေး ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်မည့် အခြေအနေများ၊ လက်ရှိစည်းရုံးရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပါတီဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ကိုလတ်(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်းဖြစ်စဉ်များနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်မှုဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာဗြိတိန်သံအမတ်ကြီး မစ္စတာအင်ဒရူးပက်ထရစ်နှင့်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မကြာမီကဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်အတွင်းဖြစ်စဉ်များနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်မှုဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နျူကလီးယားဥပဒေ (မူကြမ်း)ကို ပြင်ဆင်ရေးဆွဲလျက်ရှိ ဥပဒေမူကြမ်းအပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်အကြံပြုသွားမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်သည် ရုရှားနိုင်ငံ အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းမှ Legal Counselor ဖြစ်သူ Mr. Andrey Shkarbanov ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်ကို ၂၅-၁၁-၁၉၉၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၁-၉-၂၀၁၆ ရက်နေ့တွင် အတည်ပြုပါဝင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် အဏုမြူစွမ်းအင်ဥပဒေကို ၁၉၉၈ ခုနှစ်ကပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယခုအခါ မြန်မာ့နျူကလီးယားဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာဌာနက ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် အဆိုပါ ဥပဒေမူကြမ်းအပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်အကြံပြုသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီးနောက် နျူကလီးယားကိုငြိမ်းချမ်းစွာအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေမူဘောင်များ တိုးတက်ကောင်းမွန်လာစေရေးနှင့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများပါ တာဝန်ရှိမှုများကို လိုက်နာဆောင်ရွက်နိုင်စေရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံ သတင်းစာဆရာအသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်**

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)က ကြီးမှူး၍ တတိယအကြိမ် အသက် ၇၅ နှစ်ပြည့် သတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲ ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA ) အမှတ် (၁၇၃/၁၇၅) ၆ လွှာ၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၅၁၉၊ ၀၉- ၄၂၁၁၀၉၅၄၇ သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# စင်ကာပူနိုင်ငံအစိုးရ၏ အာဆီယံပညာသင်ဆု မြန်မာကျောင်းသား လေးဦးရရှိ



**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၁၆ ခုနှစ်အတွက် ရွေးချယ်သော စင်ကာပူနိုင်ငံအစိုးရ၏ အာဆီယံပညာသင်ဆုကို မြန်မာကျောင်းသားလေးဦး ဆွတ်ခူးရရှိရာ အောက်တိုဘာ ၂၅ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံဆိုင်ရာစင်ကာပူသံရုံး၌ အဆိုပါကျောင်းသားများအား ဂုဏ်ပြုပွဲကျင်းပသည်။

အဆိုပါဂုဏ်ပြုညှော်ခံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး မစ္စတာ ရောဘတ်ချာက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာသင်ဆုစိစစ်ရွေးချယ်ခံရသော မြန်မာကျောင်းသားကျောင်းသူလေးဦးအား ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်သည်။

စင်ကာပူနိုင်ငံပညာသင်ဆုအတွက် အခြေခံပညာ အဋ္ဌမတန်းတက်ရောက်နေသော ကျောင်းသားများမှ စတင်ကာ နဝမတန်း၊ ဒသမတန်းအောင်အထိ လျှောက်ထားခွင့်ပြုထားကြောင်းသိရသည်။ ပညာသင်ဆုရွေးချယ်ခံရသူ ကျောင်းသားကျောင်းသူလေးဦးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အ.ထ.က(၁)မှ သုံးဦး၊ လသာမြို့နယ် အ.ထ.က (၂)မှ တစ်ဦး ရွေးချယ်ခံရပြီး မကြည်ခိုင်ခိုင်ကျော်၊ မောင်ဉာဏ်လင်းထက်၊ မလင်းထက် မာလာနှင့် မယွန်းစုလင်းတို့ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# လေပြင်းတိုက်ပြီး မိုးရွာသွန်းမှုကြောင့် သစ်ပင်များပြိုလဲ

ရန်ကုန် အောက်တိုဘာ ၂၆

**ယနေ့ည ၁၀ နာရီ ၁၀ မိနစ်ခန့်က လေပြင်းတိုက်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြည့်မြင်တိုင်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်အတွင်း သစ်ပင်ကြီးများ ပြိုလဲခြင်း၊ လျှပ်စစ်ထရန်စဖော်မာများ ဝိုင်ယာရှော့ခ်ဖြစ်ကာ လျှပ်စစ်မီးများ ပြတ်တောက်ခြင်းများဖြစ်ပေါ်ခဲ့သည်။**

**ကြည့်မြင်တိုင်မြို့နယ်တွင် ဈေးကလေးရပ်ကွက် (ရိပ်သာ) ဗားကရာ လမ်းပေါ်၌ ဗာဒံပင်ကိုင်းကြီးများ ကျိုးကျကာ ကားတစ်စီးပေါ်သို့ ပိနေခဲ့သည်။ ထို့အပြင် ဈေးကလေး ထီးတန်းအိမ်ရာဝင်းအတွင်း၌ လျှပ်စစ်ဓာတ်တိုင် တစ်တိုင်နှင့် ပိတောက်ကိုင်းများ ကျိုးကျကာ မော်တော်ယာဉ် နှစ်စီးပေါ်သို့ ပိကျခဲ့သည်။**

**ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ထိပ် (ဗားကရာဘက်ခြမ်း)၌ နှစ်ချို့ဗာဒံပင်ကြီး စားသောက်ဆိုင်တစ်ဆိုင်နှင့် ကွမ်းယာဆိုင်များပေါ်သို့ ကျိုးကျခဲ့သည်။**

**အလားတူ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့၌လည်း လေပြင်းတိုက်ခတ်သဖြင့် သစ်ပင်နှင့် သစ်ကိုင်းပြိုလဲကျိုးကျခဲ့ကြောင်း သိရသည်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး**

# လေဖြတ်သူတို့ဘဝ ကောင်းမွန်ဖို့ တိကျမြန်ဆန် ကုသစို့

**ပါမောက္ခဒေါက်တာဖြူဖြူလေး(ဦးနှောက်နှင့်အာရုံကြော)**

လာမည့်အောက်တိုဘာလ ၂၉ ရက်နေ့သည် “ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့” ဖြစ်ပါသည်။

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့ကြီး (World Stroke Organization) စတင်တည်ထောင်သည့် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် အောက်တိုဘာလ ၂၉ ရက်နေ့ကို “ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့”အဖြစ်သတ်မှတ်ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(World Health Organization) နှင့် တရားဝင်လက်တွဲ၍ ကမ္ဘာတစ်ဝန်းရှိပြည်သူများလေဖြတ်ရောဂါခံစားရမှုနှုန်း လျော့ကျစေရန်အတွက် ကာကွယ်ခြင်း၊ ကုသခြင်း၊ ပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများကို ဆောင်ပုဒ်များချမှတ်လျက် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပါသည်။

ယခု ၂၀၁၆ခုနှစ်အတွက် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့၏ “ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့”အတွက် သတ်မှတ်ထုတ်ပြန်ထားသော မူရင်းဆောင်ပုဒ်မှာ "Stroke is treatable, Lives can improve with better awareness, access, action” ဟူ၍ဖြစ်ပြီး လေဖြတ်ရောဂါသည် အချိန်မီဆောလျင်စွာသိရှိပါက ကုသ၍ရသော ရောဂါဖြစ်သည်ဟု မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆီလျော်အောင်ဘာသာပြန်ဆို သတ်မှတ်သော “ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့” ၂၀၁၆ ခုနှစ်အတွက် ဆောင်ပုဒ်မှာ “လေဖြတ်သူတို့ဘဝ ကောင်းမွန်ဖို့ တိကျမြန်ဆန် ကုသစို့”ဟူ၍ ဖြစ်ပါသည်။

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့(WSO) ၏အဓိကရည်ရွယ်ချက်မှာ လေဖြတ်ရောဂါ ခံစားနေရသူများကို ထိရောက်သောကုသမှုများပေးနိုင်စေရန်၊ လေဖြတ်ရောဂါကာကွယ်ရေး၊ လေဖြတ်ရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများ၊ လေဖြတ်ရောဂါဝေဒနာရှင်ကို ပြုစုစောင့်ရှောက်သူများအား လေဖြတ်ရောဂါဆိုင်ရာ ကျန်းမာရေးဗဟုသုတများပေးနိုင်စေရန်၊ လေဖြတ်ရောဂါနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကို တိုးတက်ပြုလုပ်လာနိုင်စေရန်အတွက် ကူညီပေးရန်တို့ဖြစ်ပါသည်။ ယင်းရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏တွေ့ရှိချက်များအရ ကမ္ဘာ့နိုင်ငံများ၏ ကျန်းမာရေးဆိုင်ရာ အဓိက ဝန်ထုပ်ဝန်ပိုးသည် ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါများ (Non Communicable Disease) ဖြစ်လာကြောင်း၊ ယင်းကူးစက်နိုင်ခြင်းမရှိသည့်ရောဂါများအနက် နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့သည် အဓိကသေဆုံးမှုရောဂါများဖြစ်သည့်အပြင် မသန်မစွမ်းဒုက္ခိတအဖြစ်ကျန်ရစ်စေခဲ့သော ရောဂါများထဲတွင်လည်း လေဖြတ်ရောဂါသည် ဒုတိယအများဆုံး ရောဂါဖြစ်ကြောင်းသိရှိရပါသည်။

လေဖြတ်ရောဂါဆိုသည်မှာ ဦးနှောက်သွေးကြောပိတ်၍ဖြစ်စေ၊ ဦးနှောက်သွေးကြောပေါက်၍ဖြစ်စေ ဦးနှောက်သို့ သွေးသွားလာမှု ရပ်ဆိုင်းသွားခြင်းကြောင့် ဖြစ်ပေါ်လာသော ရလဒ်ဖြစ်ပါသည်။

**လေဖြတ်ခြင်း၏ရောဂါလက္ခဏာများမှာ - ရုတ်တရက်**

- မျက်နှာ၊ လက်၊ ခြေ တစ်ဖက်ထုံခြင်း၊ လေးလံခြင်း၊ လုံးဝ မလှုပ်ရှားနိုင်တော့ခြင်း။
- စကားပြောဆိုဆက်ဆံရာတွင် အခက်အခဲရှိခြင်း။
- အစာ၊ ရေ၊ မျိုရခက်ခဲခြင်း။
- ထိတွေ့မှု အာရုံပျက်ယွင်းခြင်း။
- အမြင်အာရုံချို့ယွင်းခြင်း။
- မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် အာရုံစူးစိုက်မှုအားနည်းခြင်း။
- သတိလစ်မေ့မြောခြင်း၊ တက်ခြင်းတို့ဖြစ်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**လေဖြတ်ရောဂါ၏ အစောပိုင်းလက္ခဏာများ**

လူတစ်ဦးလေဖြတ်သည်ဟု ထင်ပါက

(၁) မျက်နှာကိုကြည့်ပါ။ မျက်နှာ(သို့)ပါးစပ်ရွဲ့နေပါသလား။

(၂) လက်မြှောက်ခိုင်းကြည့်ပါ။ လက်နှစ်ဖက်စလုံးမြှောက်နိုင်ပါသလား။

(၃) စကားပြောခိုင်းကြည့်ပါ။ စကားဗလုံးဗထွေးပြောနေပါသလား (သို့) သင်ပြောသောစကားကို နားမလည် ဖြစ်နေပါသလား။

အထက်ပါလက္ခဏာ သုံး ခုစလုံး (သို့) တစ်ခုခုကို တွေ့သည်နှင့် အလျင်အမြန်ဆေးကုသမှုခံယူရန် အနီးဆုံး ဆေးရုံ(သို့) ကျွမ်းကျင်သော ဆရာဝန်၊ သူနာပြု၊ အကြောအဆစ် သန်စွမ်းရေး ကျွမ်းကျင်သူများရှိသော လေဖြတ်ရောဂါ အထူးကုဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူသင့်ပါသည်။

**လေဖြတ်ရောဂါသည် ကုသ၍ရသော ရောဂါဖြစ်ပါသည်။ ကာကွယ်၍ရသော ရောဂါလည်း ဖြစ်ပါသည်။ လေဖြတ်ရောဂါကို ဖြစ်ပွားစေသော သွေးတိုး၊ ဆီးချို၊ သွေးတွင်းအဆီဓာတ်များခြင်းစသည့် အခြေခံအကြောင်းအရင်းများကိုရှာဖွေ၍ ကုသခြင်းအားဖြင့် လေဖြတ်ရောဂါ ဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်ပါသည် . . .**

လေဖြတ်ရောဂါသည် ဆေးပညာဆိုင်ရာ အရေးပေါ်အခြေအနေ တစ်ရပ် (Medical Emergency) ဖြစ်ပါသည်။ ထို့ကြောင့် အချိန်မီကုသမှုမရရှိသည်နှင့်အမျှ ဦးနှောက်၏ လုပ်ဆောင်ချက်၊ လုပ်ငန်းဆောင်တာများ ဆုံးရှုံးမည် ဖြစ်ပါသည်။

**ရောဂါရှာဖွေစမ်းသပ် စစ်ဆေးခြင်း**

ဆေးရုံသို့ ရောက်လာသော လူနာများကို ရောဂါ ရာဇဝင် မေးမြန်းခြင်း၊ စမ်းသပ်မှုများပြုလုပ်ခြင်း၊ သွေးစစ်ဆေးခြင်းနှင့် ကွန်ပျူတာဓာတ်မှန် (CT Scan)ဖြင့် ဦးနှောက်ကို စမ်းသပ်ပြုလုပ်၍ သွေးကြောပိတ်ခြင်းနှင့် သွေးကြောပေါက်ခြင်းကို ခွဲခြားရပါသည်။

**ဦးနှောက်သွေးကြောပေါက်ခြင်း**

ကွန်ပျူတာဓာတ်မှန် (CT Scan) စမ်းသပ်ချက်အရ ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းဖြစ်ပါက ဦးနှောက်သွေးကြောပေါက်သည့် သွေးပမာဏ အနည်းအများနှင့် လူနာ၏ရောဂါလက္ခဏာ အခြေအနေပေါ် မူတည်၍ လိုအပ်ပါက ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဆရာဝန်များမှ ခွဲစိတ်မှု ပြုရပါသည်။

**ဦးနှောက်သွေးကြောပိတ်ခြင်း**

ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်သော လူနာဖြစ်ပါက လေဖြတ်ရောဂါလက္ခဏာများ စတင်ဖြစ်ပေါ်သည့် အချိန်မှ ၃ နာရီအတွင်း ဆေးရုံသို့ရောက်ရှိ လာလျှင် သွေးခဲပျော်ဆေး RTPA (Recombinant Tissue Plasminogen Activator) ဖြင့် ကုသမှုပေးရန် စာရင်းတွင် ထည့်သွင်းပြီး ယင်းဆေးပေးသင့်သော သတ်မှတ်ချက်များနှင့် ကိုက်ညီသင့်လျော်ခြင်း ရှိ၊ မရှိကို လေဖြတ်ရောဂါလက္ခဏာ များ၏ အတိမ်အနက် ဆန်းစစ်ခြင်း အမှတ်ပေးစနစ် NIHSS (National Institute of Health Stroke Scale) ကို သုံး၍ စမ်းသပ်ရပါသည်။

အကယ်၍ လူနာသည် သွေးကြောပိတ်၍ လေဖြတ်ခြင်း ဖြစ်သော်လည်း တစ်ကြိမ်လေဖြတ်ဖူးခြင်း၊ ဦးနှောက်သွေးကြော တစ်ကြိမ်ပေါက်ဖူးခြင်း၊ လွန်ခဲ့သော ၃ လက နှလုံးသွေးကြောပိတ်ရောဂါ ဖြစ်ဖူးခြင်း၊ ဦးနှောက်ထိခိုက် ဒဏ်ရာရဖူးခြင်း၊ ခွဲစိတ်ကုသမှု အကြီးစား ပြုလုပ်ထားဖူးခြင်းတို့အပြင် အစာအိမ် သွေးယိုစိမ့်ဖူးခြင်း၊ ခန္ဓာကိုယ်မှ သွေးယိုစိမ့်ဖူးခြင်း၊ အသက် (၈၀) ကျော်နေခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးဖြစ်ခြင်းစသည့်အကြောင်းများရှိပါက သွေးခဲပျော်ဆေးသွင်း၍ ကုသမရနိုင်ပါ။

**သွေးခဲပျော်ဆေးဖြင့် ကုသခြင်း၏ ကောင်းကျိုးများ**

နိုင်ငံတကာမှ သုတေသနပြုချက်များအရ လေဖြတ်သည့် ရောဂါလက္ခဏာ စတင်ဖြစ်ပေါ်သည့် အချိန်နှင့် ဆေးရုံသို့ရောက်ရှိပြီး ဆေးသွင်းကုသမှုပေးသည်အထိ ကြာမြင့်ချိန်နည်းလေလေ သက်သာပျောက်ကင်းသည့် လူနာများလေလေ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဆေးသွင်းကုသသည့် လူနာများ၏ (၃၀) ရာခိုင်နှုန်း မှာ ဆေးသွင်း ကုသပြီး ၃ လအကြာတွင် ကုသမှု မခံယူခဲ့ရသူများနှင့် နှိုင်းယှဉ်ပါက ကိုယ်တစ်ခြမ်း မသန်စွမ်းခြင်းသည် အချို့လူနာများတွင် လုံးဝမကျန်တော့ဘဲ အချို့လူနာများတွင် အနည်းငယ်သာ ကျန်တော့ကြောင်း တွေ့ရှိရပါသည်။

**သွေးခဲပျော်ဆေး၏ ဘေးထွက်ဆိုးကျိုးများ**

ဆေးသွင်းနေစဉ် သွေးပေါင်ချိန် အလွန်အမင်းကျသွားခြင်း၊ ဓာတ်မတည့်ခြင်းနှင့် အဓိကမှာ သွေးယိုစိမ့်ခြင်းဖြစ်ပြီး ဆေးသွင်းကုသမှု ခံယူထားသော လေဖြတ်ရောဂါလူနာများတွင် လက္ခဏာမပြသော သွေးယိုစိမ့်မှုမှာ (၁၉) ရာခိုင်နှုန်းရှိပြီး အသက်အန္တရာယ်ရှိသော သွေးယိုစိမ့်မှုမှာ ၀ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိထားပါသည်။ ထို့အပြင် အချိန် (၄)နာရီခွဲကျော်မှ သွေးခဲပျော်ဆေးသွင်းလျှင် ဆေး၏ဘေးထွက်ဆိုးကျိုးဖြစ်သည့် ခန္ဓာကိုယ် သွေးယိုစိမ့်မှုများ ပိုမိုတွေ့ရှိကြောင်း သုတေသနပြုချက်များကို လေ့လာတွေ့ရှိရပါသည်။

ယခုလက်ရှိအချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ လေဖြတ်ရောဂါ အထူးကုသဆောင်တွင် အဆိုပါ RTAP ဆေးဖြင့် ဦးနှောက်သွေးကြောပိတ် လူနာများအားဆေးသွင်း ကုသပေးမှုကို အစိုးရရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီ မှ ညနေ ၄ နာရီအထိ ဝန်ဆောင်မှုပေးနေပြီဖြစ်ပါသည်။ သက်ဆိုင်ရာ ဌာနအသီးသီးမှလည်း ကျွမ်းကျင်သော ဆရာဝန် နှင့် ကျန်းမာရေးဝန်ထမ်းများကို ထပ်မံ လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ယခုထက် အချိန်ပိုမို တိုးချဲ့၍ ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကပိုင်ဆေးရုံများတွင် လေဖြတ်ရောဂါ အထူးကုသဆောင် (Stroke Unit)များ ဖွင့်လှစ်နိုင်ရေးနှင့် RTAP ဆေးဝါးဖြင့် သွေးခဲဖျော်ခြင်း (Thrombolysis) ကုသမှုကို ပေးနိုင်ရေးတို့အတွက် အထောက်အကူအဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးထားရာ ထိုလုပ်ငန်းတာဝန်များကို ဦးနှောက်နှင့်အာရုံကြော ဆေးပညာရှင်များ၊ ဓာတ်မှန်၊ ရောဂါဗေဒ၊ ပြန်လည်သန်စွမ်းရေး နှင့် အရေးပေါ် အသက်ကယ်ကုသမှု ဌာနများမှ ကျွမ်းကျင်ပညာရှင်များနှင့် ကုသရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြပါသည်။




လေဖြတ်ရောဂါသည် ကုသ၍ရသော ရောဂါဖြစ်ပါသည်။ ကာကွယ်၍ ရသော ရောဂါလည်း ဖြစ်ပါသည်။ လေဖြတ်ရောဂါကို ဖြစ်ပွားစေသော သွေးတိုး၊ ဆီးချို၊ သွေး တွင်းအဆီဓာတ်များခြင်းစသည့် အခြေခံအကြောင်းအရင်းများကို ရှာဖွေ၍ ကုသခြင်းအားဖြင့် လေဖြတ်ရောဂါဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်ပါသည်။ လေမဖြတ်အောင် ကြိုတင်၍ ထိုးရသောဆေးများမရှိကြောင်း သိစေလိုပါသည်။

လေဖြတ်ရောဂါ လက္ခဏာများကို ဆောလျင်စွာ သိရှိပြီး တတ်ကျွမ်းနားလည်သော ဆေးပညာရှင်များနှင့် ပြသ၍ သတ်မှတ်ထားသော ကုထုံးများဖြင့် အချိန်မီ အရေးပေါ် ဆေးကုသမှု ခံယူပြီး လေဖြတ်ရောဂါ အထူးကုဌာနများတွင် စနစ်တကျ ဆေးကုသမှုခံယူပါက လေဖြတ်ရောဂါလူနာများသည် ပြန်လည်ကျန်းမာ သန်စွမ်းလာနိုင်ပါသည်။

ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးအဖွဲ့ကြီးမှ ထုတ်ပြန်ချက်များအရ ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူဦးရေ (၁၇) သန်းခန့်မှာ လေဖြတ်ရောဂါ ခံစားရပြီး ၎င်းတို့အနက်မှ လူဦးရေ ၆ ဒသမ ၅ သန်းခန့်မှာ နှစ်စဉ် အသက်ဆုံးရှုံးလျက် ရှိနေပါသည်။ လူ ခြောက်ဦးလျှင် တစ်ဦးသည် ၎င်း၏ ဘဝတစ်လျှောက်၌ တစ်ချိန်ချိန်တွင် လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေရှိနေပြီး အချိန် (၆) စက္ကန့်တိုင်းတွင် ကမ္ဘာပေါ်၌ လေဖြတ်ရောဂါကြောင့် သေဆုံးသူ တစ်ဦးရှိနေပါသည်။

ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးအဖွဲ့အနေဖြင့် လေဖြတ်ရောဂါကို ပြည်သူများ သတိပြုနိုင်စေရန်၊ ကာကွယ်စေနိုင်ရန်၊ အချိန်မီ ထိရောက်သော ကုသမှုခံယူနိုင်စေရန်အတွက် အောက်တိုဘာလ ၂၉ ရက်နေ့ကို “ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့”အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင်လည်း အဆိုပါ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှ စတင်ကာ “ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့” အထိမ်းအမှတ် အခမ်းအနား ပထမအကြိမ်ကို ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်၌လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ဒုတိယအကြိမ်ကို နေပြည်တော် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၌လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် တတိယအကြိမ်ကို မန္တလေးမြို့၌လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် စတုတ္ထအကြိမ်ကို ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်၌လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ပဥ္စမအကြိမ်ကို ရန်ကုန်မြို့ သူနာပြု တက္ကသိုလ်၌လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ဆဋ္ဌမအကြိမ်အဖြစ် ရန်ကုန်မြို့ ဇီဝကခန်းမ ဆေးတက္ကသိုလ်(၁)၌ ထပ်မံကျင်းပနိုင်ခဲ့ပါသည်။

ကာကွယ်ကုသ၍ရသော လေဖြတ်ရောဂါအကြောင်းကို ပြည်သူလူထု အသိပညာ တိုးပွားစေရန် ရည်ရွယ်၍ ယခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျရောက်သော “ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့” အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့တွင် အောက်ပါ ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

(၁) လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌လေဖြတ်ရောဂါဖြစ်ပွားနှုန်းမြင့်တက်လာလျက်ရှိကြောင်း ကျန်းမာရေး ဝန်ထမ်းများ သာမက ပြည်သူလူထုကလည်း သတိပြုမိလာကြစေရန်။

(၂) မတူညီကွဲပြားသော လေဖြတ်ရောဂါအမျိုးအစားများရှိနေပြီး ဖြစ်ပွားသော လေဖြတ်ရောဂါ အမျိုးအစားပေါ်မူတည်၍ ကုသမှု၊ ပြန်လည်သန်စွမ်းအောင် လေ့ကျင့်ပေးမှုများမှာလည်း ခြားနားကြောင်း သိရှိလာစေရန်။

(၃) လေဖြတ်ရောဂါ၏ ဝေဒနာခံစားရသူအပေါ် အကျိုးသက်ရောက်မှုများ၊ ဝေဒနာရှင်၏မိသားစုအပေါ် အကျိုးသက်ရောက်မှုများ၊ အထူးသဖြင့် လေဖြတ်ရောဂါဝေဒနာရှင်အား သင့်လျော်သော ရေရှည်ပြုစုစောင့်ရှောက်နည်းများကို ၎င်းအား ပြုစုကုသပေးသူများ ပိုမိုသတိပြုလာနိုင်စေရန်။

(၄) လေဖြတ်ရောဂါနှင့် ယင်း၏နောက်ဆက်တွဲဆိုးကျိုးများ ကာကွယ်ရေးနှင့်ကုသရေးအတွက် တစ်မျိုးသားလုံးနှင့် ဒေသအလိုက် အရေးယူဆောင်ရွက်ချက်များတွင် အထောက်အကူပြုမည့် စာရွက်စာတမ်းနှင့် နည်းပညာများ ဖြန့်ဖြူးပေးရန်တို့ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုလျှင် နာတာရှည်မသန်မစွမ်းဖြစ်ကျန်ရစ်စေမည့် လေဖြတ်ရောဂါကို ဖြစ်ပွားစေသော အခြေခံအကြောင်းတရားများကို ရှာဖွေကုသခြင်းဖြင့် လေဖြတ်ရောဂါကို ကာကွယ်နိုင်ပြီး ဖြစ်ပွားလာလျှင်လည်း တိကျမြန်ဆန်စွာ စနစ်တကျ ကုသမှုခံယူခြင်းဖြင့် ကျွန်ုပ်တို့သည် မသန်စွမ်းခြင်းဒုက္ခမှ ကင်းဝေးပြီး ကျန်းမာခြင်းသုခနှင့် ပြည့်စုံနိုင်ကြမည်ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျရောက်မည့် “ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့”ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြောင်း တင်ပြအပ်ပါသည်။

✻ ကျောဖုံးမှ

အတွက် အလည်အပတ် (PV) (Passport for Visit) များကို ကြိုတင်ပြုလုပ်၍ နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားပြီး ကုန်ကျငွေများ ပိုမိုတောင်းခံနေမှုကြောင့် မလိုလားအပ်သည့်ပြဿနာများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အလည်အပတ် (PV) (Passport for Visit) ဖြင့် သွားရောက်ရာတွင် ပြည်ပနိုင်ငံများရှိ လေဆိပ်များ၌ ထိန်းသိမ်းခံရခြင်း၊ အရေးယူခံရခြင်းများရှိနေပြီး အလုပ် (PJ) (Passport for Job) ဖြင့် ပြည်ပသို့ တရားဝင်သွားရောက်ခြင်းမရှိသဖြင့် ပြည်ပနိုင်ငံများတွင် ဒုက္ခရောက်ရသကဲ့သို့ မလိုလားအပ်သည့် ပြဿနာများဖြစ်ပေါ်နေခြင်းကြောင့် လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တရားဝင်အလုပ်သမားအသစ်စေလွှတ်မှုများအား အလုပ် (PJ) (Passport for Job) များဖြင့်သာ ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင်အလုပ်ခေါ်စာ(Demand Letter) ရရှိထားပြီး နှစ်နိုင်ငံအလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များကြောင့် သတ်မှတ်ချိန်အတွင်း စေလွှတ်နိုင်မှုမရှိသူများအား ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်အထိ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြားများပြုလုပ်၍ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းစဉ်တွင် ထိုင်းနိုင်ငံ၌ နိုင်ငံတော်အစီအစဉ်ဖြင့် အထောက်အထားထုတ်ပေးထားသည့် ယာယီနိုင်ငံကူးလက်မှတ်၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) ကိုင်ဆောင်ထားသော အလုပ်သမားများ၊ ပြည်ပနိုင်ငံသို့ ယခင်ကတည်းက ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ပြန်လာကြောင်းခိုင်မာသည့် အထောက်အထားပြနိုင်သည့် အလုပ်သမားများ အကျုံးဝင်မှုမရှိကြောင်း သိရသည်။

အသေးစိတ်သိရှိလိုသည့် အချက်များနှင့် အခက်အခဲရှိပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၊ ဖုန်းအမှတ်-၀၆၇-၄၃၀၁၈၆၊ ၄၃၀၁၈၃၊ E-mail – dolmigration@gmail.com သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**




# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်( ရန်ကုန်) တိုင်းရင်းသားလူငယ် ၂၃၆ ဦးအား ဘွဲ့ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၆**

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါကောလိပ်ဘွဲ့နှင်းသဘင်ဆောင်၌ ကျင်းပသည်။

(၁၃) ကြိမ်မြောက် ဘွဲ့နှင်းအခမ်းအနား၌ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်းက မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်မှ ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်က ဘွဲ့ရကျောင်းသားများအား ဘွဲ့များအသီးသီးပေးအပ်ရန် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ထံသို့ ပိုဆောင်ပေးခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်နှင့် သင်တန်းရေးရာဌာနမှူး ဒေါက်တာ လုဆွေ၊ စီမံခန့်ခွဲရေးအဖွဲ့၊ ပညာရေးအဖွဲ့တို့က ဝိဇ္ဇာဘွဲ့ရကျောင်းသား ၃၈ ဦးနှင့် သိပ္ပံဘွဲ့ရကျောင်းသား ၁၉၈ ဦး စုစုပေါင်း ၂၃၆ ဦးတို့အား ဘွဲ့များအပ်နှင်းခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်မှ ကျောင်းအုပ်ကြီးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ ပညာရေးအဖွဲ့တို့မှ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဘွဲ့ရကျောင်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်ကို ၂၀၀၅ ခုနှစ် ဇူလိုင် ၅ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၏ ဘွဲ့နှင်းအခမ်းအနားသို့တက်ရောက်၍ ဘွဲ့များရယူခဲ့သည့် ဘွဲ့ရကျောင်းသားအချို့နှင့် မိဘများ၏ ခံစားချက်များကို တွေ့ဆုံမေးမြန်းခဲ့သည်။


ဦးစိုးဝင်းလွင် (အင်းသား)


မောင်အောင်ရှိန်းအောင်


ဦးမြင့်ဦး (တောင်သူ)

**ဦးစိုးဝင်းလွင် (အင်းသား)**
**အင်းလေး၊ နန့်ပန်ရွာ**

သားက သိပ္ပံဘွဲ့ရတယ်။ နာမည်ကကောင်းဝေယံထက်ပါ။ အင်းလေးပရဟိတကျောင်းအုပ်ဆရာ ဆရာဦးသက်ထွန်းက နေအကြံဉာဏ်ပေးပြီး စီစဉ်ပေးတာ။ အလုပ်လည်း ကျောင်းပြီးတာနဲ့ အစိုးရက စီစဉ်ပေးမယ်။ ဘယ်မှာရမလဲတော့ မသိဘူး။ ဒီကျောင်းတက်ဖို့အတွက် နယ်စပ်ဒေသက ပြည်သူဖြစ်ရမယ်။ မြို့ပေါ်က ပိုက်ဆံရှိသူဆို ပြန်စိစစ်တယ်။ ဆင်းရဲတဲ့ လက်လုပ်လက်စားကို စိစစ်ပြီး ဦးစားပေးတဲ့သဘောပေ့ါ။ ကုန်ကျစရိတ်မရှိဘူး။ ကလေးအသုံးစရိတ်လောက်ပဲ။ ကျန်တာအားလုံးက အခမဲ့ပါ။ ကောင်းပါတယ်။ ကလေးရဲ့ အခြေခံပညာရေးလည်းကောင်းသွားတယ်။ ဒီကျောင်းကို ကျေးဇူးလည်းတင်ပါတယ်။ ဇာတိက အင်းလေး နန့်ပန်ရွာမှာ။ အလုပ်ကတော့ ညောင်ရွှေမှာ စက်လှေမောင်းတာ။

မငြိမ်းချမ်းတဲ့ ဒေသတွေအတွက်လည်း ကိုယ်ချင်းစာမိတယ်။ ကိုယ်တွေကျတော့ ငြိမ်းငြိမ်းချမ်းချမ်းမိသားစုစုံစုံညီညီနဲ့ ကျောင်းဆိုလည်း အေးအေးချမ်းချမ်းတက်ရတယ်။ နယ်မြေတိုင်းမှာ အေးချမ်းစေချင်တယ်။ အမုန်းတရားတွေလည်း ရင်ထဲက ပပျောက်စေချင်တယ်။ ပညာရေးလည်းကောင်းကောင်း သင်စေချင်တယ်။ နိုင်ငံသားချင်းအတူတူ တန်းတူအခွင့်အရေး ရစေချင်တယ်။ အားလုံးကို ငြိမ်းချမ်းစေချင်တဲ့ဆန္ဒရှိတယ်။ အခုလက်ရှိ လူတွေက မငြိမ်းချမ်းမှုကို စခဲ့တာမဟုတ်ဘူး။ လူတစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီရဲ့အတွေးအခေါ်ကစခဲ့တာပါ။ ဒါပေမယ့် ခံစားနေရတာက လက်ရှိလူငယ်တွေနဲ့ ပြည်သူတွေဟာ ခံစားနေရတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းက အေးချမ်းတယ်။ ခရီးသွားလုပ်ငန်းလည်းဖွံ့ဖြိုးတယ်။ အလုပ်အကိုင်လည်း အရှားကြီးမဟုတ်ဘူး။

**မောင်အောင်ရှိန်းအောင်**
**(သိပ္ပံဘွဲ့ရကျောင်းသား)**
**ချင်းပြည်နယ် မင်းတပ်မြို့**

အလယ်တန်း ကျောင်းသားဘဝကတည်းက လူငယ်သင်တန်းကျောင်းမှာ နေရတယ်။ လူငယ်သင်တန်းကျောင်းက ၁၀ တန်းအောင်တော့ ဒီကိုရောက်ပါတယ်။ ကျွန်တော်ကျောင်းပြီးတာ သိပ္ပံနဲ့ပါ။ အလုပ်ကျတော့ ဌာနကခွဲပေးတဲ့နေရာမှာ တာဝန်ထမ်းဆောင်ရပါတယ်။ အလုပ်တန်းရတယ်။ ကျောင်းတက်တဲ့အချိန်မှာလည်း နေတာ၊ စားတာနဲ့ ကျောင်းဝတ်စုံကအစ ဒီကထုတ်ပေးပါတယ်။ ကိုယ်သုံးတဲ့စရိတ်အပြင် အဝတ်အစားအတွက်လောက်ပဲ အိမ်ကပေးတာ။ ဘယ်ဌာနမှာ တာဝန်ကျမလဲတော့ မသိဘူး။ ကျွန်တော်တို့ ချင်းပြည်နယ်အတွက် အဓိကလိုနေတာကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ ပညာရေးပါ။ အဲ့ဒီနှစ်ချက်က အရေးကြီးလိုအပ်ပါတယ်။ နယ်မြေ မအေးချမ်းတဲ့နေရာတွေလည်း အေးချမ်းစေချင်တယ်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ အားလုံးကောင်းစေချင်တယ်။

**ဦးမြင့်ဦး (တောင်သူ)**
**ဗန်းမောက်မြို့နယ်၊ သဲကုန်းကျေးရွာ**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် သဲကုန်းကျေးရွာကပါ။ ရှမ်းနီလူမျိုးပါ။ တောင်သူအလုပ်လုပ်တယ်။ ကျွန်တော်တို့က မဖွံ့ဖြိုးတဲ့ ဒေသကလာတယ်ဆိုတော့ သားကို မြေတောင်မြှောက်ပေးတဲ့သဘောပါ။ ကျွန်တော်တို့က နယ်စပ်ဒေသကဆိုတော့ သား ၁၀ တန်းအောင်တော့ ဝင်ခွင့်တွေအမျိုးမျိုးလျှောက်တယ်။ ဘာတွေလဲတော့ ကျွန်တော်မသိဘူး။ နောက်မှ သားက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကို တက်ခွင့်ရတယ်ဆိုတော့ ဝမ်းသာတာပေ့ါ။ အင်ဂျင်နီယာ (E.P)နဲ့ ဘွဲ့ရပါတယ်။ လေးနှစ်တက်ရတယ်။ ဘွဲ့ရပြီးတာနဲ့ အစိုးရအလုပ်တန်းရတယ်။ ကျွန်တော်တို့က တိုင်းရင်းသားလူမျိုးချင်းအတူတူဆိုတော့ ငြိမ်းချမ်းရေးကို လိုချင်တာပေ့ါ။ ကျွန်တော်တို့ဆီမှာ စစ်ဘေးရှောင်စခန်းတွေမရှိဘူးဆိုပေမယ့် ငြိမ်းချမ်းရေးရစေချင်တယ်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ရဲထွင်**

❄ ကျောဖုံးမှ

အဆိုပါ MACCS စနစ်သည် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာ၌ လူကိုယ်တိုင်အကောက်ခွန်ရုံးများသို့ သွားရောက်စရာမလိုဘဲ အွန်လိုင်းမှတစ်ဆင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည့်စနစ်ဖြစ်ကြောင်း၊ ယင်းစနစ်သည် ဂျပန်နိုင်ငံ၌ အောင်မြင်ခဲ့သည့် အကောက်ခွန်ရှင်းလင်းရေးစနစ်ဖြစ်ကြောင်း၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(ဂျိုက်ကာ)၏အကူအညီဖြင့် ယင်းစနစ်ကို မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစနစ်ကိုစတင်ဆောင်ရွက်ရန်စမ်းသပ်ကာလ (Running Test)ကို အောက်တိုဘာ ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်၍ Customs Broker များအနေဖြင့် ယင်းနေ့ည ၁၂ နာရီတွင် စမ်းသပ်လေ့ကျင့်မှုများ ရပ်တန့်ပေးကြရမည်ဖြစ်ကြောင်း၊ ယင်းနောက် နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီမှစ၍ နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီအထိ Manual မှ System သို့ ကူးပြောင်းကာလ (Transition Period )အဖြစ် သတ်မှတ်ကာ Registration လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်ကို လောလောဆယ် ရန်ကုန်မြို့ဆိပ်ကမ်းများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် အခြားသော နယ်စပ်ဂိတ်တို့တွင်လည်း ဆောင်ရွက်သွားရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ယင်းစနစ်သည် ရုံးပိတ်ရက်မရှိ ၂၄ နာရီပတ်လုံး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုစနစ်များအပါအဝင် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

❑ ကျောဖုံးမှ

ထိုမှတစ်ဆင့် မြဝတီမြို့ ပြန်လည်ကြိုဆိုလက်ခံရေးနှင့် ယာယီတည်းခိုရေးစခန်း၌ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အမှတ်တရလက်ဆောင်များပေးအပ်ကာ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူးက လူဦးရေစာရင်းများ လက်ခံရယူသည်။

ယင်းနောက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးက ကြိုတင်ပြင်ဆင်ထားရှိမှု၊ ပံ့ပိုးဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြီး အားပေးစကား ပြောကြားသည်။

ယနေ့ လွှဲပြောင်းလက်ခံသည့် ရွှေ့ပြောင်းသွားလာသူများတွင် အမျိုးသား ၃၀၊ အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၆၅ ဦး၊ အိမ်ထောင်စု ၁၉ စုဖြစ်ကြောင်း သိရသည်။

၎င်းတို့အား ယာယီတည်းခိုနေထိုင်ရာအဆောင်များသို့ ပြောင်းရွှေ့နေရာချထားပေးပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် သုံးသိန်းနှင့် ပစ္စည်း ၁၈ မျိုးပါ Family Kit တစ်စုံစီ၊ နေရပ်ပြန်သူများအတွက် ခရီးစရိတ် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းခွဲ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ဖျာ၊ အိပ်ရာ၊ ပလတ်စတစ်ပုံး၊ ရေချိုးခွက်၊ ဆပ်ပြာခွက်၊ လူတစ်ဦးလျှင် အင်္ကျီသုံးထည်နှုန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်ခဲ့ပြီး ပြည်နယလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းများရရှိရေးအတွက် နေရပ်ဒေသအလိုက် စာရင်းကောက်ယူပြီး အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်ရန်အတွက် စစ်တမ်းကောက်ယူခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ ထားဝယ်မြို့တွင်လည်း ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းမှ မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်လိုသူ ခြောက်ဦးပါ အိမ်ထောင်စုတစ်စုအား အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ထီးခီး-ဖူနန်ဂိတ်တွင် ထိုင်းအစိုးရဘက်မှ ကချနာဘူရီခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တပ်မတော်ဆိုင်ရာ တာဝန်ရှိသူများက လွှဲပြောင်းခဲ့ပြီး မြန်မာနိုင်ငံဘက်မှ မြန်မာသံရုံးကိုယ်စားလှယ် ဦးဟောက်ခမ်ဆုန်၊ သံအရာရှိနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ World Vision တို့မှ ကိုယ်စားလှယ်များက လက်ခံခဲ့သည်။

ယနေ့ အခမ်းအနားသို့ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များဖြစ်သည့် UNHCR၊ IOM၊ UNICEF၊ Care တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် နေရပ်ခေတ္တစွန့်ခွာလာသူများ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာ

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-နေလင်း**

**စစ်တွေ အောက်တိုဘာ ၂၆**

နယ်မြေတည်ငြိမ် အေးချမ်းလာပြီ ဖြစ်သည့်အတွက် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောမြို့တို့ရှိ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသူအများစုသည် ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသူဦးရေများလာကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ယနေ့နံနက် ၇ နာရီခွဲက စစ်တွေမြို့ ဧည့်ဝတီအားကစားကွင်း၌ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တ စွန့်ခွာလာသူများ ယာယီထားရှိရာ ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၃၆ စုမှ လူဦးရေ ၁၁၀ သည် စစ်တွေမြို့သင်္ဘောဆိပ်မှ ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်သွားရောက်နေပြီဖြစ်သည်။

“ဒီနေ့ ပြန်တာက မောင်တောတောင်ပိုင်း မောရဝတီ၊ အောင်သာယာ၊ ကန်သာယာကျေးရွာတွေက ဒေသခံတွေပါ။ ဒီနေ့နဲ့ဆို သူတို့နေရပ်ပြန်တာ လေးသုတ်ရှိပါပြီ။ နေရပ်ပြန်တာ အားလုံးပေါင်း လူဦးရေ ၃၀၀ခန့် ရှိပါတယ်။ ပြည်နယ်အစိုးရအနေနဲ့လည်း ကျေးရွာတွေအထိ ကွင်းဆင်းကြည့်ပြီး နေရပ်ပြန်လည်ရောက်ရှိလာတဲ့ ဒေသခံတွေရဲ့ နေရေးစားရေး လိုအပ်ချက်တွေရှိရင်လည်း ဖြည့်ဆည်းပေးသွားပါမယ်” ဟု ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက ပြောကြားသည်။

စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများမှ နေရပ်ပြန်သူများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်း၊ ရေယာဉ်လက်မှတ်ခ၊ တစ်ပတ်စာရိက္ခာများ ထောက်ပံ့ပေးခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနက အိမ်အသုံးအဆောင်ပစ္စည်းများနှင့် နာရေးကူညီမှုအသင်း (စစ်တွေ)ကလည်း စစ်တွေမြို့ပေါ်ရှိ အလှူရှင်များထံမှ ကောက်ခံရရှိသည့်လှူဒါန်းငွေများဖြင့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသောင်း ထောက်ပံ့ပေးခဲ့သည်။ **(ယာပုံ)**



ကယ်ဆယ်ရေးစခန်းများရှိ နေရပ်ခေတ္တစွန့်ခွာသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အင်္ဂလန်မှရောက်ရှိနေသည့် ဆရာဝန်ကြီး ဦးစိုးလွင်က “စစ်တွေမြို့ ဧည့်ဝတီအားကစားကွင်းမှာရှိတဲ့သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ အခု ဘူးသီးတောင်နဲ့ မောင်တောမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေက ပြည်သူတွေကိုလည်း ဆက်လက်ပြီး ကုသပေးသွားပါမယ်။ အထူးသဖြင့် ဒီမှာရှိတဲ့သူတွေက အာဟာရချို့တဲ့တာတွေ့ရတယ်။ အာဟာရချို့တဲ့တာများရင်တော့ ကျန်တဲ့ရောဂါတွေ ဝင်လာနိုင်တယ်” ဟု ပြောကြားသည်။

အကြမ်းဖက်မှု ဖြစ်စဉ်ကြောင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောမြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်လာပြီး ယာယီကယ်ဆယ်ရေးစခန်းများ၌ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူဦးရေ ၃၀၀၀ ခန့်ရှိနေပြီး လက်ရှိအခြေအနေတွင် မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်သွားရောက်နေထိုင်သူဦးရေ များလာကြောင်း သိရသည်။

# မောင်တောအကြမ်းဖက်မှုစုံစမ်းရေးကော်မရှင်အဖွဲ့ မောင်တောသို့ရောက်ရှိ

**မောင်တော အောက်တိုဘာ ၂၆**

မောင်တောမြို့၌ အောက်တိုဘာ ၉ရက်က အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကဖွဲ့စည်းသော မောင်တောအကြမ်းဖက်မှု စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ မောင်တောမြို့သို့ အောက်တိုဘာ ၂၆ရက်တွင် ရောက်ရှိပြီး ခရိုင် /မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာသူ/သားများနှင့် အောင်မြေဗောဓိအလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နံနက် ၇ နာရီတွင် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ ရောက်ရှိနေသော နယ်မြေစွန့်ခွာပြည်သူများအား အားပေးစကားပြောကြားကာ အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက မောင်တောအကြမ်းဖက်မှုနှင့်ပတ်သက်၍ ဗဟိုအစိုးရအား ထပ်ဆင့်အကြံပေးရန်အတွက် လွှတ်တော်ထဲတွင်ကော်မရှင်တစ်ခုဖွဲ့စည်းရန် လိုအပ်ကြောင်း၊ အကြောင်းအရာများသေချာစေရန် ကော်မရှင်ကလည်း မြေပြင်ကွင်းဆင်းလေ့လာစုံစမ်းစိစစ်ရန် လိုအပ်ကြောင်း၊ မောင်တောဒေသ၌လည်း လုံခြုံရေးဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

မောင်တောအကြမ်းဖက်မှုစုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ဝင်း (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်) ကလည်း လတ်တလောအခြေအနေမှာ လုံခြုံသည့်အနေအထားတစ်ရပ် ပြန်လည်ရရှိရန်၊ နယ်မြေကာကွယ်ရေး၊ ဒေသတွင်းနေထိုင်သူများ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ကျေးရွာလုံခြုံရေးအခြေအနေများ၊ မောင်တောဒေသရှိ တိုင်းရင်းသားကျေးရွာများအခြေအနေ၊ တရားဥပဒေစိုးမိုးရေးအခြေအနေ အရေးကြီးကြောင်း၊ အကြမ်းဖက်မှုစုံစမ်းဖော်ထုတ်ရာတွင်လည်း ပြည်သူလူထုက အမှန်တရားဘက်မှ ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# အကြမ်းဖက်မှုများ ကြိုတင်ကာကွယ်ရေး စွမ်းရည်မြှင့်တင်ရေးသင်တန်းအတွက် သင်ရိုးညွှန်းတမ်းအတည်ပြုခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံစီမံကိန်း(၂၀၁၄-၂၀၁၇)၏ စီမံကိန်း(၁) မှ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အစီအစဉ်များအကောင်အထည်ဖော်ရေး (Action Plan) ၏ လေ့ကျင့်ရေးဆိုင်ရာသင်ရိုးညွှန်းတမ်းအတည်ပြုခြင်း တတိယအကြိမ် အစည်းအဝေးဖွင့်ပွဲကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ အောက်တိုဘာ ၂၄ ရက် နံနက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ ဌာနအကြီးအမှူး ရဲမှူးချုပ် မြင့်ထူးနှင့် UNODC မှ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးအရာရှိ ဦးစိုးမြိုင်တို့က အမှာစကားပြောကြားကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့်နည်းပြများအား သင်ကြားပို့ချပေးမည့်လေ့ကျင့်ရေးသင်ရိုးစာစောင်ဘာသာရပ်ငါးမျိုးဖြစ်သည့် အကြမ်းဖက်မှုနှင့် ဆက်စပ်အကြောင်းအရာများကို မိတ်ဆက်ခြင်း၊ ထောက်လှမ်းရေးလုပ်ငန်း၊ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း၊ တရားစွဲဆိုခြင်းလုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို UNODC ၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအရာရှိ Mr.Joseph Gyte က တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ UNODC မှ လေ့ကျင့်ရေးသင်ရိုးစာစောင်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အစည်းအဝေးသို့ UNODC မှ ကိုယ်စားလှယ် ငါးဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# မောင်တောဒေသ၌ တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်း ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်က မသင်္ကာသူ ခြောက်ဦးဖမ်းဆီးခဲ့မှုနှင့် ၎င်းအနက်မှ တစ်ဦးမှာ အောက်တိုဘာ ၁၇ ရက်က ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့မှုဖြစ်စဉ်၌ လူမှုကွန်ရက်စာမျက်နှာတွင် ကောလာဟလသတင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ စိစစ်ချက်များအရ အောက်တိုဘာ ၁၄ ရက်က တပ်မတော်စစ်ကြောင်းသည် မောင်တောမြို့နယ် ရီဒါးကျေးရွာအား ရှင်းလင်းစဉ် မသင်္ကာသူ ခေါ်ရီမူလာ(၆၀ နှစ်) (ဘ) အဘူဟာရှိန်း ရီဒါးကျေးရွာနေသူအပါအဝင် သားသုံးဦးနှင့် ၎င်း၏ညီဖြစ်သူ နှစ်ဦး စုစုပေါင်း ခြောက်ဦးကို ဖမ်းဆီးရမိသဖြင့် ကြိမ်ချောင်း နယ်မြေရဲစခန်း၌ ချုပ်နှောင်ထားခဲ့ကြောင်း၊ ဖမ်းဆီးရမိ မသင်္ကာသူ တရားခံများအနက်မှ ခေါ်ရီမူလာကို တပ်မတော်မှ တာဝန်ရှိသူများက အောက်တိုဘာ ၁၆ ရက် ညပိုင်းက ရဲစခန်းအချုပ်မှထုတ်၍ စစ်မေးခဲ့ပြီး အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရဲစခန်းအချုပ်သို့ ပြန်လည်ပို့ဆောင်စဉ် ၎င်းသည် တပ်ဖွဲ့ဝင်တစ်ဦးထံမှ သေနတ်လုယူခဲ့သဖြင့် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းခဲ့ရာ သတိလစ်မေ့မြောသွားခဲ့ကြောင်း၊ ၎င်းကို မောင်တောဆေးရုံသို့ ယာဉ်ဖြင့် ပို့ဆောင်စဉ် လောင်းဒုံရွာအနီးသို့ အောက်တိုဘာ ၁၇ ရက် နံနက် ၅ နာရီခွဲခန့် ရောက်ရှိချိန်တွင် သေဆုံးခဲ့သဖြင့် ဆေးရုံသို့ ဆက်လက် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မသင်္ကာတရားခံဖြစ်သူ ခေါ်ရီမူလာသေဆုံးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေမှုသေခင်းဖွင့်လှစ်ပြီး ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ မိုးသက်လေပြင်းကျရောက်မည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “ကြံ့” (KYANT) သည် အနောက်-အနောက်တောင်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက်မိုင် ၄၂၀ ခန့်၊ ဂွမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၄၁၅ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၃၉၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၂၆၀ ခန့်နှင့်မာချီလီပတ္တနမ်မြို့၏ အရှေ့-အရှေ့မြောက်ဘက် မိုင် ၃၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည်အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားခြင်းမရှိသဖြင့် ဆိုင်ကလုန်းမုန်တိုင်း၏လက်ရှိအခြေအနေကို အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၁၆ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၇ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာတစ်နာရီလျှင် မိုင် ၅၀ ခန့် ဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဘဘရဲ့မှာတမ်းလေးခြွေခဲ့ရရင် (၃)

## ဘဘထွန်း

**ပြည်သူပြည်သားအပေါင်းတို့ စိတ်ရွှင်လန်းလို့ ကျန်းမာချမ်းသာကြပါစေဗျာ။**

ခုဆောင်းပါးက အခြေခံလူတန်းစားတွေအတွက် ရေးတာပါ။ **လယ်သမား၊ အလုပ်သမား၊ အမှုထမ်း**တွေကအစ အိမ်အကူတွေအဆုံး ဥပဒေတွေနဲ့ယှဉ်ပြီးကြည့်ကြရအောင်ပါ။ အားလုံးဥပဒေကိုတိတိကျကျလိုက်နာခြင်းဆိုတဲ့ Law Enforcement ဖြစ်စေချင်လို့ပါ။

နိုင်ငံရဲ့အများစုလူဦးရေဖြစ်တဲ့ အခြေခံလူတန်းစားတွေဘဝဟာလွတ်လပ်ရေးရပြီးချိန်ကစလို့ ခုချိန်ထိသိသိသာသာတိုးတက်မလာပါဘူး။ (လက်ကိုင်ဖုန်းတွေကိုင်တာကလွဲလို့ပေါ့)။ ဘဘတို့ မွေးကင်းစကနေခုလို မီးစာကုန်အရွယ်အထိအစိုးရအဆက်ဆက် ကြိုးပမ်းတာတွေ့ရပါတယ်။ စနစ်မမှန်သေးလို့ထင်တယ်။ အဆင့်မြင့်မလာပါဘူး။ ဘာကြောင့်လဲ။ မစည်းလုံးတာ၊ မညီညွတ်တာ၊ မပြည့်ဝတာ၊ စနစ်မကျသေးတာတွေအပြင် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အတ္တ၊ လောဘ၊ မာန၊ အာဃာတတွေကြောင့်လည်းပါမှာပေ့ါ။ သုံးသပ်ကြည့်ကြရအောင်။ အမျိုးသားပြန်လည် သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးက အရေးကြီးလို့ နောင်မှပဲ သီးခြားရေးပါ့မယ်။ ခုရေးချင်တာက အခြေခံလူတန်းစားတွေရဲ့ဘဝတွေ။

လယ်စိုက်တော့မယ်ဆိုရင် လယ်သမားကငွေလိုပြီ။ အစိုးရအဆက်ဆက်တတ်နိုင်သမျှချေးပေးပါတယ်။ ၁၀ ဧက အထက်ချေးခွင့်မရှိလို့၊ ၁၀ ဧက ကျော်တဲ့သူတွေကလယ်ကို ခွဲခြမ်းစိတ်ဖြာဖို့ ရွာအကြီးအကဲကစလို့ မြေစာရင်းဝန်ထမ်း၊ ဘဏ်ဝန်ထမ်းတို့ဆီမှာ မလွှဲမသွေချဉ်းကပ်ရပါပြီ။ လေနဲ့ချဉ်းကပ်လို့တော့ ဘယ်ရမလဲ။ ကောင်းပြီ၊ စိုက်ဘဏ်က စိုက်စရိတ်ချေးငွေရပြီဆိုပါတော့။ လုပ်လို့ရပလား။ ဘယ်ရမလဲ။ ငွေ မလောက်လို့လေ။ ဒီတော့ ငွေရှင်တွေဆီကို ချဉ်းကပ်ရပြန်တယ်။ မတန်တဆအတိုးကို တစ်ခါတည်းပေးခဲ့ရတယ်။ ဟုတ်တယ်လေ။ အတိုးမပေးဘဲငွေချေးလို့ဘယ်ရမလဲ။ ဒီချေးငွေတွေပြန်ဆပ်ဖို့ဆိုတာအမြဲပူနေရပြန်ပြီ။ စပါးကအောင်မှလေ။ ရှုံးရင်ဘယ့်နှယ့်လုပ်မလဲ။ သဘာဝဘေးဒဏ်၊ အဖျက်ပိုးဒဏ်၊ ရန်သူမျိုးငါးပါးဒဏ်စသည်ဖြင့် ဘယ်ကင်းပါ့မလဲ။ ခတ်မြေသြဇာအတုနဲ့ မိရင်လည်းသွားပေရော့။ အစိုးရချေးငွေကိုပြန်မဆပ်နိုင်ရင်လည်း ထောင်ဒဏ်လေ။

ခုဘဘပြောနေတာကတစ်နိုင်ငံလုံးမှာရှိတဲ့ လယ်သမားထုတစ်ရပ်လုံးရဲ့ဘဝကိုပြောနေတာ။ အများစုအတွက်ပေ့ါ။ သူများနိုင်ငံတွေမှာလို သူတို့အတွက် မြေဆီစစ်ဆေးပေးရမယ်။ ဘယ်မြေနဲ့ဘယ်ခတ်မြေသြဇာကိုက်လည်းပေ့ါ။ ခတ်မြေသြဇာအစစ်ဖြစ်တဲ့ အကြောင်းအာမခံပေးရမယ်။ ခုရောင်းပေးတဲ့ သွင်းအားစုကုမ္ပဏီတွေအပေါ် ယုံကြည်မှုမရှိကြဘူး။ အရည်အသွေးမီပျိုးပင်ကစလို့ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ကောင်းတွေဖြည့်ဆည်းပေးရမယ်။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးအစားအစာ၊ ဆေးဝါးသုံးနိုင်ဖို့ကူညီရမယ်။ လယ်ကိုရောင်း၊ ပေါင်၊ ငှား၊ လဲပေးနိုင်အောင်ကူညီရမယ်။ ပုံစံ (၇) ထုတ်မပေးနိုင်ဘဲတန်းလန်းဖြစ်နေတာတွေအမြန်စီစဉ်ပေးရမယ်။ ဘဏ်တွေကငွေချေးပေးနိုင်အောင် စီမံပေးရမယ်။ သဘာဝဘေးကြောင့် ဆုံးရှုံးမှုရှိရင် လုံလောက်တဲ့ပံ့ပိုးမှုပေးရမယ်။ အရေးကြီးဆုံးဖြစ်တဲ့ လယ်ယာထုတ်ကုန်တွေစျေးနှုန်း၊ စျေးကွက်ရအောင် ဆောင်ရွက်ပေးရမယ်။ ရေမပြတ်စေရဘူး။ အခုနောက်ဆုံးနည်းဥပဒေဖြစ်တဲ့ **၂၀၁၅ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနဲ့အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ**မှာ အဲ့ဒါတွေပါပြီးသားပါ။ သက်ဆိုင်သူတွေ ထိထိရောက်ရောက်မလုပ်နိုင်တာတွေ့လိမ့်မယ်။ သွားမေးကြည့်၊ အခက်အခဲတွေပြောလိမ့်မယ်။ ဒါကြီးကိုကမကောင်းတာ။ ဒါကြီးဆိုတာကဆင်ခြေကိုပြောတာ။ ဘတ်ဂျက်မလောက်လို့ဆိုပြီးပံ့ပိုးမှုအားနည်းတာကိုပြောတာ။ ဥပဒေကိုတိကျစွာလိုက်နာ ခြင်း Law Enforcement မဖြစ်တာကိုပြောတာ။ လယ်အသိမ်းခံလယ်သမားတွေဘဝကပိုဆိုးတာပေ့ါ။

အလားတူအလုပ်သမားတွေဘဝပြန်ကြည့်။ အလုပ်ရှင်အလုပ်သမားဖြေရှင်းကြရတဲ့ ပြဿနာတွေမှာမရှင်းနိုင်တာတွေရှိနေတယ်။ လုပ်ခလစာတွေနဲ့ အများဆုံးပတ်သက်တယ်။ အစိုးရအဆက်ဆက်မလုပ်လို့မဟုတ်ဘူး။ လုပ်ကြပါတယ်။ ရှင်းနိုင်တာတွေရှိပါတယ်။ ဒါပေမယ့် မရှင်းနိုင်တာတွေကိုဘယ်လိုလုပ်မှာလဲ။ တန်းလန်းကြီးထားခဲ့လို့ အဲ့ဒီအလုပ်သမားတွေစားဝတ်နေရေးဘယ်သူ့ကိုအားကိုးရမှာလဲ။ အထူးသဖြင့် **အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ**ကိုတိတိကျကျ လိုက်နာရမှာမဟုတ်ဘူးလား။ **ပုဒ်မ ၁၂** မှာအငြင်းပွားမှုပြေငြိမ်းစေရေးအတွက် ဖျန်ဖြေပေးရမယ်ဆိုပြီးပါတယ်လေ။ ပြေငြိမ်းမှုဖြစ်မှာလေ။ ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့တို့ရဲ့ဆုံးဖြတ်ချက်တွေရောအလုပ်သမားတွေဘက်ကလိုက်နာကြရဲ့လား။

**နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ (၁၇) မှာ ဝန်ထမ်း**ဟာခွင့်အမျိုးအစားအလိုက်သတ်မှတ်ချက်နဲ့အညီတောင်းခံပိုင်ခွင့်ရှိတယ်လို့ပဲပါတယ်။ သတ်မှတ်ချက်ညီရင်ပေးရမယ်လို့မပါဘူး။ ဘဘအတွေ့အကြုံအရ ဌာနတစ်ခုမှာမကောင်းတဲ့ အကြီးအကဲနဲ့တွေ့တဲ့ဝန်ထမ်းတွေ တော်တော်စိတ်ဆင်းရဲကြရတာတွေ့ခဲ့တယ်။ ကိုယ့်ဌာနမဟုတ်တော့ ဘာမှမကူညီနိုင်ဘူး။ တချို့ဆိုဘဝပါပျက်တယ်။ တချို့ဆိုစိတ်ရောဂါခံစားသွားရတယ်။ တစ်ချိန်မှာ ဒီဌာနအကြီးအကဲ အလုပ်ကအထုတ်ခံရပေမယ့် လောလောလတ်လတ်တော့ ဝန်ထမ်းတွေအစုလိုက်အပြုံလိုက် သောကတွေအသီးသီးနဲ့ စိတ်ဆင်းရဲပင်ပန်းကြီးစွာကာလအတန်ကြာတာဝန်ထမ်းဆောင်ခဲ့ကြရတယ်။ အဲဒီဌာနအကြီးအကဲအကြောင်း လူကြီးပိုင်းကသိတော့ တော်တော်နောက်ကျနေပြီ။ ဒါဟာတာဝန်ရှိတဲ့နယ်ဘက်လူကြီးတွေ အမြဲတမ်းစောင့်ကြည့်ကြပ်မတ်ခြင်းဆိုတဲ့ Monitoring လုပ်ရမယ့်ကိစ္စပဲ။ (ပုဒ်မ ၂ (င) အရ တပ်၊ ရဲဝန်ထမ်းတွေကတော့ ခွင့်ကိစ္စနဲ့ပတ်သက်လို့ လုပ်ငန်းသဘာဝနဲ့တာဝန်ရှိနေတော့ နိုင်ငံ့ဝန်ထမ်းဥပဒေမှာ ခြွင်းချက်ပေ့ါ)။

ဝန်ထမ်းတွေဘက်ကို ပြန်ကြည့်လိုက်တော့လည်း ပြည်သူကိုမလေးစားတာတွေ၊ ဆက်ဆံရေးအားနည်းတာတွေ၊ ရေသာခိုတာတွေ၊ စီးပွားရှာတာတွေ၊ အဂတိလိုက်စားတာတွေ မပျောက်သေးတာတွေ့ပြန်ရော။ သေချာပြန်ကြည့်တော့ ဒီလိုဝန်ထမ်းဆိုးတွေကို အရေးယူမှု မရှိတာ၊ ရှိလည်း ထိထိရောက်ရောက် အရေးမယူတာသွားတွေ့တယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်ရဲ့တိုင်စာကော်မတီအနေနဲ့ ဘဘကွင်းဆင်းလေ့လာခဲ့ရတဲ့ လျှပ်စစ်မီးလင်းရေးအကြောင်းပြပြီး စားကျက်မြေရောင်းစားတဲ့ကိစ္စဆိုရင် တာဝန်ရှိသူကိုချက်ချင်းအရေးမယူဘဲ နောက်တစ်နှစ်ကျော်လောက်မှ ရာထူးတိုးသက်တမ်းနည်းနည်းလေးလျှော့ပြီး ပြောင်းရုံပြောင်းပေးလိုက်တယ်။ ဒီလိုစတိအရေးယူတာဟာ ပြည်သူကအထင်သေးမသွားဘူးလား။ စဉ်းစားရမှာတွေနော်။ ခုချိန်မှာ နွားစားကျက်မရှိတော့တဲ့ လယ်သမားတွေခမျာ ဒုက္ခအမျိုးမျိုး ကြုံနေရလေရဲ့။

အဲဒီလိုပဲ နောက်ဥပမာတစ်ခု၊ ဖားကန့်မှာတန်ဖိုးရှိကျောက်တစ်လုံးခိုးတူးခံရတဲ့ ကိစ္စ။တရားဝင်ဖြစ်တဲ့ တွင်းပိုင်ရှင်ကတိုင်လို့ သက်ဆိုင်ရာက ကုမ္ပဏီတစ်ခုမှာ သွားသိမ်းပြီး ပိုင်ရှင်ကိုပြန်မပေးတာ (၃) နှစ်လောက်ရှိနေတာတွေ့ရတယ်။ ဒီစိတ်နဲ့ပဲ ပိုင်ရှင်ကသေလို့ သားကဆက်လိုက်နေရတယ်။ သက်ဆိုင်ရာတာဝန်ရှိတဲ့အဖွဲ့အားလုံးကလည်း ကွင်းဆင်းစစ်ဆေးပြီးပြီ။ ကြန့်ကြာနေလို့ ဒီကိစ္စပထမအကြိမ်အမျိုး

**အလုပ်ရှင်အလုပ်သမားဖြေရှင်းကြရတဲ့ ပြဿနာတွေမှာ မရှင်းနိုင်တာတွေရှိနေတယ်။ လုပ်ခလစာတွေနဲ့ အများဆုံးပတ်သက်တယ်။ အစိုးရအဆက်ဆက်မလုပ်လို့မဟုတ်ဘူး။ လုပ်ကြပါတယ်။ ရှင်းနိုင်တာတွေရှိပါတယ်။ ဒါပေမယ့် မရှင်းနိုင်တာတွေကိုဘယ်လိုလုပ်မှာလဲ။ တန်းလန်းကြီးထားခဲ့လို့ အဲ့ဒီအလုပ်သမားတွေ စားဝတ်နေရေးဘယ်သူ့ကို အားကိုးရမှာလဲ။ အထူးသဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို တိတိကျကျ လိုက်နာရ မှာမဟုတ်ဘူးလား။**

သားလွှတ်တော်မှာမေးခွန်းမေးတဲ့အခါ သက်ဆိုင်ရာကလာရှင်းပါတယ်။ ပြန်မပေးတာဟာ တခြားကုမ္ပဏီကလည်းပိုင်ရှင်ဆိုပြီးတိုင်ကြားလာမှာရှိနိုင်လို့တဲ့။ လွှတ်တော်မှာလာဖြေပုံပြောတာပါ။ ခုအချိန်အထိ ဘယ်သူမှလည်းမတိုင်ဘူး။ ပထမအကြိမ်လွှတ်တော်ကြီးလည်းပြီးပြီ။ အစိုးရသစ်တောင်တာဝန်ယူပါပြီ။ ကျောက်ဆိုတာကိုယ့်တွင်းက မထွက်ဘဲနဲ့၊ မပျောက်ဘဲနဲ့ ဘယ်သူကကိုယ့်ဟာပါဆိုပြီးလာတိုင်မှာလဲ။ ပိုင်ရှင်ကပဲ တိုင်မှာပေ့ါ။ ရိုးရိုးလေးစဉ်းစားနော်။ ဒီလောက်ကြာနေတာဟာသက်ဆိုင်တဲ့ ဝန်ကြီးဌာနမှာတာဝန်မရှိဘူးလား။ နှစ်ပေါင်းဘယ်လောက်ကြာအောင် ဌာနမှာသိမ်းထားဦးမှာလဲ။ ခုလည်းသဘောထားတွေ အပြန်အလှန်မေးနေကြလေရဲ့။ မလုပ်ရဲ၊ မကိုင်ရဲ ဖြစ်နေပုံရပါတယ်။ဌာနဆိုင်ရာတွေရဲ့ အားနည်းချက်ဟာနောက်ဆုံးတော့ ဘယ်သူ့ကို သွားထိခိုက်လဲ။ သတိထားကြဖို့ကောင်းတယ်။

ရိုးသားတဲ့ဝန်ထမ်းတွေဘက်ကိုလည်းကြည့်ရအောင်။ ဌာနအတော်များများမှာ နယ်ကဝန်ထမ်းတွေကိုအစည်းအဝေးခဏခဏခေါ်တာတွေ၊ အထူးသဖြင့် ရုံးချုပ်ကိုခေါ်တာတွေ၊ လမ်းစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ် ဘာမှမစဉ်းစားပေးဘဲအာဏာရှင်ဆန်ဆန်ခေါ်ရင်လာခဲ့ဆိုတဲ့ပုံစံမျိုးတွေ ခုထိတော်တော်များများ မပျောက်သေးဘူး။ ဝန်ထမ်းငယ်တွေတချို့ကပြောတယ် တိုင်လည်းမတိုင်ရဲဘူးတဲ့။ ရွာတွေဆင်းခိုင်းရင်လည်း ဘာမှမစဉ်းစားပေးဘူးတဲ့။ သူတို့လစာကလည်းနည်းတော့ တချို့နေရာဆိုရွာသားတွေကပဲ ချက်ကျွေးရရောမဟုတ်ဘူးလား။ တချို့တာဝန်ရှိသူတွေ အောက်ခြေကိုမစဉ်းစားပေးတာဘာကြောင့်လဲ။ အထက်အကြီးအကဲတွေ ကြပ်မတ်ပေးရမယ်လို့ထင်မိတယ်။

သနားစရာအကောင်းဆုံးနဲ့ အောက်ခြေအကျဆုံးလူတန်းစားဖြစ်တဲ့ တစ်လမှနှစ်သောင်း၊ သုံးသောင်းလောက်ပဲရတဲ့ "အိမ်အကူ"တွေကိုကြည့်။ "အိမ်အကူ"တွေ ကို နားရက်ပေးဖို့၊ လစာမှန်မှန်ပေးဖို့၊ မညှဉ်းဆဲဖို့၊ မနှိပ်စက်ဖို့၊ ကိုယ်ထိလက်ရောက်မလုပ်ဖို့ဆိုတဲ့ ဥပဒေမရှိဘူး။ အဲဒီတော့ ဖြစ်ချင်ရာဖြစ်ကုန်တယ်။ တချို့လည်း ရုပ်သံတွေ၊ ဂျာနယ်တွေ၊ ဆောင်းပါးတွေမှာ ဥပဒေပြဋ္ဌာန်းဖို့ ပြောနေရေးနေကြပါရဲ့။ "အိမ်အကူ"ဥပဒေမြန်မြန်ပေါ်ပါစေလို့ပဲ ဆုတောင်းရတော့မယ်။ ခုလောက်ဆိုလွှတ်တော်ကိုယ်စားလှယ်တွေကလည်း စဉ်းစားမိလောက်ပြီထင်ပါရဲ့။ "အိမ်အကူ" ဥပဒေသာမရှိပေမယ့် အိမ်တိုင်းလိုလိုအိမ်အကူရှိတယ်။ ပွဲစားတွေကလည်းဒုနဲ့ဒေး။ အနှိပ်စက်ခံ အိမ်အကူတွေရှိသလို ပွဲစားနဲ့ နှစ်ပေါက် တစ်ပေါက်ရိုက်ပြီး ကြိုတင်ငွေယူလစ်ပြေးသွားတဲ့ အိမ်အကူတွေလည်းရှိတယ်။ အရွယ်ရောက်ပြီး အိမ်အကူတွေရှိသလို အရွယ်မရောက်သေးတဲ့ အိမ်အကူကလေးတွေလည်းရှိတယ်။ သားသမီးချင်းစာနာတဲ့ အိမ်ရှင်ရှိသလို မစာနာသူတွေလည်း ဒုနဲ့ဒေး။ နှိပ်စက်ညှဉ်းပန်းရုံမက လစာတောင်မပေးချင်ကြတာတွေဟာ ဥပဒေတိတိကျကျမရှိလို့ မဟုတ်ဘူးလား။ လုပ်ချင်တိုင်းလုပ်လို့ရတယ်ဆိုတဲ့ အတွေးအခေါ်ဝင်မသွားဘူးလား။ အိမ်အကူတွေလောက် မျက်နှာငယ်ရတဲ့သူတွေ လောကမှာရှိပါ့မလား။ ပြောမယ်ဆိုရင် လောကငရဲတွင်းထဲက ဒုက္ခသည်တွေပါပဲ။ အိမ်အကူတွေနှိပ်စက်ခံနေကြရတာ ဘဘတို့ မမွေးခင်ကတည်းကပဲ။ အတွေ့အကြုံရှိတဲ့ လူရည်တတ်လူတန်းစားတွေကတော့ ကော်မရှင်တွေ၊ ကော်မတီတွေ၊ သမဂ္ဂတွေ၊ ကောင်စီတွေ၊ အသင်းတွေ၊ ပါတီတွေ၊ ဘာအဖွဲ့၊ ညာအဖွဲ့စတဲ့ လူထုလူတန်းစားအဖွဲ့အစည်းတွေဖွဲ့စည်းကြလေရဲ့။ ဘဘကတော့ အိမ်အကူ အသင်းအဖွဲ့ဖွဲ့စေချင်တယ်။ ဥပဒေပြဋ္ဌာန်းမယ်ဆိုရင်တော့ သက်ဆိုင်ရာ ဝန်ကြီးဌာနက စတင်သင့်တာပေ့ါ။

ပြည်သူတွေအတွက် အကာအကွယ်ပေးတဲ့ဥပဒေတွေတော့ ထုတ်နေကြပါရဲ့။ ပြည်သူတွေအားလုံးစေ့ငအောင် အပြည့်အဝလုံခြုံစိတ်ချဖို့ စိတ်မအေးရသေးဘူးလို့ယူဆမိတယ်။ Enforcement of Law မဖြစ်တာတွေလည်းပါမယ်။ ဒါ့အပြင် တစ်စုံတစ်ခုဖြစ်ရင် ပြည်သူတွေအများအားဖြင့် ဘာလုပ်လို့လုပ်ရမှန်းမသိ။ ဘယ်သူ့ကိုအားကိုးလို့ အားကိုးရမှန်းမသိ။ အထူးသဖြင့် အခြေခံလူတန်းစားတွေပေ့ါ။ ခုတော့ လွှတ်တော်က **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ**တွေလုပ်နေပြီ။ အရင်လုပ်တာမစုံလို့၊ အဲ့ဒီဥပဒေကိုပြန်ပြင်တဲ့ ဥပဒေတွေလုပ်နေကြပြီ။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့်ဆင့်အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ဒေသတွေမှာ **ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့**တွေပေါ်လာမယ်ဆိုတော့ ပြည်သူတွေအတွက် အားတက်စရာပါပဲ။ ဒီကြားထဲ **နိုင်ငံသားများပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေ**ပေါ်လာဦးမယ်။

ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကလည်း နေ့စဉ်လိုလို ဥပဒေတိုင်းကို ပြည်သူ့အတွက် အကျိုးရှိမရှိ၊ လိုက်နာနိုင်မှုရှိမရှိ၊ ပြည့်စုံမှုရှိမရှိ၊ နည်းဥပဒေရှိမရှိ၊ ရှိတဲ့နည်းဥပဒေနဲ့မိခင်ဥပဒေကိုက်ညီမညီ၊ ပယ်သင့်တာပယ်ဖို့၊ ဖျက်သင့်တာဖျက်ဖို့၊ အသစ်ဆွဲသင့်တာဆွဲဖို့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် လွှတ်တော်ကိုတင်ပြ ဆောင်ရွက်နေပါပြီ။ ဒါ့အပြင် မရှိသေးတဲ့ အရေးကြီးဥပဒေတွေအတွက်လည်းနိုင်ငံတကာဥပဒေတွေကို လေ့လာပြီးရေးဆွဲဖို့ ဆောင်ရွက်နေပါပြီ။ အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့မှုတွေရှင်းလိုက်လို့ လုပ်ငန်းတွေပြန်ပေါ်လာပြီး ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာတော့မယ်။

ဘဘမှာတမ်းလေးခြွေချင်တာကနိုင်ငံနဲ့ပြည်သူတွေအတွက် ရေပက်မဝင်အောင် ဥပဒေတွေစေ့ငမှ၊ အဲဒီဥပဒေတွေကလည်း Enforcement ဖြစ်မှ နိုင်ငံတကာကလည်း လေးစားပါမယ်။ ပြည်သူတွေကလည်း စားဝတ်နေရေးအဆင်ပြေပြီးလုံလုံခြုံခြုံအေးအေးချမ်းချမ်းနေကြရပါမယ်။ အထူးသဖြင့် တာဝန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်တွေပိုပြီးလေးလေးနက်နက် စဉ်းစားပေးနိုင်ကြပါစေလို့ တိုက်တွန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## မန္တလေးမြို့တွင်အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲကြီးကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

တိုးတက်လာသော၊ လူဦးရေပြောင်းလဲလာသော စီးပွားရေးအခြေအနေများနှင့်အတူ အိမ်ရာနှင့်အဆောက်အအုံလိုအပ်မှုများပြားလာပြီး အဆိုပါလိုအပ်မှုများကို ဖြည့်ဆည်းရွေးချယ်နိုင်ရန်အတွက် အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာ ပြပွဲ ၂၀၁၆ (Housing & Building-2016) ပြပွဲကို မန္တလေးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက် နံနက် ၉ နာရီမှညနေ ၅ နာရီအထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ခတ်လှေကားများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကြက်များ၊ အိမ်ခြံမြေဆိုင်ရာ အကျိုးဆောင်လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ အာမခံလုပ်ငန်းများမှ ပြည်သူလူထုအတွင်း အရှိန်အဟုန်ပြင်းစွာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ စီစဉ်ကျင်းပမည့်ပြပွဲဖြစ်သည်။

ထို့အပြင် အိမ်ရာအဆောက်အအုံနှင့်အိမ်ခြံမြေဆိုင်ရာ ပညာရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးဟောပြောပွဲများကိုလည်း ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

# ပေါက်ကွဲပစ္စည်းများ သိုလှောင်မှုကြောင့် အဆောက်အအုံမီးလောင်မှုဖြစ်



**ရှန်ဂီ အောက်တိုဘာ ၂၆**
တနင်္လာနေ့က တရုတ်နိုင်ငံရှိ အဆောက်အအုံတစ်ခု၌ ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုအတွင်း လူ ၁၄ ဦးသေဆုံးသွားခဲ့ခြင်းသည် ဥပဒေမဲ့ ကုန်ပစ္စည်းများထုတ်လုပ်မှုနှင့် ပေါက်ကွဲပစ္စည်းများ သိုလှောင်မှုကြောင့်ဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းအေဂျင်စီကဖော်ပြခဲ့သည်။

ရှန်ဇီပြည်နယ်အတွင်းရှိ ဇီမင်မြို့ အနောက်မြောက်ပိုင်းပြည်နယ်တွင် ဖြစ်ပွားသည့် ပေါက်ကွဲမှုကြောင့် ဆေးရုံတစ်ရုံ အပါအဝင်အဆောက်အအုံများစွာ ထိခိုက်ပျက်စီးခဲ့ပြီး လူ၁၄၇ဦးကျော် ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှုတွင်သံသယရှိသူသုံးဦးကို အင်္ဂါနေ့နံနက်အစောပိုင်းတွင် ဖမ်းဆီးခဲ့သည်။ အာဏာပိုင်များသည်နှင့် ပေါက်ကွဲပစ္စည်းများ သိုလှောင်မှုနှင့်ပတ်သက်၍ ပြည်နယ်အတွင်းကျယ်ကျယ်ပြန့်ပြန့်စစ်ဆေးဆောင်ရွက်မှုလုပ်ဆောင်ခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားရာ အဆောက်အအုံငါးခုသည် အခကြေးငွေဖြင့် ငှားရမ်းသည့်အဆောက်အအုံများဖြစ်ပြီး အဆိုပါအဆောက်အအုံများ၏ ပိုင်ရှင်ကို ရဲများက အရေးယူဆောင်ရွက်ရန် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

မည်သည့်ပစ္စည်းများက ပေါက်ကွဲမှုကိုဖြစ်ပွားစေပြီး မည်သည့်ရည်ရွယ်ချက်ကြောင့် လုပ်ဆောင်ခဲ့သည်ကိုမူ မသိရှိရသေးပေ။

သို့သော် ရှန်ဇီပြည်နယ်သည် ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ကိုင်သည့် နယ်မြေဖြစ်ပြီး ပေါက်ကွဲပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် စက်မှုလုပ်ငန်းဆိုင်ရာမတော်တဆဖြစ်ပွားမှုမှတ်တမ်းများရရှိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က တီယန်ကျင်းဆိပ်ကမ်းမြို့တော်တွင် ဓာတုစက်ရုံပြင်းထန်စွာ မီးလောင်ပေါက်ကွဲမှုကြောင့် လူ ၁၆၅ ဦး သေဆုံးခဲ့သည်။
**(ရိုက်တာ)**

# နျူကလီးယားအစီအစဉ်ကို မြောက်ကိုရီးယား စွန့်လွှတ်မည့်သဘောမရှိဟုဆို

**ဝါရှင်တန် အောက်တိုဘာ ၂၆**
အမေရိကန် ထိပ်တန်းစုံစမ်းထောက်လှမ်းရေး အကြီးအကဲက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်မည့်သဘောမရှိကြောင်း ပြောကြားခဲ့သည်။



အမျိုးသားစုံစမ်းထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဂျိမ်းစ်ကလက်ပါ

အောက်တိုဘာ ၂၅ ရက်က အမျိုးသား စုံစမ်းထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဂျိမ်းစ်ကလက်ပါက ဘဏ်ကြီးရှင်အဖွဲ့တွင် ၎င်း၏အမြင်အား ဖလှယ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားကင်းမဲ့သော နိုင်ငံဖြစ်ရေး လုပ်ဆောင်မှုမှာ သဲထဲရေသွန်ဖြစ်နိုင်ကြောင်း ကလက်ပါက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသားများသည် ဘေးကျပ်နံကျပ် အခြေအနေတွင် ရောက်ရှိနေပြီး တစ်ပါးသူအပေါ်ယုံမှားသံသယလွန်ကဲသူများ ဖြစ်သောကြောင့် နျူကလီးယားလက်နက် စွန့်လွှတ်ရန် ပြောကြားခြင်းသည် ၎င်းတို့နှင့် ဆက်သွယ်မှုဖြတ်တောက်ခြင်းကို ပြသရာရောက်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အကယ်၍ ပြုံယမ်းအနေဖြင့် နျူကလီးယားကင်းမဲ့ရေး ရှေ့တိုးလုပ်ဆောင်မှုမပြုလုပ်လျှင် အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားနှင့် တိုက်ရိုက်ပြောဆို ဆွေးနွေးမှုလုပ်မည်မဟုတ်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက မြောက်ကိုရီးယားအပေါ် သတ်မှတ်ထားသော အမေရိကန်မူဝါဒကို ပြောင်းလဲမည်မဟုတ်ကြောင်း အောက်တိုဘာ ၂၅ ရက်က ပြောကြားခဲ့သည်။
**(အင်န်အိတ်ချ်ကေ)**

# အာဖဂန်ရှိအရပ်သားပေါင်းများစွာကို အိုင်အက်စ်စစ်သွေးကြွများက သတ်ဖြတ်

**ကဘူးလ် အောက်တိုဘာ ၂၆**
အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့သည် ၎င်းတို့၏ အကြီးအကဲသေဆုံးခဲ့သည့်အတွက် လက်တုံ့ပြန်သည့်အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ ရှိဝေးလံခေါင်ဖျားဒေသဖြစ်သည့် ဂိုပြည်နယ်ရှိအရပ်သားများအား သတ်ဖြတ်ခဲ့သည့်အတွက် အရပ်သား ၃၀ခန့်သေဆုံးသွားကြောင်း ပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေးအာဏာပိုင်များက ကြာသပတေးနေ့ကပြောကြားခဲ့သည်။

ယမန်နေ့ကစစ်ဆင်ရေးအတွင်း အာဖဂန်ရဲများသည် ဂိုပြည်နယ်ရှိ ဒက်ရှ်အဖွဲ့၏အကြီးအကဲတစ်ဦးအားပစ်သတ်ခဲ့သည်။ သို့သော် ဒက်ရှ်တိုက်ခိုက်ရေးသမားများသည် အာဖဂန်ပြည်နယ်မြို့တော်အတွင်းရှိ အရပ်သား၃၀ ကို ပြန်ပေးဆွဲသွားခဲ့ပြီးနောက်တွင် လက်စားချေသည့်အနေဖြင့် အားလုံးကို အသေပစ်သတ်လိုက်ကြောင်း အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်ဟေခါတီဘီက ပြောကြားသည်။ အင်္ဂါနေ့က ပြည်နယ် မြို့တော်ဖာရောဇ်ကိုအနီးတွင် စစ်သွေးကြွများက တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ပြီးနောက် အဆိုပါသတ်ဖြတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန် အနောက်အလယ်ပိုင်းရှိ ဂိုပြည်နယ်သည် နာဟာဂါအရှေ့ပိုင်း ပြည်နယ်တွင် အခြေစိုက်လျက်ရှိသည့် အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏ အချက်အချာနယ်မြေဖြစ်ကြောင်း သိရသည်။
**(ရိုက်တာ)**

# ဆူနာမီ၌ သေဆုံးခဲ့သူများအတွက် လျော်ကြေးပေးရန် ဂျပန်တရားရုံးက အမိန့်ချမှတ်

**တိုကျို အောက်တိုဘာ ၂၆**
ဂျပန်တရားရုံးက ပြည်နယ်အစိုးရအား ၂၀၁၁ ဆူနာမီအတွင်း သေဆုံးခဲ့သော ကျောင်းသား ကျောင်းသူမိသားစုများအတွက် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ချမှတ်လိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။ အီရှိနိုမာကီမြို့နှင့် မီယာဂီစီရင်စုဆိုင်ရာ ပြည်နယ်အစိုးရအား သေဆုံးခဲ့သော ကလေး ၂၃ ဦး၏ မိသားစုဝင်များက နစ်နာကြေးအဖြစ် လျော်ကြေးငွေ အမေရိကန်ဒေါ်လာ ၁၃ သန်းကို ပေးချေရန် တရားရုံးက အမိန့်ထုတ်ပြန်လိုက်သည်။

၂၀၁၁ ဆူနာမီအတွင်း မီယာဂီစီရင်စုရှိ အိုကီနာဝါမူလတန်းကျောင်းမှ ကျောင်းသူ ကျောင်းသား ၇၄ ဦးသေဆုံးခဲ့သည်။ ၂၀၁၁ ခုနှစ်မှစကာ ငလျင်လှုပ်ခြင်းနှင့် ဆူနာမီတို့ကြောင့် ဖြစ်ပေါ်ခဲ့သော သေဆုံးမှုများအနက် ယခုဖြစ်ရပ်သည် ကလေးများသေဆုံးမှု အများဆုံးဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# ပင်လယ်ရေ ပူနွေးလာမှုကြောင့် အန္တာတိကရှိရေခဲများ လျင်မြန်စွာပျော်ကျ

**လန်ဒန် အောက်တိုဘာ ၂၆**
ပင်လယ်ရေပူနွေးလာမှုကြောင့် အန္တာတိကရှိရေခဲများသည် ခန့်မှန်းထားသည်ထက် လျင်မြန်စွာ ပျော်ကျနေကြောင်း လေ့လာမှုစစ်တမ်းတစ်ခုတွင်ဖော်ပြထားသည်။ သဘာဝအကြောင်းတရားများဆက်သွယ်မှု ဂျာနယ်တွင်ဖော်ပြခဲ့သော ယင်းလေ့လာမှုစစ်တမ်းသည် စမစ်၊ ပုပ်နှင့် ကိုဟာလာ ရေခဲမြစ်များကို လေ့လာမှုပြုလုပ်ရာမှ တွေ့ရှိချက်များဖြစ်သည်။ အန္တာတိက၏ သိသာသောအစိတ်အပိုင်းတစ်ခုကို ယခုအခါတွင် အလွန်တရာပျော်ကျမှုမှ ကာကွယ်မှုပြုထားကြောင်းလေ့လာမှုပြုလုပ်ခဲ့သူများကပြောသည်။ ရေအပူချိန်မြင့်တက်လာခြင်းသည် ရေခဲကျွန်းများပျော်ကျမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။ **(ဆင်ဟွာ)**

# သက်ကြီးရွယ်အိုရှစ်ဦးအား သတ်မှုဖြင့် ကနေဒါနိုင်ငံမှ သူနာပြုတစ်ဦးအားတရားစွဲ

**အော့တဝါ အောက်တိုဘာ ၂၆**
ဘိုးဘွားစောင့်ရှောက်ရေးဂေဟာမှ သက်ကြီးရွယ်အိုရှစ်ဦးအား သတ်မှုဖြင့် ကနေဒါနိုင်ငံမှ သူနာပြုတစ်ဦးအားခုနစ်နှစ်ကြာပြီးနောက် တရားစွဲဆိုနိုင်ခဲ့ကြောင်း သည်အင်ဒီပင်းန်ဒင့်န်သတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၆ ရက်ကဖော်ပြခဲ့သည်။

အသက် ၄၉နှစ်ရှိ အဲလီဇဘက် ထရေစီမေ့ဝက်တလူဖာအား ၂၀၀၇ ခုနှစ်မှ ၂၀၁၄ခုနှစ်အတွင်းဖြစ်ပွားခဲ့သော လူသတ်မှုဖြင့် အောက်တိုဘာ ၂၅ရက်က တရားစွဲဆိုခံခဲ့သည်။ သေဆုံးသွားရသူများတွင် ၎င်းတို့စားသုံးသည့်အစာထဲတွင် ဆေးခတ်ခဲ့ကြောင်း အွန်တာရီယိုပြည်နယ် စုံထောက် ဒေ့ဗ်ထရူးဇ်က အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ဝုဒ်စတော့ခ်မြို့မှ ဝက်တလူဖာသည် ကဲယားဆန့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာမှ ဝန်ထမ်းတစ်ဦး ဖြစ်သည်။ အွန်တာရီယိုပြည်နယ်တွင် ထိုကဲ့သို့ ကဲယားဆန့် သက်ကြီးရွယ်အိုစောင့် ရှောက်ရေးဂေဟာပေါင်း ၁၅ခုရှိသည့်အနက် ဝုဒ်စတော့ခ်မြို့ရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာတွင် သက်ကြီးရွယ်အို ခုနစ်ဦး သေဆုံးခဲ့ကြောင်း ရဲများကပြောခဲ့သည်။ အခြားသက်ကြီးရွယ်အိုတစ်ဦးမှာ ဝက်တလူဖာ နောက်ထပ်အလုပ်လုပ်ရာ မီဒိုပါ့ခ်ဂေဟာတွင်သေဆုံးခဲ့ကြောင်း သိရသည်။ **(သည်အင်ဒီပင်းန်ဒင့်န်)**



ဗြိတိန်နိုင်ငံရဲ့စီးပွားရေးအလားအလာကို ထိခိုက်စေနိုင်တဲ့ Brexit အပေါ် ထရီဆာမေရဲ့မူဝါဒနဲ့ပတ်သက်ပြီး ဝါရင့် ကွန်ဆာဗေးတစ် လွှတ်တော်အမတ်တစ်ဦးက သတိပေးမှုပြုလုပ်ထားတာကို သတင်းများမှာ ဖော်ပြခဲ့ရာ ဗြိတိန်နိုင်ငံသားများအနေနဲ့ နိုင်ငံရဲ့ အနာဂတ်စီးပွားရေးအလားအလာနှင့်ပတ်သက်ပြီး စိုးရိမ်မှုများ၊ မသေချာမှုများမြင့်တက်လာခဲ့ပါတယ်။

# Brexit နှင့် ရေရာမှုမရှိသော ဗြိတိန်နိုင်ငံ၏ အနာဂတ်စီးပွားရေးအလားအလာ

**တင်လင်းအောင်**




စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေအတွက် အဆိုးရွားဆုံးဖြစ်စေနိုင်တဲ့ ဝန်ကြီးချုပ် ထရီဆာမေရဲ့ Brexit နှင့်ပတ်သက်တဲ့ လျှို့ဝှက်တိတ်ဆိတ်နေမှုတွေဟာ ဗြိတိန်နိုင်ငံအတွက် အန္တရာယ်ဖြစ်စေနိုင်ကြောင်း ဝါရင့်ကွန်ဆာဗေးတစ် လွှတ်တော်အမတ်တစ်ဦးဖြစ်သူ အန်ဒရူးတိုင်ယာက ပြောကြားခဲ့ပါတယ်။

အလုပ်သမားပါတီခေါင်းဆောင် ဂျရမီကော်ဘန်ဟာ ထရီဆာမေအား Brexit ကို ပိုမိုဆိုးရွားစေမှုနဲ့ စွဲချက်တင်ခဲ့ရုံသာမက စကော့အမျိုးသားပါတီခေါင်းဆောင် နီအိုလာစတာဂျန်ကလည်း ဝက်ဘ်မင်းစတားမှာ ပြုလုပ်ခဲ့တဲ့ Brexit ဆွေးနွေးမှုဟာ ပိုမိုရှုပ်ထွေးစေတယ်လို့ ပြောကြားခဲ့ပြီး မကြာမီ ထိုသို့ ဝါရင့်ကွန်ဆာဗေးတစ် လွှတ်တော် အမတ်တစ်ဦးရဲ့ သတိပေးမှုတွေ ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် အနေနဲ့ Brexit ကိစ္စကိုင်တွယ်ရခက်နေချိန် အစိုးရမူဝါဒအားဖြင့်လည်း Brexit နဲ့ပတ်သက်ပြီး မကျိန်းသေမှုများ အနည်းငယ်ဖြစ်ပေါ် လာနိုင်ကြောင်း ဝါရင့်ကွန်ဆာဗေးတစ် လွှတ်တော် အမတ်တစ်ဦးက အောက်လွှတ်တော်မှာ သတိပေးပြောကြားခဲ့ပါတယ်။ ဒါ့အပြင် Brexit နဲ့ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းများအနေဖြင့် မသေချာမှုများနဲ့ အဆုံးသတ်နိုင်တာကြောင့် အဆိုးဆုံး အတွက် ကြိုတင်ပြင်ဆင်ထားကြဖို့ လိုကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့ပါတယ်။

ဝန်ကြီးချုပ် ထရီဆာမေကတော့ စီးပွားရေး မကျိန်းသေမှုများအတွက် ကောင်းစွာသိရှိထားတဲ့အလျောက် ပုဒ်မ ၅၀ အရ မူဘောင်တစ်ခုသတ်မှတ်ရန် အချိန်ဇယားတစ်ခု ဆွဲထားပြီးဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံအနေနဲ့ ဥရောပသမဂ္ဂက ထွက်ခွာပြီးနောက်မှာ အာဏာသက်ရောက်မယ့် ဥပဒေပြဋ္ဌာန်းမှုတစ်ရပ်ကိုလည်း ရှင်းရှင်းလင်းလင်းပြုလုပ်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

"ကျွန်မကတော့ ဒါကိုဆက်လုပ်မှာဖြစ်သလို အစိုးရကလည်း ဆက်လုပ်မှာပါပဲ။ ဒါပေမယ့် ကျွန်မတို့လုပ်မယ့်ကိစ္စ အသေးစိတ်တွေနဲ့ ညှိနှိုင်းမှုပြုလုပ်မယ့်အနေအထားတွေကိုတော့ ချပြလို့မရသေးပါဘူး။ သို့သော်လည်း ဒါတွေဟာ ဗြိတိန်နိုင်ငံအတွက် အကောင်းဆုံးနည်းလမ်းတွေဖြစ်မှာပါ" လို့ ထရီဆာမေက ဆက်လက်ပြောခဲ့ပါတယ်။

ဘုံဈေးကွက်အဖွဲ့ဝင်နိုင်ငံအပေါ် ကျင့်သုံးနေတဲ့ လွတ်လပ်စွာလှုပ်ရှားမှုများနဲ့ ဦးစားပေး အရေးပါမှုများ နှိုင်းချုပ်စေမယ့် မူဝါဒများရှိနေသော်လည်း ထိုကဲ့သို့သော Brexit အကျပ်အတည်းတွေနဲ့ပတ်သက်ပြီး ထရီဆာမေက အကြံပေးချက် တစ်စုံတစ်ရာ မပြုလုပ်တဲ့အတွက် လက်ရှိအခြေအနေမှာ ပိုမိုရှုပ်ထွေးမှုတွေကို ဖြစ်ပေါ်စေပါတယ်။



ဝန်ကြီးချုပ် ထရီဆာမေအနေနဲ့ လွန်ခဲ့တဲ့ ရက်သတ္တပတ် ဥရောပသမဂ္ဂ စည်းဝေးပွဲနဲ့ပတ်သက်ပြီး ပါလီမန်သို့ပေးပို့ခဲ့တဲ့ ၎င်းရဲ့ ထုတ်ပြန်ကြေညာချက် မှာ ပါလီမန်အနေနဲ့ ခရစ္စမတ်ကာလမရောက်မီ ကာလအတွင်း Brexit နဲ့ ပတ်သက်ပြီး စကားအချေအတင် ပြောရမှာဖြစ်ကြောင်း ဖော်ပြခဲ့ပါ တယ်။

သို့သော်လည်း ယင်းအဆိုနှင့်ပတ်သက်ပြီး ထောက်ခံမဲတော့ မရရှိခဲ့ပါဘူး။ အစိုးရအနေနဲ့ ဥရောပသမဂ္ဂမှထွက်ခွာရေး နည်းလမ်းတွေ ဆွေးနွေးနိုင်ဖို့ ပါလီမန်ကို အခွင့်အရေးပေးခဲ့တာပါလို့ ဝန်ကြီးချုပ် ထရီဆာမေက ပြောခဲ့ပါတယ်။ ဗြိတိန်နိုင်ငံဟာ အီးယူနဲ့ အနာဂတ်ဆက်ဆံရေးမှာ ဘယ်လိုစခန်းဆက်သွားမလဲဆိုတာနဲ့ ပတ်သက်ပြီး အစိုးရအနေနဲ့ ငြင်းခုံဆွေးနွေးရဦးမှာဖြစ်ပါတယ်။ ဒီကိစ္စတွေကတော့ ခရစ္စမတ်ကာလ ကျော်လွန်သွားပြီးမှဖြစ်မှာဖြစ်ပါတယ်။ ဒီဆွေးနွေးငြင်းခုံမှုမှာတော့ အစိုးရအနေနဲ့ ဆွေးနွေးမှုတွေ ဘယ်လိုလုပ်မလဲဆိုတဲ့ အဆင့်မြင့်စည်းမျဉ်းတွေပါဝင်မှာ ဖြစ်ပါတယ်။

"အစိုးရရဲ့ သဘောထားတွေနဲ့ ပတ်သက်ပြီးကမ္ဘာ့ဂုဏ်သိက္ခာကို ထိခိုက်စေမယ့်အပြင် တခြားနိုင်ငံတွေရဲ့ ဆက်ဆံမှုတွေလည်း ဆုံးရှုံးစေမှာဖြစ်တယ်"လို့ အီးယူခေါင်းဆောင်တွေက ကျွန်တော့်ကို ပြောကြားခဲ့ပါတယ်လို့ အလုပ်သမားပါတီခေါင်းဆောင် ဂျရမီကော်ဘန်က ပါလီမန်အမတ်တွေကို သတိပေးခဲ့ပါတယ်။

"ဝန်ကြီးချုပ်ထရီဆာမေရဲ့ စကားတွေဟာ နှစ်သိမ့်မှုတွေပေးနေသော်လည်း နောက်ကွယ်မှာ ခက်ခဲမှုတွေရှိနေပါတယ်။ သူနဲ့ သူ့ရဲ့ပါတီ လှုပ်ရှားမှုတွေဟာ ဥရောပတစ်ဝန်းလုံး သဘောမကျမှုတွေကို ဖြစ်စေခဲ့ပါတယ်။ အီးယူအဖွဲ့များအား သင်ခန်းစာပေးတဲ့ ခြိမ်းခြောက်မှုတွေနဲ့ အကောင်းဆုံးသဘောတူညီမှုတွေရမယ်ဆိုတာ ကျွန်တော် မယုံဘူး"လို့ အလုပ်သမားပါတီခေါင်းဆောင် ဂျရမီကော်ဘန်က ဆက်လက် ပြောကြားပါတယ်။

Brexit ကိစ္စ ဆွေးနွေးညှိနှိုင်းမှု အောင်မြင်ဖို့ဆိုတာ ဗြိတိန်နိုင်ငံအနေနဲ့ အစီအစဉ်ကောင်းကောင်းလိုပါတယ်။ လတ်တလောမှာတော့ ဗြိတိန်အစိုးရမှာ အဲဒီအစီအစဉ် ရှိ၊ မရှိဆိုတာ ဆက်လက်စောင့်ကြည့်ရမှာဖြစ်ပါတယ်။

(Ref; The Independent)
(၂၄-၁၀-၂၀၁၆)

❑ **ဗြိတိန်ဝန်ကြီးချုပ်အနေနဲ့ Brexit ကိစ္စကိုင်တွယ်ရခက်နေချိန် အစိုးရမူဝါဒအားဖြင့်လည်း Brexit နဲ့ပတ်သက်ပြီး မကျိန်းသေမှုများ အနည်းငယ်ဖြစ်ပေါ်လာနိုင်**

❑ **Brexit နဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းများအနေဖြင့် မသေချာမှုများနဲ့ အဆုံးသတ်နိုင်တာကြောင့် အဆိုးဆုံးအတွက် ကြိုတင်ပြင်ဆင်ထားကြဖို့ လိုကြောင်း ဝါရင့်ကွန်ဆာဗေးတစ် လွှတ်တော်အမတ်တစ်ဦးဖြစ်သူ အန်ဒရူးတိုင်ယာက ပြောကြား**

## ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံခြင်း

၂၆-၁၀-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ ကျောဖုံးတွင်ပါရှိသော **အလုပ်အကိုင်၊ နိုင်ငံကူးလက်မှတ် PJ အသုံးပြုရမည့် သတ်မှတ်ချက်တွင် ပြည်ပသို့ ရောက်ရှိနေကြသူများ အကျုံးဝင်ခြင်းမရှိ** သတင်းပုံအဖြစ် **၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကြိုတင်မဲပေးရန် စင်ကာပူနိုင်ငံ မြန်မာသံရုံးရှေ့တွင် စောင့်ဆိုင်းနေသည့် မြန်မာနိုင်ငံသားများ** ပုံ လွဲမှားပါရှိသွားပါကြောင်းနှင့် အဆိုပါ သတင်းအညွှန်းစာမျက်နှာ ၁၁ ကော်လံ ၅ အပိုဒ် ၄ အောက်ဆုံးစာကြောင်းတွင် **စင်ကာပူရှိ မြန်မာသံရုံးသို့ လာရောက်ဆန္ဒပြသူ များပြားခဲ့ကြောင်း** ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။
**မြန်မာ့အလင်း**

## စီးပွားရေးကိစ္စ တရုတ်နိုင်ငံသို့သွားရောက်ခြင်းဖြစ်ကြောင်း ဒူတက်တေး ဂျပန်နိုင်ငံအားပြောကြား

**တိုကျို အောက်တိုဘာ ၂၆**

လွန်ခဲ့သော ရက်သတ္တပတ်က တရုတ်နိုင်ငံသို့ သွားရောက်ခြင်းသည် စီးပွားရေးကိစ္စသက်သက်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတက်တေးက ဂျပန်နိုင်ငံအား ပြောကြားခဲ့သည်။ ထို့အပြင် နှစ်ကာလကြာမြင့်စွာ စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခဲ့သော ဝါရှင်တန်နှင့်လည်း အသေအချာပြန်လည်ဆန်းစစ်မှုများပြုလုပ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့သွားရောက်ခြင်းသည် စစ်ရေးဆိုင်ရာကိစ္စအတွက်မဟုတ်ဘဲ စီးပွားရေးဆိုင်ရာကိစ္စအတွက်သာ ဖြစ်ကြောင်း၊ မဟာမိတ်တွေအကြောင်းမပြောလိုကြောင်း ဒူတက်တေးက ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအား ပြောကြားခဲ့သည်။

မဟာမိတ် အမေရိကန်နိုင်ငံအား နှုတ်ဖြင့်တိုက်ခိုက်ပြီး ရက်သတ္တပတ်ပေါင်းအတော်များများကြာပြီးနောက် ၎င်း၏ နိုင်ငံခြားမူဝါဒနှင့်ပတ်သက်ပြီး စိုးရိမ်မှုများမြင့်တက်နေစဉ်အတွင်း ဒူတက်တေးအနေဖြင့် ဂျပန်နိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့ခြင်းဖြစ်သည်။

မိတ်ဆွေများနှင့် မသင့်မြတ်သည့်အကြောင်း နောက်ကြောင်းလှန်မပြောလိုသည်ကို ရှင်းရှင်းလင်းလင်းသိစေချင်ကြောင်း၊ ဖိလစ်ပိုင်သမ္မတတစ်ယောက်အနေဖြင့် ပြည်သူတစ်ဦးကဲ့သို့ ဂုဏ်သိက္ခာအတွက် ရပ်တည်နေခြင်းဖြစ်ကြောင်း ဒူတက်တေးက ပြောကြားခဲ့သည်။

**(ရိုက်တာ)**




**အောက်တိုဘာ ၂၆ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့ ဖိလစ်ပိုင် စီးပွားရေးဖိုရမ်၌ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတက်တေး မိန့်ခွန်းပြောကြားစဉ်**

# အခွန်ထမ်းပြည်သူများ ခေတ်မီသော အခွန်တစ်ရပ်ဖြစ်ပေါ်ရေး အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်စနစ်ဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းတိုးတက်ရန်နှင့် ပြည်သူများကြား ခေတ်မီကောင်းမွန်သော အခွန်တစ်ရပ် ဖြစ်ပေါ်လာစေရေး အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်စနစ်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ အောက်တိုဘာ ၂၄ ရက်ကကျင်းပသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)မှ စီစဉ်ဆောင်ရွက်သည့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်အကြောင်း ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကြား တွေ့ဆုံရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ရေး၊ အခွန်ထမ်းဦးရေ တိုးပွားလာရေး၊ အခွန်ဆိုင်ရာစီမံခန့်ခွဲမှု အရင်းအမြစ်များ စနစ်တကျဖြစ်လာရေးနှင့် ခေတ်မီကောင်းမွန်သော အခွန်စနစ်တစ်ရပ်ဖြစ်ပေါ်လာစေရေး၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သည့်အခါ ထိရောက်ကောင်းမွန်သော အခွန်စီမံခန့်ခွဲမှု တစ်ရပ်ဖြစ်စေရေး၊ ကုန်ကျစရိတ်သက်သာရေးနှင့် ရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်လျက်ရှိသောကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနနှင့်ပူးပေါင်းပြီး နိုင်ငံ၏ ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝကောက်ခံရရှိရေးနှင့် အခွန်တိမ်းရှောင်မှုများမရှိစေရေး အားလုံးဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန်လိုကြောင်း ၎င်းက ပြောကြားသည်။

အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ဆိုသည်မှာ အခွန်ထမ်းလုပ်ငန်းရှင်များအနေဖြင့် မိမိရရှိသည့်ဝင်ငွေ၊ မိမိအသုံးပြုခဲ့သည့် အသုံးစရိတ်များအပေါ် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်ကန်ကန်ကြေညာလွှာတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က နှစ်အလိုက် ပြဋ္ဌာန်းသတ်မှတ်ပေးထားသော ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပါ နှုန်းထားများအတိုင်း အခွန်ထမ်းများကိုယ်တိုင် အခွန်စည်းကြပ်မှုစနစ်ဖြစ်သည်။

“အခွန်ထမ်းကိုယ်တိုင် စည်းကြပ်တဲ့စနစ်ရဲ့အရေးကြီးဆုံးအချက်က အခွန်ထမ်းတွေကို ဝန်ဆောင်မှုပေးရမယ်။ အခွန်ထမ်းပြည်သူတွေကို ပညာပေးတဲ့အခါမှာလည်း အခွန်ထမ်း မိဘပြည်သူတွေ ကိုယ်တိုင်စည်းကြပ်ရမယ့် လုပ်ဆောင်ချက်မှန်သမျှကို ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်နိုင်စေဖို့ ကျွန်တော်တို့ဘက်ကနေ အကောင်းဆုံးဆောင်ရွက်သွားမယ်။ ကြေညာလွှာအချိန်မီတင်သွင်းခြင်း၊ ကျသင့်အခွန်ကို သတ်မှတ်ချိန်အတွင်း ပေးသွင်းခြင်း၊ စာရင်းဇယားများ ထိန်းသိမ်းထားရှိခြင်းနဲ့ ဥပဒေဆိုင်ရာ လိုက်နာဆောင်ရွက်ရန် ဆွေးနွေးခြင်း စတဲ့ လုပ်ငန်းစဉ်တွေအတွက် ဝန်ဆောင်မှုအပြည့်အဝပေးသွားမှာ ဖြစ်ပါတယ်” ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ပြောကြားသည်။

ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ယခင်က အခွန်ထမ်းလုပ်ငန်းရှင်များအား အခွန်ရုံးမှ စည်းကြပ်သည့်စနစ်ဖြင့် အခွန်များ ကောက်ခံခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး ကို အခွန်ထမ်းကုမ္ပဏီ ၅၅၀ ခန့်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ဖြင့် အခွန်ပေးဆောင်စေသောစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၌ အခွန်ထမ်းများကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးဆောင်ရွက်ခြင်းဖြစ်သည်။

“အခွန်နဲ့ပတ်သက်လို့ပြောရရင် ကျွန်တော်တို့နိုင်ငံက ဒီစနစ်ကျင့်သုံးတာ နောက်ကျနေပြီလို့တောင် ပြောရမယ်။ ဒါပေမယ့် ဖြည်းဖြည်းချင်းတော့ ကောင်းသွားမှာပါ။ မကြာသေးဘူးဆိုတော့ အကျွမ်းတဝင်တော့ မဖြစ်ကြသေးဘူး။ ကိုယ့်ဘာသာကိုယ် အခွန်စည်းကြပ်တော့ ကိုယ့်အကြောင်းကိုယ်ပဲ သိတာလေ။ ပြည်သူတွေအနေနဲ့ တိုင်းပြည်ဝင်ငွေအတွက် အခွန်ကို အမြဲတမ်း မှန်မှန်ဆောင်ဖို့လိုတယ်။ ဒီတော့ အခွန်စနစ်ပြောင်းလဲတာ အခက်အခဲတော့ သိပ်မရှိပါဘူး” ဟု စီးပွားရေးလုပ်ငန်းရှင် ဦးမောင်အေးက ပြောကြားသည်။

**သတင်း-မောင်စိန်လွင်၊ ဓာတ်ပုံ-မင်းထက်**



အခွန်ထမ်းပြည်သူများ ကိုယ်တိုင် အခွန်စည်းကြပ်စနစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ဆွေးနွေးစဉ်

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းသို့ ခိုးဝင်ရန်ကြိုးပမ်းသူကို အရေးယူ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းသို့ အောက်တိုဘာ ၂၅ ရက်က ခိုးဝင်ရန် ကြိုးစားသူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းနေ့ညနေ ၆ နာရီ ၁၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ဆိုက်ရောက်/ ထွက်ခွာဆောင် အသစ် (Terminal-3) ဆောက်လုပ်ဆဲ အဆောက်အအုံသစ်အနီး၌ မသင်္ကာဖွယ်လူတစ်ယောက်ကို အစောင့်ဝန်ထမ်းကတွေ့ရှိ၍ မေးမြန်းခဲ့ပြီးနောက် လေဆိပ်လုံခြုံရေးတာဝန်ယူထားသော လေကြောင်းရဲတပ်ဖွဲ့ကို အပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းကို စစ်ဆေးမေးမြန်းကြည့်သောအခါ Mr.Mohammad Hanifuz Zaman (၃၃ နှစ်) ဖြစ်ပြီး နိုင်ငံကူးလက်မှတ် (AD- 1308810) ကိုင်ဆောင်ထားသူဖြစ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်ကြောင်း သိရသည်။

“အောက်တိုဘာ ၂၅ ရက် နေ့လယ်ပိုင်း ဘင်္ဂလားဒေ့ရှ် ဒါကာက ရန်ကုန်ကိုလာတဲ့ နိုဗိုအဲဆိုတဲ့ လေယာဉ်နဲ့ ပါလာတယ်။ ရန်ကင်းမြို့နယ်မှာရှိတဲ့ Real Link မိုတယ်မှာ အခန်းတွေ ဘာတွေ ငှားတယ်။ သူက အဲဒီကနေ ရန်ကုန်လေဆိပ်ကို ပြန်လာတယ်။ ပြီးတဲ့အခါ ဆောက်လုပ်ဆဲ Terminal 3 နားက နိုင်ငံခြားကပို့တဲ့ ပစ္စည်းတွေရွှေးတဲ့နေရာမှာ ဝင်လိုက်တယ်။ ပြီးတော့မှာ Custom Ware- house ထဲကို မဝင်ဘဲနဲ့ ဘေးကနေထွက်ပြီး လေဆိပ်ထဲမှာ ပစ္စည်းတွေပို့တဲ့ အဝင်အထွက်လမ်းထဲ သူကဝင်လာပြီး အပေါက်ဝလေးကို ကျော်လိုက်တဲ့အချိန်မှာ လေယာဉ်ပေါ်က ချတဲ့ပစ္စည်းတွေကလည်း ပုံနေတယ်။ အဲဒီလို ရှုပ်ထွေးနေတဲ့အနေအထားမှာ မယောင်မလည်နဲ့ ဝင်လာတာပါ။ အစောင့်ကမေးတော့ သူက မြန်မာစကား မပြောတတ်ဘူး။ သူ့ကိုကျွန်တော်တို့က အဲဒီမှာပဲ ခေါ်ယူစစ်ဆေးတာတွေ လုပ်ပါတယ်” ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအုန်းလွင်က ပြောကြားသည်။

ယင်းဖြစ်စဉ် ဖြစ်ပွားပြီးနောက် ရန်ကုန်လေဆိပ်လုံခြုံရေးကို တိုးမြှင့်လိုက်ပြီး ၎င်းဝင်ရောက်ခဲ့သော နေရာတစ်ဝိုက် မိုင်းရှာဖွေရေးအဖွဲ့များဖြင့် ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရှိရကြောင်း သိရသည်။ လမ်းမီးများကိုလည်း မာကျူရီမီးများ တိုးချဲ့တပ်ဆင်ခဲ့ပြီး ဝန်ထမ်းများကို စိစစ်ရေးကတ်ချိတ်ဆွဲရန်နှင့် သတ်မှတ်ဝတ်စုံများ ဝတ်ဆင်သွားလာရန် ညွှန်ကြားထားကြောင်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းသို့ ခိုးဝင်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် မင်္ဂလာဒုံမြို့မရဲစခန်းနှင့် လေကြောင်းရဲတပ်ဖွဲ့တို့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း**

**သန်းထိုက်**



လေဆိပ်အတွင်းသို့ ခိုးဝင်ရန်ကြိုးပမ်းသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအား တွေ့ရစဉ်

*✻ ကျောဖုံးမှ*

ရရှိပါက ယခင်ဖွဲ့စည်းထားသည့် ယူ-၁၆ အသင်းမှ ကစားသမား ၂၅ ဦးနှင့်ပေါင်းကာ ပထမအသင်းတွင် ၂၅ ဦး၊ အရန်အသင်းတွင် ၂၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၎င်းကစားသမားများအတွေ့အကြုံရစေရန် ပထမအသင်းကို ပထမတန်းအမှတ်ပေးပြိုင်ပွဲ အရန်အသင်းကို ပထမတန်းယူ-၂၀ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်က ကိုင်တွယ်မည်ဖြစ်ပြီး နိုဝင်ဘာလအတွင်း စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည့် အာဆီယံယူ-၁၈ ပြိုင်ပွဲအတွက် အဓိကပြင်ဆင်နေခြင်းဖြစ်ပြီး အောက်တိုဘာလတွင် ကျင်းပမည့်အာရှယူ-၁၉ ခြေစစ်ပွဲပါ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

# နိုဝင်ဘာလအတွင်း ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်း နယ်လှည့်ဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်သိရှိနိုင်ရန် အသိပေးထားကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ရွှေကူ၊ ဖားကန့် |
| ၂။ | ကယားပြည်နယ် | ဒီမောဆိုး၊ ဖရူဆို |
| ၃။ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန် |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ကျွန်းလှ၊ ခမ်းပတ် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး၊ ပန်းတောင်း |
| ၇။ | မကွေးတိုင်းဒေသကြီး | မြို့သစ်၊ ဆိပ်ဖြူ၊ ဆော၊ ကန့်ပက်လက်၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | သပိတ်ကျင်း၊ ဝမ်းတွင်း၊ တံတားဦး |
| ၉။ | မွန်ပြည်နယ် | သံဖြူဇရပ် |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ တွံတေး |
| ၁၂။ | ရှမ်းပြည်နယ် | လင်းခေး၊ လောက်ကိုင်၊ မိုးမိတ်၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းယောင်း |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း၊ မော်လမြိုင်ကျွန်း၊ ဇလွန်၊ အမာမြို့နယ်ခွဲ |

**(မြန်မာ့အလင်း)**

# ရန်ကုန်နယ်နိမိတ်အတွင်း ခွေးရူးပြန်ရောဂါကင်းစင်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၆**

ကမ္ဘာ့ဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) က ကြီးမှူးကျင်းပသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွေးရူးပြန်ရောဂါအန္တရာယ်ကင်းစင်ပပျောက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ပြည်လမ်းမပေါ်ရှိ Jasmine Palace Hotel ၌ အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းကကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက အမှာစကားပြောကြားပြီး မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ် ဒေါ်မေမေသွယ် (ဝဲပုံ) က နှုတ်ခွန်းဆက်စကားပြောကြားသည်။




ခွေးရူးပြန်ရောဂါအန္တရာယ်ဖြစ်ပွားနိုင်ခြေကို အနည်းဆုံးဖြစ်စေပြီး အကောင်းဆုံးကာကွယ်သော နည်းလမ်းတစ်ရပ်ဖြစ်သည့် ကမ္ဘာတစ်ဝန်းလုံး၌ ကျင့်သုံးနေသော CNVR (Catch ဖမ်းခြင်း၊ Neuter သင်းကွပ်ခြင်း၊ Vaccination ကာကွယ်ဆေးထိုးခြင်း၊ Return ပြန်လွှတ်ပေးခြင်း) နည်းလမ်းကို စနစ်တကျဖြင့် ထိရောက်စွာဆောင်ရွက်သွားနိုင်ရေး အသိပညာပေးဆွေးနွေးခြင်း၊ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခြင်းများဖြင့် အကောင်အထည်ဖော်သွားနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝါရှင်တန်ဒီစီအခြေစိုက် Humane Society International (HSI)၊ ထိုင်းနိုင်ငံအခြေစိုက် Soi Dog Foundation (SDF) အဖွဲ့အစည်းများက နည်းပညာပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# နယူးမန္တလာထွန်းခရီးသည်တင်ယာဉ် တံတားလက်ရန်းဝင်တိုက်

**နေပြည်တော် အောက်တိုဘာ ၂၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဘောနီအမြန်လမ်းမကြီး ရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၅၈/၀)နှင့် (၅၈/၁) အကြား နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်းဦးနောင်နောင် မောင်းနှင်လာသော နယူးမန္တလာထွန်း Express ခရီးသည်တင်ယာဉ်သည် အောက်တိုဘာ ၂၆ ရက် နံနက် ၄ နာရီခွဲက ယာဉ်မောင်းအိပ်ငိုက်၍ လမ်းလယ်ကပ်တုံးများကို တိုက်မိပြီးနောက် တံတားလက်ရန်းတိုင်ကို ထပ်မံတိုက်မိမှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ပေါ်၌ လိုက်ပါလာသူ သံဃာတစ်ပါး၊ အမျိုးသား ၂၀၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၃၁ ဦးအနက် ယာဉ်မောင်း ဦးနောင်နောင်သည် ယာဒူးခေါင်းအောက်ခြေကျိုး၊ ယာပေါင်ရင်းပြတ်ရှဒဏ်ရာ၊ တင်ပါးဆုံရိုးနာကျင်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိသွားသည်။ အလားတူ သံဃာတစ်ပါးတွင်လည်း နှုတ်ခမ်းဖူးရောင်၊ ရင်ဘတ်အောင့်၊ သွားများနာကျင်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ ကျန်ခရီးသည်များမှာ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။



ယာဉ်မတော်တဆမှုကြောင့် နယူးမန္တလာထွန်း Express ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ရှေ့ဘန်ဘာပြုတ်ထွက်၊ ဘယ်ဘက်တာရာကွဲ၊ ညာဘက်နောက်ဘီးပိန်ချိုင့်၊ ရှေ့ခေါင်းပိုင်းပျက်စီး ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၂၀ ခန့် ပျက်စီးသွားခဲ့သည်။ သို့ဖြစ်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ဦးနောင်နောင်ကို ဘောနီအမြန်လမ်းရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**ဓာတ်ပုံ-(အမြန်လမ်းရဲတပ်ဖွဲ့ဖေ့စ်ဘွတ်)**

# ဒီဇယ်ပီပါခွံများတင်ဆောင်လာသည့် ၁၀ ဘီးယာဉ် ဆိုင်ကယ်တိုက်မိရာမှ တစ်ဦးသေဆုံး

**မော်လူး အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမကြီးပေါ် မော်လူးရဲစခန်းပိုင်နယ်မြေ၌ ဖားကန့်မှ ဒီဇယ်တင်ဆောင်လာသော ၁၀ ဘီးယာဉ်နှင့် နှစ်ယောက်စီးဆိုင်ကယ်တိုက်မိရာ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် ည ၈ နာရီ က စီးမော်ကျေးရွာအုပ်စု စီးပိန်းကျေးရွာနှင့် တုံးလုံကျေးရွာကြား ရွှေဘို- မြစ်ကြီးနား ဗျူဟာလမ်း ကားလမ်းမပေါ် မိုင်တိုင် (၁၅၇/ ၄-၅) အကြား၌ မြစ်ကြီးနားဘက်မှ မောင်းနှင်လာသော YGN 9B/ ---- ၁၀ ဘီးဆီသယ်ယာဉ်က လမ်းဘေး၌ ပျက်၍ပြင်ရန် ရပ်ထားသော ထော်လာဂျီကို ဝင်တိုက်မိပြီး ပင်ဝယ်ဘက်မှ ဘောလုံးကန်ပြီးပြန်လာသော လူငယ်နှစ်ဦးစီးလာသည့်ဆိုင်ကယ်နှင့် ထပ်ဆင့်ယာဉ်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်ကြောင့် ထော်လာဂျီမှာ ပျက်စီးသွားပြီး ဆိုင်ကယ်မောင်းနှင်လာသူ နန့်ရုံကျေးရွာနေ မောင်မြင့်ကျော် (၂၁ နှစ်)မှာ ပြင်းထန်ဒဏ်ရာဖြင့် မိုးညှင်းဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားပြီး ကူးကာကျေးရွာနေ မောင်ဖကျန်း(ခ) သင်းဇော်ဦး (၂၁ နှစ်)သည်လည်း ဒဏ်ရာပြင်းထန်စွာရရှိပြီး မြစ်ကြီးနားဆေးရုံသို့ပို့ဆောင်ထားကြောင်း၊ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နီတိုး**

# ယာဉ်နှစ်စီးအတိုက်ခံရသူ ဆေးရုံသို့ပို့စဉ် လမ်း၌သေဆုံး

**ရန်ကုန် အောက်တိုဘာ ၂၆**

အလုံမြို့နယ် ကမ်းနားလမ်းမပေါ်၌ ပထမယာဉ်တစ်စီးက တိုက်မိပြီး နောက်ယာဉ်တစ်စီးက ထပ်မံအတိုက်ခံရမှုကြောင့် အမျိုးသားတစ်ဦး သေဆုံးမှု အောက်တိုဘာ ၂၅ ရက်ည ၉ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။

အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်း အောင်ဇေယျရိပ်မွန်အိမ်ရာရှေ့၌ လမ်း၏အရှေ့မှ အနောက်ဘက်သို့ ဖြတ်ကူးလာသူ (၃၀ နှစ်ခန့်) အမျိုးသားတစ်ဦးကို ကမ်းနားလမ်းအတိုင်း ယာဉ်မောင်း သိန်းဝင်းဆွေ (၃၃ နှစ်)မောင်းနှင်လာသည့် 7K/---- တွဲအမှတ် T/R ယာဉ်က တိုက်မိရာ အတိုက်ခံရသူမှာ တစ်ဖက်ယာဉ်ကြောသို့ လွင့်ကျခဲ့ပြီး မျက်နှာချင်းဆိုင်မှလာသည့် ယာဉ်မောင်း စောဘသာ (၃၃ နှစ်) မောင်းနှင်လာသည့် အငှားယာဉ် EE/---- ဟွန်ဒါဖစ်ယာဉ်က ထပ်မံတိုက်မှု ဖြစ်ပွားခဲ့သည်။

ယာဉ်နှစ်စီး အတိုက်ခံရမှုကြောင့် အဆိုပါ အမျိုးသားမှာ ဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်မဆင်မခြင် မောင်းနှင်ကြသူ သိန်းဝင်းဆွေနှင့် စောဘသာတို့ကို အလုံမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဘော်ဂါသွေး**

# ရွှေငွေပစ္စည်းစုစုပေါင်း ငွေကျပ် ၁၅ သိန်းကျော်တန်ဖိုးပါ လက်ကိုင်အိတ်လုယူသူနှစ်ဦး ဖမ်းဆီးရမိ



**စဉ့်ကူး အောက်တိုဘာ ၂၆**

စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာ၌ ဆိုင်ကယ်ဖြင့်ဈေးဝယ်ပြန်လာသူ အမျိုးသမီးနှစ်ဦးထံမှ ရွှေငွေပစ္စည်းပါရှိသောလက်ကိုင်အိတ်ကို ဆိုင်ကယ်ဖြင့်လုယူထွက်ပြေးသူနှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

နတ်တောင်ကျေးရွာနေ မခိုင်သဇင် (၂၈ နှစ်)သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီခန့်က အစ်မဖြစ်သူနှင့်အတူ ဆိုင်ကယ်ဖြင့် နောက်မှလိုက်ပါ၍ လက်ပန်လှမှ ဈေးဝယ်အပြန် မန္တလေး-မိုးကုတ်ကားလမ်း ပင်လယ်ကြီးရွာအရောက်၌ နောက်မှ ဆိုင်ကယ်နှင့်လိုက်ပါလာသူ လူငယ်နှစ်ဦးက မခိုင်သဇင်ကိုင်ဆောင်ထားသည့် ရွှေငွေပစ္စည်းတန်ဖိုး ငွေကျပ် ၁၅ သိန်းကျော်ပါရှိသည့်အိတ်ကို လုယူ၍ မောင်းနှင်ထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်ရှိလူများအား အကူအညီတောင်း၍ လိုက်လံဖမ်းဆီးခဲ့သည်။

ပြစ်မှုကျူးလွန်သူမှာ သိန်းသန်းဝင်း(၁၆နှစ်)နှင့် ကျော်ကျော်မျိုး(၂၁ နှစ်) လက်ပန်လှနေသူတို့ဖြစ်ပြီး ၎င်းတို့ကို နေအိမ်၌ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**

## အရက်မသောက်ရန်ဆုံးမသည့် အဘွားကို မြေးဖြစ်သူက ရိုက်သတ်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘန့်ပြင်ကျေးရွာနေ ဒေါ်စိန်အေး (၈၆ နှစ်)ကို မြေးဖြစ်သူ ကြည်မြင့် (၃၅ နှစ်)က အရက်မူးပြီး ရိုက်နှက်မှု အောက်တိုဘာ ၂၅ ရက် နံနက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဒေါ်စိန်အေးသည် အရက်မူးနေသည့် ကြည်မြင့်အား အရက်မသောက်ရန် ပြောဆိုဆုံးမစဉ် ကြည်မြင့်က ဒေါသထွက်ကာ အနီးရှိ ကျောက်ခဲဖြင့် ထုပြီး ဝါးတုတ်ဖြင့် ဆက်လက်ရိုက်နှက်ခဲ့သောကြောင့် ဒေါ်စိန်အေးသည် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း မြို့မရဲစခန်းမှ သိရသည်။

**ကိုရဲ**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညပွဲဈေးတန်း၌ ငွေစက္ကူအတုနှင့်အတူ ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညပွဲဈေးတန်း၌ လူတစ်ဦးကို ငွေစက္ကူအတုနှင့်အတူ အောက်တိုဘာ ၂၅ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

ယင်းနေ့ ည ၇ နာရီခွဲခန့်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၂)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်းမကြီးပေါ်ရှိ သီတင်းကျွတ်ဈေးရောင်းပွဲတော် ညပွဲဈေး၌ လူငယ်တစ်ဦး ငွေစက္ကူတစ်သောင်းကျပ်တန်အတုဖြင့် မသင်္ကာဖွယ်ရာ ဈေးလိုက်လံဝယ်ယူနေကြောင်း သိရသဖြင့် မြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ဒုတိယရဲမှူး



မြင့်အေးနှင့် ပူးပေါင်းအဖွဲ့သည် ညပွဲဈေးတန်းတွင် ဒဂုံတောင်(၆၅) ရပ်ကွက်နေသူ ဆန်းဝင်းလှိုင်(၂၅ နှစ်)ကို တွေ့ရှိခဲ့ပြီး မြို့မရဲတပ်ဖွဲ့စခန်းသို့ ခေါ်ဆောင်၍ ရှာဖွေစစ်ဆေးရာ ၎င်း၏လွယ်အိတ်အတွင်းမှ တစ်သောင်းကျပ်တန် ငွေစက္ကူအတု ၁၅ ရွက်နှင့် မောင်စိုးဝင်းနိုင် အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ စိုးဝင်းနိုင်အမည်ပါ ရောဝတီဘဏ် MPU ကတ်တစ်ခု၊ လက်ကိုင်ဖုန်းတစ်လုံး၊ ခေါက်ပိုက်ဆံအိတ်တစ်လုံး၊ မြန်မာငွေကျပ် ၅၁၃၀၀ တို့နှင့်အတူ ရှာဖွေစစ်ဆေးတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ဆန်းဝင်းလှိုင်(၂၅ နှစ်)ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျင်မောင်**


**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)၏ ၂၀၁၆- ၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အကွက်ကြီး (၇) မှ နေပြည်တော်မြို့ပတ်လမ်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) လမ်းအောက်ခံမြေသားပြုပြင်ခြင်း
(ခ) ကွန်ကရစ်လမ်း(အလျား ၁၇၀၀'×အကျယ် ၂၄'×၁၀"ထု) ခင်းခြင်း
(ဂ) Box Culvert (၃'×၄'×၄၀') (၂)စင်းပြုလုပ်ခြင်း
(ဃ) လမ်းဘေးမြေသားရေမြောင်း(၂)ဖက် (၃'×၃'×၁၇၀၀') တူးဖော်ခြင်း

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၇-၁၀-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၁-၁၁-၂၀၁၆ရက် ၁၆:၀၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

**အင်ဂျင်နီယာဌာန(လမ်း/တံတား)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၃၂၀၃၇**

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ လက်ပန်ကျေးရွာနေ ဦးလွင်ဦး ၁၀/ကမရ(နိုင်)၀၉၁၈၁၀ ၏ သမီး မပန်းအိဖြူ ၁၀/ကမရ(နိုင်)၁၃၄၂၄၁၏ အမည်မှန်မှာ မပန်းအိဖြူဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၃-၅-၂၀၀၀ ဖြစ်ပါကြောင်း။

**မပန်းအိဖြူ ၁၃-၅-၂၀၀၀**

**အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်**

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ကျောက်ကြီးကျေးရွာနေ ဦးတင်ထွန်း၊ ဒေါ်ကြည်မေတို့၏သမီး မတုံတုံသည် ၂၀၁၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် ၅၇၈၄၊ ခုံအမှတ် ကက ၁၈ ဖြင့်အောင်မြင်သူ၏အမည်မှန်မှာ မကေသီထွန်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁-၁၉၉၇ ခုနှစ် ဖြစ်ပါကြောင်း။

**မြေးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ အလယ်ပိုင်း (၃)ရပ်ကွက်နေ ဒေါ်ပူနီမာ (EP-046267) ၏ မြေးဖြစ်သူ မောင်ထွန်းထွန်း ၁၃/ကလန(နိုင်)၁၂၉၄၉၃သည် အဘွား၏ဆိုဆုံးမမှုကို မနာခံသဖြင့် ယနေ့မှစ၍ မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**အဘွား ဒေါ်ပူနီမာ (EP-046267)**

**နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း**

ကျွန်တော်ခွန်မင်းလွင် ၁၃/တကန(နိုင်)၂၆၆၃၈၁နှင့် ကျွန်မ မနန်းသင်းသင်းဆွေ ၁၃/တကန(နိုင်)၂၆၈၂၃၅တို့သည် ၂၀၁၆ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်တရားရုံးတွင် ဒေါ်စန္ဒာထွေး(ဒုတိယမြို့နယ်တရားသူကြီး) ရှေ့မှောက်၌ တရားဝင်လက်ထပ်ပြီးစီးကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခွန်မင်းလွင်-မနန်းသင်းသင်းဆွေ**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 5A/6493 Toyota Dyna B460 အမည်ပေါက်သူ ဦးရီရွှင် ၉/တတဥ(နိုင်)၀၃၂၁၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ် (မ/၃၅၃)နေ ဦးရွှေထွန်း ၁၃/တကန(နိုင်)၀၅၇၇၅၅ သည် သူ၏သမီးဖြစ်သူ ဒေါ်မသန်း(ခ)ဒေါ်ညို ၁၃/ဟပန (နိုင်)၀၄၀၆၂၈ သည် မိဘစကားကို နားမထောင်၊ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မောင်နှမဆွေမျိုးသားချင်းတို့၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် ပြုလုပ်သည့်အတွက်ကြောင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စဟူသရွေ့ လုံးဝတာဝန်မယူပါကြောင်း။

**ဦးရွှေထွန်း ၁၃/တကန(နိုင်)၀၅၇၇၅၅**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်နေ ဦးဂျေနယ်လ်ဆင်၏သမီး မပက်ထရစ်ရှစ်ယဉ်ယဉ်စိုးနှင့် မယဉ်ယဉ်စိုးတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မပက်ထရစ်ရှစ်ယဉ်ယဉ်စိုး(ခ)မယဉ်ယဉ်စိုး ၁၂/ဥကတ(နိုင်)၁၈၇၈၅၅**

**မိဘအမည်မှန်ဖြစ်ကြောင်း ကြေညာခြင်း**

မွန်ပြည်နယ်၊ ကျိုင်ထိုမြို့၊ နယ်စွပ္ပနူးကျေးရွာ အမက (လွန်)ကျောက်ရေကန်ကျောင်း သတ္တမတန်းမှ မသူသူအောင် (မွေးသက္ကရာဇ် ၄-၈-၂၀၀၂) ၏ မိဘအမည်မှန်မှာ ဦးဇော်ဝမ်း ၁၀/ကထန (နိုင်)၀၆၇၉၉၈နှင့် ဒေါ်အေးမိစိုး ၁၀/ကထန (နိုင်)၀၄၁၁၄၁ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၇ယ/၆၄၆၄၀ Honda Wave I 110 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအိုင်ကဲ ၃/မဝတ(နိုင်)၀၀၈၅၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြဝတီမြို့)**


KBZ BANK
STRENGTH OF MYANMAR
Perfect Moments
KBZ BANK
MPU
Platinum
Asia
PRESTIGE
6244 4501 8888 8888
MAUNG MAUNG
UnionPay
Travel Mate. Asia
ပြီးပြည့်စုံသောအခိုက်အတန့်များအတွက်
KBZ UnionPay CREDIT CARDS
ဘဝအတွက် အမှတ်ရစရာ အခိုက်အတန့်လေး ပြီးပြည့်စုံဖို့အတွက်
KBZ Credit Card က သင့်နှင့်အတူရှိနေမှာပါ။
01-370055, 370066
#KBZCreditSmart
kbzbank.com



# နှစ်ထပ်ကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**ပခုက္ကူ အောက်တိုဘာ ၂၆**

ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သော ငွေကျပ်သိန်း ၁၂၀၀ ကျော်တန် SS-2(4)မြို့ညွှန့်ဆောင် နှစ်ထပ် ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက်က ပခုက္ကူမြို့ အမက (၁၇) မူလွန်ကျောင်း၌ ကျင်းပသည်။

ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်နှင့် အလှူရှင်ဦးမြို့တင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခန္တီးမြို့နေ အလှူရှင် (မြို့ညွှန့် စတိုးမိသားစု)က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်း၍ စာရွက်စာတမ်းများကို အလှူရှင်မိသားစုက လွှဲပြောင်းပေးအပ်ရာဒုတိယညွှန်ကြားရေးမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

# မုံရွာဘေးမဲ့ကန်သာယာအတွင်း ဥပဒေမဲ့ငါးခိုးဖမ်းသူများရှိသော်လည်း အရေးယူခြင်းမရှိသေး

**မုံရွာ အောက်တိုဘာ ၂၆**

မုံရွာမြို့ ဘေးမဲ့ကန်သာယာတွင် ငါးခိုးဖမ်းသူများက ဥပဒေမဲ့သည့် လုပ်ဆောင်ချက်များ အကြိမ်ကြိမ် ကျူးလွန်နေသည်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုင်ကြားထားသော်လည်း ထိရောက်သည့် အရေးယူမှုပြုလုပ် ပေးခြင်းမရှိသေးကြောင်း မုံရွာမြို့ရာပြည့်ကပ်ကျော်မင်္ဂလာစေတီဥက္ကဋ္ဌ ဦးကောင်းညွှန့်ထံမှ သိရသည်။

"မြို့ရာပြည့် ကပ်ကျော်မင်္ဂလာစေတီရဲ့ထင်ရှားကျော်ကြားတဲ့ သာသနာ့ပုံရိပ်နဲ့ မလျော်ညီတဲ့ ဘေးမဲ့ကန်သာယာအတွင်းမှာရှိတဲ့ သားငါးတွေကို ဥပဒေမဲ့ ခိုးယူဖမ်းဆီးတာတွေ ဆက်လက်မဖြစ်ပွားစေဖို့အတွက် လိုသလို အရေးယူဆောင်ရွက်ပေးဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အောက်တိုဘာ ၂၄ ရက်နေ့စွဲနဲ့ တင်ပြ တိုင်ကြားထားပါတယ်။ အောက်တိုဘာ ၂၁ ရက်က ဥပဒေမဲ့ ငါးခိုးဖမ်းသူတွေ ဟာ ပေ ၃၀၀၀ လောက်ရှိတဲ့ ငါးဖမ်း ပိုက်ကွန်များနဲ့ ဘေးမဲ့ကန်သာယာ အတွင်းမှာရှိတဲ့ သားငါးတွေကို ခိုးယူဖမ်း ဆီးဖို့ ပြင်ဆင်နေတာကို ရာပြည့် ကပ်ကျော်စေတီတော်ရဲ့ ပရဟိလူငယ်အဖွဲ့ကတွေ့ရှိရပါတယ်"ဟု ဦးကောင်းညွှန့်ကပြောသည်။

၁၉၂၂ ကေရှိသော ကန်သာယာ၏ အလယ်တွင် မုံရွာမြို့ရာပြည့် အထိမ်းအမှတ်အဖြစ် ရာပြည့်ကပ်ကျော်မင်္ဂလာ မဟာစေတီတော်ကို ဉာဏ်တော် ၅၃ ပေ ၆ လက်မရှိသည့် ရွှေတိဂုံပုံတူစေတီကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ခုနှစ် မေ ၁ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘေးမဲ့ကန်အဖြစ် သတ်မှတ်ကာ ကန်ရေယာအတွင်း သားငါးတိရစ္ဆာန်များ မဖမ်းဆီးနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ နေ့စားအလုပ်သမား သုံးဦးကို တစ်ဦးလျှင် ငွေကျပ် ၂၇၀၀ နှုန်းဖြင့် သာယာလှပရေးခေါင်းစဉ်မှ ရာပြည့် ကပ်ကျော်စေတီတော်ဥက္ကဋ္ဌ၏ ထောက်ခံချက်ဖြင့် ထုတ်ပေးရန် ခန့်ထားခဲ့ကြောင်းသိရသည်။

သို့သော် ၂၀၁၆ ခုနှစ် ဇွန်လ ၃၀ ရက် ညနေ ၅ နာရီက ပြုလုပ်သော သာယာလှပရေး အစည်းအဝေးတွင် ခန့်အပ်ထားသော နေ့စား အလုပ်သမားများကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ထုတ်ပယ်ခဲ့ကြောင်း ဦးကောင်းညွှန့်ထံမှသိရသည်။

မုံရွာမြို့နယ်စည်ပင်သာယာရေး အဖွဲ့တာဝန်ခံအင်ဂျင်နီယာ၏ ဆောင်ရွက်ချက်ကြောင့် ဘေးမဲ့ကန်သာယာတွင် ယခုအခါ ထိန်းသိမ်းစောင့်ရှောက်မည့် အဖွဲ့အစည်းမရှိဘဲဖြစ်ကာ ငါးခိုးဖမ်းယူသူများမှ ဥပဒေမဲ့လုပ်ဆောင်ချက်များကို အကြိမ်ကြိမ်ကျူးလွန်မှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုင်ကြားသော်လည်း ထိရောက်သောအရေးယူမှုမျိုးပြုလုပ်ခြင်းမရှိသေးကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ကိုယ့်အားကိုယ်ကိုးလမ်းအတွက် ဆက်သွယ်လှူဒါန်းနိုင်

**စလင်း အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု သဲကုန်း၊ ရေလဲ၊ လက်ပန်ပင်၊ ကဒါန်၊ စန်းကလေးသို့ ဆက်သွယ်ထားသော အရှည် ၆ မိုင် ၅ ဖာလုံ လမ်းပိုင်းနှင့် သဲကုန်းမှ ရေလဲရွာအပိုင်း အရှည် ၁ မိုင် ၆ ဖာလုံလမ်းပိုင်းတွင် ယမန်နှစ်က မိုးသည်းထန်ရေကြီးမှု၊ ယခုနှစ်မိုးရာသီတွင် ရေကြီးရေလျှံမှုတို့ကြောင့် လမ်းအခြေအနေ အတော်ပင် ပျက်စီးခဲ့ရာ ရေလဲကျောင်း ဆရာတော် ဦးပညာသာမိ၏ သြဝါဒစကားနာခံမှတ်သား၍ အောက်တိုဘာလလယ်ခန့်မှစ၍ ရေလဲရွာသားများက ကိုယ့်အားကိုယ်ကိုးဖြင့် ဆရာတော် မတည်အလှူငွေကျပ် သိန်း ၁၀၀ ကျော်ဖြင့် ဖောက်လုပ်လျက်ရှိသည်။

သို့သော် လုံလောက်မှုမရှိနိုင်ဘဲ သိန်း ၃၀၀ ကျော်မျှ ကုန်ကျမည် ဟု ခန့်မှန်းထားရာ ပါဝင်ကူညီလှူဒါန်းလိုသူများ လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးကျော်လှိုင်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိန်ရွှေလှိုင်**

# မန္တလေး-ပြင်ဦးလွင် လမ်းပိုင်းအသစ်ဖောက်လုပ်မှု ယာယီဆိုင်းငံ့ထားခြင်းသာဖြစ်

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေး-ပြင်ဦးလွင်လမ်းပိုင်းအသစ်ကို Axiom Mandalay Hightway Cons-truction Co.,Ltd မှ ဖောက်လုပ်လျက်ရှိရာ ဖြတ်သန်းရမည့် သစ်တောဧရိယာမှ သစ်ပင်များနှင့်ပတ်သက်ပြီး ညွှန်ကြားချက်စောင့်ဆိုင်းနေရခြင်းကြောင့် ယာယီဆိုင်းငံ့ထားကြောင်းသိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲကို ရွှေပြည်သာဟိုတယ်၌ အောက်တိုဘာ ၂၄ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းပိုင်းအနေအထားနှင့် အဆင့်ဆင့် တင်ပြပြီးမှ တရားဝင် BOT စနစ်ဖြင့် လုပ်ကိုင်ခြင်းဖြစ်သည်ဟု ကုမ္ပဏီမှပြောရေးဆိုခွင့်ရရှိသူ ဦးစိုးမြတ်သူက ပြောသည်။

"လုပ်ငန်းဆောင်ရွက်ရာမှာ EIA၊ SIA ဆန်းစစ်ခြင်းတွေဆောင်ရွက်ခဲ့သလို ဖြတ်သန်းရမယ့် မြေရှင်တွေနဲ့လည်း ထိပ်တိုက်ဆွေးနွေးမှုတွေလုပ်ခဲ့ပြီး မြေယာပြဿနာမရှိပါဘူး"ဟု ၎င်းက ပြောသည်။ အဆိုပါလမ်းပိုင်းအူကြောင်းဖောက်လုပ်မှုမှာ ၇ မိုင်ကျော်ပြီးသွားပြီဖြစ်၍ ပုသိမ်ကြီးမှ ပြင်ဦးလွင်(အနီးစခန်း)အထိ ၂၂ မိုင်သာရှိမည်ဖြစ်သည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကယားပြည်နယ်ရဲတပ်ဖွဲ့၌ အမြဲတမ်းခန့်အပ်တာဝန်ပေးရန် ဒေသခံရဲတပ်သားသစ်(အမျိုးသား)များခေါ်ယူ

**လွိုင်ကော် အောက်တိုဘာ ၂၆**

ကယားပြည်နယ်ရှိ ဒေသခံများအား ရဲတပ်ဖွဲ့၌ အမြဲတမ်းခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ရဲတပ်ဖွဲ့က ဒေသခံရဲတပ်သားသစ်(အမျိုးသား)များ ခေါ်ယူစုဆောင်းခြင်းလုပ်ငန်းကို ဒုတိယအကြိမ်မြောက်အဖြစ် အောက်တိုဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း၌ ပြည်နယ်ရဲတပ်ဖွဲ့က ပထမကြိမ်အဖြစ် ဒေသခံရဲတပ်သားသစ်ခေါ်ယူစုဆောင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဒေသခံရဲတပ်သားသစ်(အမျိုးသား) ၇၂ ဦးကို တောင်လေးလုံးရဲလေ့ကျင့်ရေးသင်တန်းသို့လည်းကောင်း၊ ဒေသခံရဲတပ်သားသစ်(အမျိုးသမီး) ၁၅၃ ဦးတို့ကို အမှတ်(၁)ရဲလေ့ကျင့်ရေးသင်တန်းသို့ လည်းကောင်း ပို့လွှတ်ပြီးဖြစ်ကာ သင်တန်းကာလ ပြီးမြောက်ပါက ပြည်နယ်ရဲတပ်ဖွဲ့တွင် ပြန်လည်၍တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ယခုဒုတိယအကြိမ်တွင် ဒေသခံရဲတပ်သားသစ်(အမျိုးသား)၁၅၀ ခေါ်ယူ စုဆောင်းသွားမည်ဖြစ်ပြီး သင်တန်းကာလလေးလကို ကယားပြည်နယ် ရဲတပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်း၌ တက်ရောက်ကာ ပြည်နယ်ရဲတပ်ဖွဲ့မှာပင် တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။ ဤသို့ဒေသခံရဲတပ်သားသစ်များ ခေါ်ယူစုဆောင်းရာတွင် အခြားသတ်မှတ်အရည်အချင်းပြည့်မီခြင်းနှင့် သတ်မှတ်ကိုယ်ကာယချို့ယွင်းချက် ကင်းစင်ခြင်းတို့အပြင် ဒေသခံဘာသာ စကားတတ်ကျွမ်းသူ၊ နယ်စပ် တစ်ဖက်နိုင်ငံဘာသာစကား ရေး၊ ဖတ်၊ ပြောတတ်သူ၊ ဒေသတွင်း အမြဲတမ်း တာဝန်ထမ်းဆောင်နိုင်သူများကို ပဏာမစိစစ်ရွေးချယ်ကာ စိတ်ပညာ စစ်ဆေးချက်အောင်မြင်မှ ခန့်အပ်တာဝန်ပေးခြင်းဖြစ်သည်။

ယခုအကြိမ် ဒေသခံရဲတပ်သားသစ်(အမျိုးသား)ခေါ်ယူစုဆောင်းခြင်းကို အောက်တိုဘာ ၃၁ ရက်နောက်ဆုံးထား၍ ဆောင်ရွက်မည်ဖြစ်ပြီး နိုဝင်ဘာလပထမပတ်အတွင်း၌ သင်တန်းစတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# အမျိုးသား(အလွတ်တန်း)ပိုက်ကျော်ခြင်း ဗိုလ်လုပွဲကျင်းပ



**ပြည် အောက်တိုဘာ ၂၆**

ပြည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပိုက်ကျော်ခြင်းဆပ်ကော် မတီတို့ ကြီးမှူး ကျင်းပသော (အလွတ် တန်း) အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြည်မြို့ ယဉ်ကျေးမှုအားကစားရုံ၌ အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ရာ ပြိုင်ပွဲသို့ ပြည်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ပထမ ဆုကို ရွှေပြည်(၁)အသင်းက လည်းကောင်း၊ ဒုတိယဆုကို ဝက်ထီးကန်အသင်းက လည်းကောင်း၊ တတိယဆုကို ရွှေပြည်(၃) အသင်းက လည်းကောင်း အသီးသီးရရှိခဲ့ပြီး ဆုရရှိသည့်အသင်းများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# မျက်စိရောဂါဝေဒနာခံစားနေရသူများအား အခမဲ့ခွဲစိတ်ကုသပေးမည်

**မြောင်းမြ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူ မျက်စိဝေဒနာ ခံစားနေရသူများအား ဆဋ္ဌမအကြိမ်မြောက်အဖြစ် စက္ခုပါလ မျက်စိအခမဲ့ ခွဲစိတ်ကုသပေးမှုကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)ရုံးခွဲ စက္ခုပါလဆေးခန်း၌ နိုဝင်ဘာ ၄ ရက်မှစကာ သုံးရက်ကြာစမ်းသပ်စစ်ဆေးကုသပေးသွားမည်ဖြစ် ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အသင်း စက္ခုပါလမျက်စိအခမဲ့ကုသရေးအလုပ်အမှုဆောင်အဖွဲ့က ကြီးမှူးကာ မျက်စိအထူးကုဆရာဝန် ကြီးများနှင့် စမ်းသပ်စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း၊ လာရောက်ကာ ဆေးပြသည့် သုံးရက်အတွင်း လူနာနှင့် လူနာစောင့် တစ်ဦးအတွက် မနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် ကျွေးမွေးညှော်ခံသွားမည်ဖြစ်ကြောင်း၊ အလုပ်အမှုဆောင်အဖွဲ့နှင့်အတူ လုပ်အားဒါကုသိုလ်ပါဝင်ယူလိုသူများ၊ မျက်စိတစ်လုံးစာ အလှူရှင်အဖြစ် လှူဒါန်းပေးလိုသော အလှူရှင်များအနေဖြင့် မျက်စိခွဲစိတ်ခ ဆေးဖိုးအတွက်ပါ ငွေကျပ် ၄၀၀၀၀ လှူဒါန်းနိုင်ပြီး မိမိစေတနာသဒ္ဓါတရားထက်သန်သလောက် ကုသိုလ်ယူပါဝင် လှူဒါန်းပေးနိုင်ကြောင်း ဆက်သွယ်လှူဒါန်းလိုပါက စက္ခုပါလအသင်းဥက္ကဋ္ဌ ဦးဝင်းတင့် ဖုန်း-၀၉-၉၆၆၁၄၉၁၂၃၊ အတွင်းရေးမှူး ဦးစိုးတင့် ဖုန်း-၀၉-၉၇၀၆၈၆၆၁၁၊ အမှုဆောင်ဦးအောင်ထွန်းခိုင် ဖုန်း-၀၉-၂၅၄၀၀၉၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**လှမ်းသီဟ(ဝါးခယ်မ)**

# ဥရောပသမဂ္ဂမှ တရားဝင်ငါးဖမ်းဆီးခြင်း အသိမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး သင်တန်းပို့ချ

**ကော့သောင်း အောက်တိုဘာ ၂၆**

ဥရောပသမဂ္ဂ(Europen Union)နှင့် Myanmar Trade Development Programme(TDP) အစီအစဉ်ဖြင့် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများအဖွဲ့ တရားဝင်ငါးဖမ်းဆီးခြင်းအသိမှတ်ပြုလက်မှတ်(Catch Certificate) ထုတ်ပေးနိုင်ရေးသင်တန်းကို ကော့သောင်းမြို့ ဒေသခံငါးလုပ်ငန်းရှင်များနှင့် ငါးလုပ်ငန်းကုမ္ပဏီ တာဝန်ရှိသူများအား အောက်တိုဘာ ၂၄ ရက်က ကော့သောင်းမြို့ ဂါးဒင်းဟိုတယ်၌ စတင်ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဥရောမသမဂ္ဂ(Europen Union) ပညာရှင် အီတလီနိုင်ငံသား Mr.GillesHosch နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနတာဝန်ရှိသူများ၊ ဒေသခံငါးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်းငါးသယံဇာတမပြုန်းတီးရေး၊ တရားဝင်ငါးဖမ်းဆီးမှုများပပျောက်ရေး၊ တရားမဝင် ငါးတင်ပို့ရောင်းချမှုမဖြစ်ပေါ်စေရေးအတွက် ဒေသခံရေလုပ်ငန်းရှင်များအား တရားဝင်ငါးဖမ်းဆီးမှုအသိအမှတ်ပြု (ထုတ်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို သင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# ဆုတောင်းတိုင်းသာ ပြည့်စေချင်ပါသည်

**ဆရာသောင်း(ရမည်းသင်း)**

အသုဘအိမ်တစ်အိမ်ကို သွားလိုက်ပြီဆိုမှဖြင့် ကြီးမားတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ နှောင်ဖွဲ့နေတဲ့ သမုဒယသံယောဇဉ်တွေကြောင့် ပူဆွေးသောကတွေ ရင်မှာပိုက်ပြီးငိုကြီးချက်မနဲ့ ရှိုက်ကြီးတငင်ငိုကြွေးနေကြတာကို အမြဲတစေမြင်တွေ့နေကျမို့ သြော်...လူတွေအားလုံးဟာ သေမျိုးတွေချည်းပါလား။ အနိစ္စဆိုတာ အမြဲမရှိခြင်း၊ ဒုက္ခဆိုတာဆင်းရဲခြင်း၊ အနတ္တဆိုတာ အစိုးမရခြင်းပါလားဆိုတဲ့ တရားတွေကို မျက်ဝါးထင်ထင် သိမြင်လာတတ်ကြပါတယ်။

"ဒါနဲ့ နေပါဦး ... အခုဆုံးသွားတဲ့အဘွားမှာ သားသမီးတွေ ဆွေမျိုးတွေ မရှိကြဘူးလား"

"ရှိပါသော်ကော ဆရာရယ်၊ သားသမီးက ခြောက်ယောက်၊မောင်နှမက ငါးယောက်တောင်မှ"

"ဟင်...ဒါနဲ့များတောင် အဘွားသေတာ ငိုမယ့်သူ တစ်ယောက်မှ မရှိပါလား၊ ဘယ်လိုဖြစ်ကြတာတုံး"

"အင်း... ဒီအဘွားက သားသမီးကံလည်း ဆိုးရှာပါတယ် ဆရာရယ်။ လင်ကအရက်နဲ့ ပွဲသိမ်းခဲ့ရသလို၊ သားကြီး သြရသကလည်း အဖေ့ခြေရာနင်းတယ်လေ။ ဒီတော့မအိုခင်မှာဘဲ အရက်နာကျပြီးဖအေ့နောက် လိုက်သွားခဲ့ရတယ်ဆိုပါတော့။ ဒုတိယသားကျတော့ အရက်မသောက်ပေမယ့် ဆေးလိပ်သောက်လိုက်၊ ကွမ်းစားလိုက်လုပ်ရင်းက အဆုတ်ရောဂါနဲ့ လျှာကင်ဆာဖြစ်ပြီးဆုံးသွားပြန်တယ်။ အဲ... တတိယသားကတော့ ဂဏ္ဍဝင်မြောက်၊ စံတင်လောက်တဲ့ မူးယစ်ဆေးဝါးကြောင့် သက်ဆိုးမရှည်ပါဘူး ဆရာရယ်"

"ဒါဆို ကျန်တဲ့သားသမီးသုံးယောက်ကရောဗျာ"

"သမီးတစ်ယောက်ကတော့ မလေးရှားသွားပြီး အလုပ်လုပ်ရင်းက ဘာအဆက်အသွယ်မှမရတာ သုံးနှစ်ရှိပါပြီ။ သေလား၊ ရှင်လားဆိုတာတောင် မသိရဘူးတဲ့ ဆရာရယ်"

"ဒါနဲ့ ...နေပါဦး။ ကျန်တဲ့နှစ်ယောက်ကရော အိမ်ထောင်သည်တွေလားဟင်"

"ဟုတ်ပါတယ်ဆရာ။ အိမ်ထောင်သည်တွေပါ။ အဘွားခမျာမှာ တစ်ယောက်တည်းရုန်းကန်နေရင်းက အားကိုးစရာမရှိတာနဲ့ သမီးဖြစ်သူနောက် မန္တလေးလိုက်ပြီးနေမယ်လုပ်တော့ သမက်ဖြစ်သူက လက်မခံဘူးတဲ့လေ။ ငါ့အမေလာနေမယ်ဆိုတုန်းက နင်ကယောက္ခမနဲ့အတူ မနေနိုင်ဘူးဆို၊ အခုလည်း နင့်အမေ လုံးဝမလာစေနဲ့။ နောက်ပြီးငါမသိအောင် နင့်အမေဆီ ငွေပို့လို့ကတော့ ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီသာမှတ်လို့ ကြိမ်းထားတော့သမီးအိမ်မှာ လိုက်နေလို့မရဘူးပေါ့ ဆရာရယ်"

"ဒီလိုဆို သူ့သားဆီ လိုက်မနေဘူးလား"

"နေပါတယ် ဆရာ၊ သမီးအိမ်မှာ လိုက်နေလို့မရတာနဲ့ သားလုပ်သူနောက် ရန်ကုန်လိုက်ပြီး နေတဲ့အခါကျတော့ ချွေးမလုပ်သူက လင်ရှေ့မှာ တစ်မျိုး၊ လင်ကွယ်ရာမှာ တစ်မျိုးနဲ့ ယောက္ခမအပေါ် ဆိုးသလားမမေးနဲ့။ ထမင်းတောင် ဝဝမကျွေးဘူးတဲ့ ဆရာရယ်။ အဘွားခမျာ နေမကောင်းလည်း ကိုယ့်အဝတ်ကိုယ်တိုင်လျှော်ရပြီး ကိုယ့်ဆီးအိုးကိုယ်တိုင်သွန်ရတာတဲ့ဗျာ။ သားအိမ်မှာနေလို့မှ တစ်လမကြာဘူး။ ချွေးမလုပ်သူက သူ့လက်စွပ်ကို အဘွားရဲ့အိပ်ရာအောက်မှာ သူကိုယ်တိုင်ထားပြီး သူခိုးလို့စွပ်စွဲတယ်တဲ့လေ။ အဲဒါကိုဗျာ ... မယားလုပ်သူက လင်တော်မောင်ကို ငိုယိုပြီး ပြောလိုက်တာနဲ့ မိန်းမစကားကိုယုံပြီး မွေးကျေးဇူးကိုမှမထောက်၊ အမေအရင်းခေါက်ခေါက်ကို ငေါက်ငမ်းပြီး နှင်ချလိုက်သတဲ့ ဆရာရယ်။ ရိုင်းစိုင်းရက်စက်လိုက်တဲ့သား၊ အံ့ပါရဲ့။ ဒီအကြောင်းတွေကိုသူတို့အိမ်မှာနေတဲ့ အိမ်ဖော်မလေး ရမည်းသင်းကို အလည်ပြန်လာတုန်းက ပြောပြလို့ ကျွန်တော်တို့ မိသားစုတစ်စုလုံး အဘွားကိုသနားပြီး ငိုလိုက်ကြရတာဗျာ၊ မပြောပါတော့နဲ့"

"အို...အလွန်မိုက်ရိုင်းရက်စက်တဲ့ သားသမီးတွေပါလား။ အဲဒါနဲ့ပဲ အဘွားက ကိုယ့်အိမ်ကိုပြန်လာပြီး တစ်ယောက်တည်း နေရတယ်ဆိုပါတော့။ ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ သားသမီးတွေကို အားမကိုးရတဲ့ အဆုံးမှာ ကျွန်တော်တို့မိသားစုနဲ့ လာနေဖို့ပြောပါသေးတယ်။ ဒါပေမဲ့အဘွားက သားသမီးတွေရှိရဲ့သားနဲ့ သူများအိမ်မှာ လိုက်နေရင် သူများကိုဒုက္ခပေးသလို ဖြစ်မှာစိုးလို့တဲ့လေ။ သူ့ခင်ပွန်းနဲ့အတူနေလာခဲ့တဲ့ ဒီအိမ်လေးမှာပဲ တစ်ယောက်တည်း နေတော့မယ်တဲ့။ အဲဒါနဲ့ သူပေး၊ လူပေးလေးတွေ မဝတဝစားပြီး ပြုစုမယ့်သူမရှိဘဲ အဘွားတစ်ယောက်တည်း ဆင်းဆင်းရဲရဲ နေလာရင်းက အဘွားအသက်ရှစ်ဆယ်ရောက်မှ စားရမဲ့၊ သောက်ရမဲ့ဘဝနဲ့ သေသွားရရှာတာပါပဲ ဆရာရယ်။ ဒါပေမယ့် အဘွားက သူသေတဲ့အထိသူ့သားသမီးတွေ မကောင်းကြောင်း လုံးဝပြောမသွားရှာပါဘူး။ အဘွားဆုံးလို့ အကြောင်းကြားတာတောင်မှ သူ့သားသမီးနှစ်ယောက်စလုံး မလာကြတာနဲ့ ဒီရပ်ကွက်ထဲကလူတွေဝိုင်းဝန်းပြီး အသုဘကိစ္စကိုစီစဉ်ကြရတာပါ။ သူ့မောင်တွေ၊ ညီမတွေကလည်း ဘယ်သူမှမလာကြပါဘူး။ တကယ့်ကိုပဲ သေခန်းဖြတ်ထားကြတာကိုး၊ ဒီဘွားက အိုကံလည်း မကောင်းရှာပါဘူး ဆရာရယ်"



"အင်း...ဒီလိုဆိုရင် မောင်တစ်ကျိပ်ပင် ရှိလင့်ကစား၊ လင်မရှိသော မိန်းမသည် အချည်းနှီးတည်း။ သားသမီးတစ်ကျိပ်ပင် ရှိလင့်ကစား၊ ကျွေးမွေး၊ ပြုစု၊ စောင့်ရှောက်မည့်သားသမီးမရှိသောမိဘသည် အချည်းနှီးတည်းလို့တောင် ပြောရမလိုဖြစ်နေပါပြီဗျာ"

"သြော်...ကျွန်တော်က **ရွှေသင်းဘိုးဘွားရိပ်သာ** က ဘဏ္ဍာရေးမှူးပါ၊ ဆရာတို့နဲ့အတူ ထိုင်မယ်နော်"

"ဟုတ်ကဲ့ ထိုင်ပါခင်ဗျာ"

"ဆရာတို့နှစ်ယောက်ပြောနေကြတာကို ဟိုဘက်စားပွဲကနေ ကြားရတာစိတ်မကောင်းလိုက်တာဆရာရယ်၊ ဒီလောက်ဒုက္ခတွေရောက်ပြီး ခိုးကိုးရာမဲ့နေတဲ့အဘွားကို ဘာဖြစ်လို့ ကျွန်တော်တို့ ရိပ်သာမပို့ကြတာလဲဗျာ"

"အဘွားကို ဘိုးဘွားရိပ်သာပို့ဖို့ ရန်ကုန်နဲ့ မန္တလေးက သူ့သားသမီးတွေကိုဖုန်းဆက်ပြီး ခွင့်တောင်းပါသေးတယ် ဆရာ။ ဒါပေမယ့် သူ့သားသမီးတွေက သူတို့ရှိရဲ့သားနဲ့ အဘွားကို ဘိုးဘွားရိပ်သာပို့ရင် သူတို့သိက္ခာကျမှာပေါ့ဆိုပြီးမပို့ရဘူးတဲ့ ဆရာရယ်"

"အို....အလွန်ရက်စက်တဲ့သားသမီးတွေပဲဗျာ။ မိဘကိုလည်း ပစ်ထားသေးတယ်။ ပြုစု၊ စောင့်ရှောက်ပေးမယ့်ဘိုးဘွားရိပ်သာကိုကျတော့လည်း မပို့ရဘူးဆိုတော့ မိုက်ချက်ကတော့ ကမ်းကုန်ပါပဲ။ အေးလေ... ဒါကြောင့်မို့လည်း **မိဘကျေးဇူး၊ မြင်းမိုရ်ဦးဖြင့်၊ တင့်ထူးခေါ်ဝေါ်၊ ကျေးဇူးတော်သည်၊ ရှိသော်ငြားလည်းသိသူရှား၏၊ သိသော်ငြားလည်း ပြောသူရှား၏။ ပြောသော်ငြားလည်း ဆပ်သူရှား၏။ ဆပ်သော်ငြားလည်း ကျေသူရှား၏** လို့ပြောကြတာပေါ့ဗျာ"

"သြော်...ဒါနဲ့ **ရွှေသင်းဘိုးဘွားရိပ်သာ**ကို ဘယ်တုန်းက စပြီး ဖွင့်ခဲ့တာလဲ ဆရာ"

"ဒီလိုဗျ... ရမည်းသင်းမြို့ရဲ့ တောင်ဘက်မှာ ဆင်ကျုံးတောရကျောင်းတိုက်ဆရာတော်ကြီးလှူခဲ့တဲ့ ကျောင်းပိုင်မြေရှိတယ်ဆရာ။ အဲဒီမြေပေါ် မှာ အများစုပေါင်းလှူဒါန်းကြတဲ့ မတည်ငွေသိန်းသုံးရာကျော်နဲ့ ရွှေသင်းဘိုးဘွားရိပ်သာကို ဆောက်ခဲ့တာပါ။ မှတ်မှတ်ရရ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ အဘွားလေးဦးနဲ့စပြီးဖွင့်ခဲ့တာ အခုဆိုရင် ခုနစ်နှစ်ပြည့်ခဲ့ပါပြီဆရာ"

"ဟုတ်ကဲ့...အဘိုးအဘွားကရော ဘယ်နှယောက်ရှိနေပြီလဲ ဆရာ"

"အဘိုးကရှစ်ယောက်၊ အဘွားက ၁၄ ယောက်ဆိုတော့ စုစုပေါင်း ၂၂ ယောက်ရှိနေပါပြီ။ ဒါပေမယ့်အဘိုးဆောင်မှာ ရှစ်ယောက်ပြည့်နေပြီမို့ နောက်ထပ်တိုးလာမယ်ဆိုရင် လက်မခံနိုင်တော့ပါဘူး။ အဘွားဆောင်တစ်ဆောင်မှာလည်း လူပြည့်နေပါပြီ။ ကျန်တဲ့အဘွားဆောင်မှာတော့ နောက်ထပ်ငါးယောက်လောက်လက်ခံနိုင်ပါသေးတယ်"

"ဒီလိုဆို ဘိုးဘွားတွေများများလက်ခံနိုင်အောင် အဆောင်တွေထပ်ပြီး လှူမယ့်သူတွေရှိလာရင် ဘယ်လောက်များကောင်းလိုက်မလဲ ဆရာရယ်"

"သိပ်ကောင်းတာပေါ့ဆရာ၊ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံးတော့ဘိုးဘွားတွေစားရေး၊ သောက်ရေး၊ နေရေး ထိုင်ရေး အစစအရာရာအဆင်ပြေအောင် လုပ်ဆောင်ပေးနေတာပါပဲ။ အခုဆိုရင် ရိပ်သာမှာ ဘိုးဘွားတွေ တရားဘာဝနာပွားနိုင်အောင် ရွှေနှင်းဆီမွှာရုံရှိတယ်။ ထာဝရကုသိုလ်ပွားများနိုင်အောင် မြသိန်းတန်စေတီ၊ နဂါးရုံဘုရား၊ တံခွန်တိုင်နဲ့အာရုံခံဇရပ်ရှိတယ်။ နောက်ပြီးစားရိပ်သာ၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ၊ အဝီစိရေတွင်း၊ ရေလှောင်အုတ်ကန်၊ ဝန်ထမ်းအိပ်ဆောင်၊ မီးစက်၊ ရေတင်စက်၊ ဂါလန် ၈၀၀ ဆံ့ရေစင်၊ ကားတစ်စီး၊ ကားပါကင်၊ ကားဂိုဒေါင်၊ ရေခဲသေတ္တာနှစ်လုံး၊ ပန်ကာမျိုးစုံ၊ တီဗွီနှစ်လုံး၊ သတင်းစာ၊ ဆေးပေးခန်း၊ စုံလို့ပါပဲ ဆရာ"

"ဒါနဲ့...ရိပ်သာမှာဆေးပေးခန်းရှိတယ်ဆိုတော့ ဆရာဝန်၊ ဆရာမတွေရောရှိလားဆရာ"

"အခုချိန်အထိတော့ဆရာဝန်၊ ဆရာမတွေ မထားနိုင်သေးပါဘူး ဆရာ။ လောလောဆယ်ဘိုးဘွားတွေရဲ့ကျန်းမာရေးအတွက် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံက ခရိုင်ဆရာဝန်ကြီးနဲ့ အဖွဲ့ရယ်၊ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်းက ဆရာဝန်ရယ်၊ ရမည်းသင်းမြို့နယ်တိုင်းရင်းဆေးရုံက ဆရာတွေရယ်၊ မကြာခဏ လာပြီး ဘိုးဘွားတွေကို စစ်ဆေးကုသပေးတဲ့အပြင် ဆေးဝါးတွေလည်း လှူဒါန်းကြပါသေးတယ်ဆရာ။ နောက်ပြီးရွှေမြင်တင် အမှတ်(၃)စစ်အခြေခံလေ့ကျင့်ရေးတပ်က တပ်မှူးကြီးနဲ့အဖွဲ့ကလည်း ဆေးဝါးတွေလှူဒါန်းကြပါတယ်"

"အင်း ...ဆရာဝန်၊ ဆရာမတွေ အမြဲတမ်းခန့်ထားနိုင်အောင် အလှူရှင်တွေများများပေါ်လာရင်သိပ်ကောင်းမှာပဲနော်"

"သိပ်ကောင်းတာပေါ့ ဆရာရယ်။ ဒီလိုဆိုရင် ဘိုးဘွားတွေနဲ့ ကျန်းမာရေးကို အချိန်ပြည့်စောင့်ရှောက်ပေးနိုင်တာပေါ့။ အခုတော့ ဘိုးဘွားတွေ ရုတ်တရက်နေမကောင်းဖြစ်ရင် ဆေးခန်းပို့တန်ပို့၊ ဆေးရုံတင်သင့်ရင်တင်၊ ကုသရင်းက တိမ်းပါးသွားခဲ့တဲ့ အဘွားသုံးယောက်ကို အသုဘကိစ္စအဝဝတာဝန်ယူ သင်္ဂြိုဟ်ပေးခဲ့တဲ့အပြင် ဆွမ်းသွတ်တရားနာကုသိုလ်ကောင်းမှုအထိ ဆောင်ရွက်ပေးခဲ့ပါသေးတယ် ဆရာ"

"ကောင်းလိုက်တာဗျာ....ဒါနဲ့ ဘိုးဘွားတွေအနေအထိုင်၊ အစားအသောက်ရောအဆင်ပြေကြရဲ့လားဆရာ"

"အဆင်ပြေအောင်လုပ်ထားပေးပါတယ်ဆရာ။ ထမင်းကတစ်နေ့သုံးနပ်ကျွေးတဲ့အပြင် လက်ဖက်ရည်၊ ကော်ဖီ တိုက်ပါသေးတယ်။ ကုသိုလ်ရေးအတွက်လည်း ဘုရားဝတ်ပြုချိန်၊ မေတ္တာပို့ချိန်၊ စုပေါင်းတရားမှတ်ချိန်နဲ့ စိတ်ကြိုက် ဘာဝနာပွားချိန်တွေ သတ်မှတ်ပေးထားပြီး နေ့စဉ် အချိန်ဇယားအတိုင်း လုပ်ဆောင်ကြရပါတယ်"

"သြော်...ဒါနဲ့ စကားမစပ် အဝတ်လျှော်စက်တော့ရှိမှာပေါ့နော်"

"ဟို...အဝတ်လျှော်စက်ကတော့ မရှိသေးဘူးဆရာ။ တချို့အဘိုးအဘွားတွေလည်း ကိုယ့်အဝတ်အစားကိုယ်လျှော်နိုင်တဲ့သူကလျှော်လို့၊ မလျှော်နိုင်တဲ့ဘိုးဘွားသုံးယောက်လောက်ကိုတော့ဝန်ထမ်းတွေက လျှော်ပေးပါတယ်။ တချို့အဘိုးအဘွားအချင်းချင်းလည်းကူညီပြီး လျှော်ပေးကြပါတယ် ဆရာ"

"အင်း... အဘိုးတွေ အဘွားတွေက အသက် ၇၀၊ ၈၀ ကျော်တွေဆိုတော့ ဒီလောက်အသက်အရွယ်ကြီးမှအဝတ်လျှော်ရင်းကများ ရေချိုးခန်းထဲမှာ ချော်လဲပြီးကျိုးပဲ့ကုန်မှဖြင့် ဒုက္ခပါပဲဆရာရယ်။ ကျော်မကောင်း၊ ကြားမကောင်း။ တကယ်ဆိုရင် အဝတ်လျှော်စက်ဝယ်ပြီး ဝန်ထမ်းတွေက အဘိုးအဘွားအားလုံးရဲ့ အဝတ်တွေကို လျှော်ပေးမယ်ဆိုရင် ပိုမကောင်းပေဘူးလားဆရာ"

"ဒီလိုဆိုရင်တော့ ပိုကောင်းတာပေါ့ ဆရာရယ်"

"ဒါနဲ့ .. ဘယ်လို အလှူငွေတွေ လှူလို့ရသလဲဆရာ၊ ဘယ်သူနဲ့ ဆက်သွယ်ပြီး လှူရမှာလဲဟင်"

"ထာဝရငွေပဒေသာပင်နဲ့ ဆေးပဒေသာပင်အလှူငွေ၊ ရိပ်သာ ပြုပြင်ထိန်းသိမ်းရေး လစဉ်အလှူငွေတွေကို လှူနိုင်တဲ့အပြင် တစ်နေ့တာအာဟာရ အလှူငွေကျပ်နှစ်သောင်းကိုလည်း အုပ်ချုပ်ရေးမှူးရဲ့ ဖုန်း-၀၉-၄၀၂၇၉၃၃၄၈ နဲ့ ဘဏ္ဍာရေးမှူး ၀၉-၂၁၇၃၆၂၇ တို့သို့ဆက်သွယ်ပြီး လှူနိုင်ပါတယ်ဆရာ"

"ဒီလိုဆိုရင် လောလောဆယ် အရေးတကြီးလိုအပ်နေတဲ့ ဘိုးဘွားဆောင်တွေရယ်၊ ဆရာဝန်၊ ဆရာမခန့်ထားဖို့လိုအပ်နေတဲ့ အလှူငွေတွေရယ် အဝတ်လျှော်စက်လှူမယ့် သူတွေပါ အမြန်ဆုံးပေါ်လာရင် ပိုမကောင်းဘူးလားဆရာ"

"ဒါဆိုရင်တော့ အကောင်းဆုံးပေါ့ ဆရာရယ်"

"အေးဗျာ...ညအိပ်ရာဝင်၊ ဘုရားရှိခိုးပြီးတိုင်း၊ ဘုရားတပည့်တော်သည် ကျေးဇူးရှင်မိဘနှစ်ပါးကို ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် မိဘတိုင်း သားသမီးရှိပါလျက်နဲ့ သားသမီးတို့၏ စွန့်ပစ်ခြင်းကို ဒီအဘွားလိုမခံကြရပါစေနဲ့ဆိုတဲ့ဆုကို အမြဲတမ်းတောင်းတော့မယ်လို့ဆုံးဖြတ်လိုက်ပြီဗျာ"

"ဆရာတောင်းတဲ့ဆုနဲ့ တစ်လုံးတစ်ဝတည်းပြည့်ပါစေ ဆရာ"

**ငါ့အားကြည်ဖြူ၊ ပြုစုသူသည်၊ ငါတူညီမျှ၊ ဂိလာနကို၊**
**ဖေးမကြင်နာပြုစုရာ၏။**
**ဗုဒ္ဓဘုရားမိန့်မှာကြားသည်။**
**ဘိုးဘွားမိဘပြုစုကြ။**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**သံတွဲ အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ်တွင် ခရိုင်နှင့် မြို့နယ်လျှပ်စစ်တို့ ပူးပေါင်းပြီး အောက်တိုဘာလ တတိယပတ်တွင် သံတွဲမြို့နယ် ငပလီမြို့ အထက်တန်းကျောင်း၌ ဒေသခံပြည်သူများအား လျှပ်စစ်ပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ပြီး ငပလီရပ်ကွက်အတွင်း နေအိမ်များနှင့် သံတွဲမြို့နယ် ခန်းမရှေ့နှင့် ငပလီလမ်းဆုံတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ လူစည်ကားသော လမ်းဆုံလမ်းခွများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် မြေစိုက်ပိုစတာများကိုလည်း စိုက်ထူပေးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုမရှိစေရေးနှင့် ဓာတ်အားပြည့်ဝစွာ ရရှိရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**

## တရားရုံးဝန်ထမ်းများအား ဆန်၊ ဆီနှင့် ကုလားပဲများထောက်ပံ့ပေးအပ်

**ဟားခါး အောက်တိုဘာ ၂၆**

ဟားခါးမြို့၌ ယခင်နှစ်ကဲ့သို့ မိုးတွင်းကာလ တောင်ပြိုပြီးလမ်းပိတ်ဆို့မှုဖြစ်ပါက ဝန်ထမ်းများအား ထောက်ပံ့နိုင်ရန် ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၏ စီမံမှုဖြင့် သိုလှောင်ထားသည့် ဆန်၊ ဆီနှင့် ကုလားပဲများကို ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၂၅ ရက်က ချင်းပြည်နယ်တရားလွှတ်တော်ရုံး၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က ပြည်နယ်တရားရုံး၊ ဟားခါးခရိုင်နှင့် မြို့နယ်တရားရုံးတို့မှ အရာရှိများနှင့် ဝန်ထမ်းစုစုပေါင်း ၅၀ ကို ဆန်၊ ဆီနှင့် ကုလားပဲများ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်သည့် ရိက္ခာများကို မိုးတွင်းကာလအတွက် သိုလှောင်ထားခြင်းဖြစ်ပြီး ယခုအခါပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် ထောက်ပံ့ဝေငှပေးခြင်းဖြစ်ကြောင်း ပြည်နယ်တရားလွှတ်တော်ရုံးမှ သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## သတင်းတိုများ

### တောင်စွန်း–ကျီးပင်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မည်

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်-ကျီးပင် ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ခင်းကျင်းမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းသည် အရှည် ၁ မိုင် ၆ ဖာလုံခန့်ရှိပြီး ကွန်ကရစ်လမ်းအကျယ် ၁၂ ပေ ခင်းကျင်းမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈၅ ဒသမ ၈၅ သန်းဖြင့် တင်ဒါအောင်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းမှာ တောင်စွန်းဓမ္မဒူတတောရမှ ကျီးပင်ရွာကြား ဆက်သွယ်ထားသည့်လမ်းဖြစ်ပြီး ဒေသ၏ စီးပွားရေးအရ အဓိကကျသည့် ကုန်သွယ်လမ်းလည်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ဆွေးနွေး

ဂန့်ဂေါမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ အောက်တိုဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည်။ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လင်းက ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

### ဘုရားပွဲတော်နှင့် ကြာသကန်း ကပ်လှူပူဇော်ပွဲ ကျင်းပ

မွန်ပြည်နယ် သထုံမြို့နယ် ဝင်းပတောင်တန်းပေါ်ရှိ ရှေးဟောင်းရွှေစကြာစေတီတော်ဘုရားပွဲတော်နှင့် ကြာသကန်း ကပ်လှူပူဇော်ပွဲကို သီတင်းကျွတ်လဆုတ် ၈ ရက်က ကျင်းပခဲ့သည်။ ဘုရားပွဲတော်တွင် ဝင်းပကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ စုပေါင်းပြီး ကြာသကန်းများနှင့် လှူဖွယ်ပစ္စည်းများ ကိုင်ဆောင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျေးရွာအတွင်းလှည့်လည်ကာ ဝင်းပတောင်ပေါ် ရွှေစကြာဘုရားသို့ တက်ရောက် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဝင်းပတောင်တန်းပေါ်ရှိ ရှေးဟောင်းရွှေစကြာစေတီတော်ဘုရားပွဲကို နှစ်စဉ် စည်ကားစွာကျင်းပကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

### ပြည်သူ့စာကြည့်တိုက်၌ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲကျင်းပ

တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပြည်သူ့စာကြည့်တိုက်၌ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် စာရေးဆရာအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ ထန်းတပင်မြို့အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား မြို့နယ် ပြန်/ဆက် ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ ထို့အပြင် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား စာရေးဆရာ ထန်းတပင်စန်းလွင်က ၄င်းရေးသားသော မီးလျှံများကို ဖြတ်ကျော်ခြင်း စာအုပ်ကို လက်ဆောင်ပေးအပ်ခဲ့သည်။ **မောင်ရွှေဝင်း(ပြည်)**

### ပိတ်ဆို့နေသောရေမြောင်းကို မြေတူးစက်များဖြင့် တူးဖော်ပြုပြင်

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် ၄ဝါလမ်းရှိ ပိတ်ဆို့နေသောရေမြောင်းကို မြေတူးစက်ဖြင့် အောက်တိုဘာ ၂၄ ရက်မှစ၍ ပြန်လည်ပြုပြင်တူးဖော်လျက်ရှိသည်။ ရေမြောင်းတူးဖော်မှုကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် အလုံမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်တို့ ဦးဆောင်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။
**တင်မောင်ဦး(အလုံ)**

### ရေယာဉ်စီးခရီးသွားပြည်သူများအသက်အန္တရာယ် ထိခိုက်မှုမရှိစေရေး ရေယာဉ်များစစ်ဆေး

ဇန်းမော် အောက်တိုဘာ ၂၆
ကချင်ပြည်နယ် ဇန်းမော်မြို့တွင် ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်စီးခရီးသွားပြည်သူများ အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေးတွက် ဆိပ်ကမ်းမှ မထွက်ခွာမီ ရှပ်ပြေးရေယာဉ်များအား စစ်ဆေးခဲ့ကြောင်း သိရသည်။
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ ရေကြောင်းပို့ဆောင်ညွှန်ကြားမှုဦးစီးဌာနမှ ဦးပိုက်တင်တို့သည် အောက်တိုဘာ ၂၅ ရက်က မြို့မရပ် ရှပ်ပြေးရေယာဉ် ဆိပ်ကမ်း၌ ဇန်းမော်မှ ကသာသို့ ထွက်ခွာမည့်ရတနာရှပ်ပြေး ရေယာဉ်အား ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားချက်နှင့်အညီ အမိုးပေါ်တွင် ခရီးသည်နှင့် ကုန်ပစ္စည်းတင်ဆောင်ခြင်း ရှိ မရှိ၊ အသက်ကယ်ဇောက်ကွင်းနှင့် အသက်ကယ်အင်္ကျီ ပြည့်စုံမှု ရှိ မရှိ၊ မီးသတ်ဆေးဘူးရှိမရှိ၊ ရေယာဉ်တွင် သတ်မှတ်ထားသောခရီးသည်ဦးရေထက် ပိုမိုတင်ဆောင်ခြင်းရှိ မရှိ၊ ရေယာဉ်တွင်သတ်မှတ်ထားသော ဝန်တင်မျဉ်းထက်ပို၍ တင်ဆောင်ခြင်း ရှိ မရှိ၊ ရေယာဉ်တွင် သတ်မှတ်ထားသော အသက်ကယ်ပစ္စည်းများနှင့် မီးသတ်ကိရိယာများ ပြည့်စုံမှုရှိ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

# မင်းရွာလျှပ်စစ်မြစ်ရေတင်တွင် မီးအားနည်းခြင်းနှင့် စက်ပစ္စည်းချတ်ယွင်း၍ ရေတင်ရေသောက်စိုက်ခင်းများတွင် စိုက်ပျိုးရေ အခက်ကြုံလျက်ရှိ

**ရေစကြို အောက်တိုဘာ ၂၆**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ မိုးစပါးစိုက်ခင်းများသည် ယခုအချိန်တွင် စပါးအနှံများ စတင်ထွက်ပေါ်လျက်ရှိသည့်အချိန်ဖြစ်ပြီး စပါးအထွက်နှုန်းကောင်းရန်အတွက် စပါးအောင်ရေရရှိရန် အရေးတကြီး လိုအပ်လျက်ရှိနေချိန်တွင် ကမ်းဖြူကျေးရွာအုပ်စုရှိ မင်းရွာလျှပ်စစ်မြစ်ရေတင်မှ စပါးစိုက်ခင်းများသို့ ရေလုံလောက်စွာမပေးနိုင်သဖြင့် စပါးစိုက်ပျိုးထားခဲ့သော တောင်သူများအနေဖြင့် စိုက်ပျိုးရေအခက်အခဲ ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။



မင်းရွာလျှပ်စစ်မြစ်ရေတင်တွင် စက်နှစ်လုံးဖြင့် ရေပေးနေသည်ကို အောက်တိုဘာ ၂၂ ရက်က တွေ့ရစဉ်

"ကျွန်တော်တို့စပါးစိုက်ခင်းတွေက အခု စပါးအနှံတွေ စထွက်နေပါပြီ။ စပါးစိုက်ပျိုးရေက မင်းရွာလျှပ်စစ်မြစ်ရေတင်ကရေနဲ့ စိုက်ပျိုးတာပါ။ လျှပ်စစ်မြစ်ရေတင်က စက်တွေက မကြာခဏ ပျက်ပျက်နေတာနဲ့ မီးအားနည်းလို့ စက်မောင်းမရတာနဲ့ ကျွန်တော်တို့တောင်သူတွေ စိုက်ပျိုးရေ ကောင်းကောင်းမရပါဘူး။ ကျွန်တော့်စိုက်ခင်းတွေက ဒုတိယအဆင့်မြောင်းမှာရှိတာပါ။ လျှပ်စစ်မြစ်ရေတင်က စက်နှစ်လုံး ပြိုင်တူမောင်းပေးမှ ကျွန်တော် စိုက်ခင်း ရေရနိုင်တာပါ။ အခုနှစ်တွေမှာ စက်တစ်လုံးက မကြာခဏပျက်ပါတယ်။ စက်တစ်လုံးတည်းနဲ့ မောင်းပေးတဲ့ရေက ကျွန်တော့်စိုက်ခင်းအထိ မရောက်ပါဘူး" ဟု ဒေသခံတောင်သူတစ်ဦးဖြစ်သည့် ဦးတိုးဝင်းက ပြောသည်။

ဒေသခံတောင်သူများမှာ စပါးစိုက်ပျိုးရာတွင် အဆိုပါ မြစ်ရေတင်မှရေကိုသာ အဓိကထား၍ စိုက်ပျိုးကြရကာ ရေရခြင်း၊ မရခြင်းအပေါ် မူတည်၍ အထွက်နှုန်းမှာ တစ်ဝက်ခန့်အထိလျော့ကျကြောင်း သိရသည်။

"အရင်က ဒုတိယအဆင့်မြောင်းမှာ ကျွန်တော် စပါးစိုက်ခင်း ငါးဧက စိုက်ပါတယ်။ အခုနှစ်တွေမှာ ရေမှန်မှန်မရတော့ စပါးတွေအထွက်နှုန်းလျော့လို့ စပါး သုံးဧကပဲ စိုက်ပါတယ်။ ရေသိပ်မလိုတဲ့ ပဲကို နှစ်ဧကစိုက်ရပါတယ်။ စပါးစိုက်ခင်းမှာ ရေမှန်မှန်မရရင် စပါးပင်တွေ အနှံမထွက်နိုင်ဘဲနဲ့ ဝါစပ်စပ်တွေ ဖြစ်လာပါတယ်။ ပေါင်းပင်တွေလည်း ပေါက်လာပါတယ်။ အဲဒါကြောင့် အထွက်နှုန်းလည်း လျော့ရပါတယ်။ ရေမမှန်လို့ စပါး အထွက်နှုန်းမကောင်းတာ လေးနှစ်လောက်ရှိပါပြီ။ ရေမှန်မှန်ရခဲ့တဲ့နှစ်တွေက စပါး တစ်ဧကကို တင်း ၁၀၀ နီးပါးထွက်ပါတယ်။ အခုနှစ်တွေမှာ ရေမှန်မှန်မရလို့ တင်း ၅၀ လောက်ပဲထွက်ပါတယ်။ အဲဒါကြောင့် လျှပ်စစ်မြစ်ရေတင်က ရေပုံမှန်ပေးနိုင်အောင် စက်တွေကောင်းစေချင်ပါတယ်"ဟုလည်း ဦးတိုးဝင်းက ဆက်ပြောသည်။

မင်းရွာလျှပ်စစ်မြစ်ရေတင်မှ စက်ပစ္စည်းများ ကြံ့ခိုင်မှုအားနည်းလာသောကြောင့် စက်နှစ်လုံးရှိသည့်အနက် တစ်လုံးတည်းကိုသာ အားထားမောင်းနေရကာ ပင်မရေတင်စခန်းအနီးမှ စိုက်ခင်းများ၌ပင် စိုက်ပျိုးရေလုံလောက်စွာမရရှိကြသဖြင့် မိမိစိုက်ခင်းရေရရှိရေးအတွက် ညအချိန်များတွင် လေးည၊ ငါးညခန့်ဆက်တိုက် ညလုံးပေါက် ရေစောင့်ယူနေကြရကြောင်းလည်း တောင်သူများက ဆိုသည်။

"အခု စက်နှစ်လုံးနဲ့ ရေပေးနေတာတော့ လေးရက်လောက် ရှိပါပြီ။ စက်နှစ်လုံးနဲ့ မောင်းပေးတဲ့အချိန်က တော်တော်နည်းပါတယ်။ စက်တစ်လုံးက မကြာခဏ ပျက်နေတာများပါတယ်။ ရေတင်က တစ်နေ့ ၁၈ နာရီ ရေပေးမယ်လို့ ပြောခဲ့ဖူးပေမယ့် ၁၈ နာရီအပြည့် ရေမပေးပါဘူး။ ရေကို ဂိတ်မီအောင်လည်း မပေးပါဘူး။ အရင်ကတော့ ပင်မရေပိုက်ကြီးတွေက ပိုက်နဲ့တစ်ဝက်လောက် ထွက်အောင်အထိ ရေပေးတော့ ကျွန်တော့်စိုက်ခင်းမှာ အဆင်ပြေပါတယ်။ အခု ရေက ပင်မရေပိုက်ရဲ့ သုံးပုံ တစ်ပုံပဲ ထွက်ပါတယ်။ မီးကပျက်လိုက် စက်ကပျက်လိုက်နဲ့ ဖြစ်နေရတဲ့အထဲ ရေကိုလည်း ဂိတ်မီအောင်မပေးတဲ့အပြင် တစ်နေ့ ၁၈ နာရီလည်း ပြည့်အောင်မပေးတော့ အဆင်မပြေဖြစ်ရပါတယ်။ စပါးစစိုက်ချိန်ကနေ အောင်ရေရတဲ့အချိန်ထိ စပါးတစ်ဧကကို ရေဖိုး ကျပ် ၆၀၀၀ ပေးရပါတယ်။ လျှပ်စစ်မြစ်ရေတင်က ရေပုံမှန်ပေးမယ်ဆိုရင် ရေဖိုးခြောက်ထောင်ထက် ပိုပေးရမယ်ဆိုရင်လည်း ပိုပေးနိုင်ပါတယ်။ ကျွန်တော်တို့ တောင်သူတွေအတွက် စပါးအထွက်ကောင်းဖို့ရာက ရေတင်ကရေကို လုံလုံလောက်လောက်ရမှ ဖြစ်မှာမို့လို့ပါ"ဟု ပင်မရေတင်စခန်းအနီးရှိ စပါးစိုက်ခင်းမှ တောင်သူတစ်ဦးက ပြောသည်။

မင်းရွာလျှပ်စစ်မြစ်ရေတင်သည် ရေစကြိုမြို့နယ်အတွင်း ကမ်းဖြူကျေးရွာအုပ်စု သစ်ကြီးတောကျေးရွာအုပ်စု၊ ဝက္ကတောကျေးရွာအုပ်စုနှင့် ပရိမ်သာကျေးရွာအုပ်စုများမှ စပါးစိုက်တောင်သူများအနေဖြင့် အားကိုးအားထားပြုနေကြရသော မြစ်ရေတင်ဖြစ်သည်။ ယခုအခါ လျှပ်စစ်မြစ်ရေတင်မှ စက်ပစ္စည်းများချွတ်ယွင်းမှု၊ မီးအားနည်းမှုတို့ကြောင့် စပါးစိုက်ပျိုးရေ ပုံမှန်မပေးနိုင်သဖြင့် မိမိပိုင်စိုက်ခင်းအတွင်း ရေရရှိရေးအတွက် တောင်သူများကြား ရေလုခြင်းပြဿနာများလည်း ဖြစ်ပွားလျက်ရှိကြရာ အဆိုပါကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် နေ့ရောညပါ စောင့်ကြည့်ဖြေရှင်းပေးနေကြရကြောင်းလည်း ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

ကမ်းဖြူကျေးရွာအုပ်စုအတွင်းရှိ မင်းရွာလျှပ်စစ်မြစ်ရေတင်ကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းက စီမံကိန်းစတင်ခဲ့ပြီး ၂၀၀၉ ခုနှစ် မတ်လတွင် စီမံကိန်းပြီးစီးခဲ့ကာ စီမံကိန်းအကျိုးပြုဧကမှာ စပါးဧက ၁၀၀၀ နှင့် အခြားသီးနှံ ဧက ၂၀၀၀ ဖြစ်ကြောင်း မြစ်ရေတင်လုပ်ငန်းဆိုင်ရာ အချက်အလက်များအရ သိရသည်။
**အိမွန်ဆွေ(ရေစကြို)**

## ဆိုင်ကယ်ချစ်သူများစုပေါင်း၍ မိဘမဲ့ကျောင်းသို့ လှူဒါန်း



**ဘီးလင်း အောက်တိုဘာ ၂၆**
မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဆိုင်ကယ်ချစ်သူများ ဆိုင်ကယ်ဝါသနာရှင်များသည် မြန်မာနိုင်ငံ အနှံ့အပြားမှ ဆိုင်ကယ်ချစ်သူများနှင့် ချိတ်ဆက်၍ ပရဟိတလုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုအဖြစ် ဘီးလင်းမြို့နယ်အတွင်းရှိ မိဘ မဲ့ကျောင်းသို့ အောက်တိုဘာ ၂၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘီးလင်းမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ မြင်သာထေရဝါဒပရဟိတကျောင်းသို့ သွားရောက်၍ ကျောင်းဆောက်ရန်လိုအပ်သော ပစ္စည်းများနှင့် အခြားလှူဖွယ်ပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ "ကျွန်တော်တို့ ဆိုင်ကယ်ချစ်သူများအသင်းက ကျပ် ၂၆၁၀၀၀၀ ကို နဝကမ္မအလှူငွေအပြင် အခြားလှူဖွယ်ပစ္စည်းတွေ လှူဒါန်းခဲ့ပါတယ်။ အဖွဲ့အားလုံး ဆိုင်ကယ်အစီးရေ ၂၅၀ ခန့် သွားရောက်ခဲ့ပါတယ်"ဟု လှူဒါန်းပြီး၍ပြန်လာသူ မော်လမြိုင်အဖွဲ့မှ ခေါင်းဆောင် ကိုစိုးဦးက ပြောသည်။

အဆိုပါအဖွဲ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မော်လမြိုင်၊ မုဒုံ၊ မြဝတီ၊ သံဖြူဇရပ်မြို့များမှ (M.B.C/Free Biker) အဖွဲ့များ၏ မော်တော်ဆိုင်ကယ် အစီး ၆၀ ခန့်ပါဝင်ကာ အောက်တိုဘာ ၂၂ ရက်က သထုံမြို့၌ စုစည်းခဲ့ပြီး ရန်ကုန်၊ မန္တလေး အစရှိသော မြို့ကြီးများမှ ဆိုင်ကယ်ချစ်သူများအဖွဲ့နှင့် ပူးပေါင်း၍ ဘီးလင်းမြို့ရှိ မိဘမဲ့ကျောင်းသို့ အောက်တိုဘာ ၂၃ ရက်က လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။
**ခွန်(ဝင်းပ)**

## ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**ဟသ်ာတ အောက်တိုဘာ ၂၆**
ကျေးလက်နေပြည်သူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဟသ်ာတမြို့နယ် ဘုရားကုန်းကျေးရွာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးရွာသန့်ရှင်းသာယာလှပရေးအဖွဲ့က ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့သည့် ဆားတစ်ဇွန်းစာကြည့်တိုက်အဆောက်အအုံသစ်ကို အောက်တိုဘာ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးထိန်ဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးတို့က အမှာစကားပြောကြားပြီး ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမာက စာကြည့်တိုက်များရှင်သန်ရေးနှင့် စာဖတ်ခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများကိုလည်းကောင်း၊ အင်္ဂပူမြို့မပရဟိတအဖွဲ့မှ ကဗျာဆရာအီကိုမောင်ဝက ပရဟိတလူငယ်များအတွက် အမှတ်တရစကားများကိုလည်းကောင်း၊ ဘုရားကုန်းကျေးရွာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးရွာသန့်ရှင်းသာယာလှပရေးအဖွဲ့နှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးနေဝင်းလှိုင်က ဆားတစ်ဇွန်းစာကြည့်တိုက် ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်ကိုလည်းကောင်း ပြောကြားသည်။

ဆားတစ်ဇွန်းစာကြည့်တိုက်သစ်ကို ပရဟိတလူငယ်များက အလှည့်ကျတာဝန်ယူပြီး နေ့စဉ် ပုံမှန်ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းနှင့် ဘုရားကုန်းကျေးရွာမှ ဒေသခံပြည်သူများအနေဖြင့် စာများများဖတ်ရှုနိုင်စေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ပြောသည်။ **ကျော်ကျော်(ပြန်/ဆက်)**

# ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၏ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခြင်း

**အမေး / အရေး- မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**ဓာတ်ပုံ- ကိုကိုရှုပ(နေပြည်တော်)**



ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၏ ဆောင်ရွက်ချက်များနှင့် ယာဉ်မောင်းနှင့် ယာဉ်စီးနင်းအသုံးပြုသူများ လိုက်နာရမည့် သိမှတ်ဖွယ်ရာများကို ပြည်သူများ သိရှိစေရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)မှ ဌာနခွဲမှူး ရဲမှူး (ဦးစီး) ရဲမှူးဝင်းမြင့်ထံ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရည်မှန်းချက်တွေကို သိပါရစေ။**

ဖြေ ။ ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေနဲ့ ရည်မှန်းချက်တာဝန်(၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတာဝန်တွေကတော့ ယာဉ်တိုက်မှုအန္တရာယ်မဖြစ်ပွားစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန် ထိန်းသိမ်းကြပ်မတ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းပေးရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူလူထုသို့ အသိပညာပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန်၊ ဖြစ်ပွားသည့် ယာဉ်တိုက်မှုများအား စုံစမ်းဖော်ထုတ် တရားစွဲတင်ပို့ရန်၊ အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်း၊ ဧည့်သည်တော်ယာဉ်တန်းနှင့် နိုင်ငံတော်အဆင့်အခမ်းအနားများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးရန်တို့ဖြစ်ပါတယ်။

**မေး ။ ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ဖွဲ့စည်းပုံမှာ တပ်ဖွဲ့ဝင်ဘယ်နှစ်ဦးရှိပါသလဲ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လက်ရှိတပ်ဖွဲ့ဝင် ဘယ်နှစ်ဦးနဲ့ တာဝန်ထမ်းဆောင်နေပါသလဲ။**

ဖြေ ။ ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံအရ အရာရှိနဲ့ အခြားအဆင့်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၈၉၀ ဖြစ်ပါတယ်။ ယခုလက်ရှိအင်အား ၂၈၅၃ ဦးနဲ့ တာဝန်ထမ်းဆောင်လျက်ရှိတဲ့အတွက် ဖွဲ့စည်းပုံအင်အားရဲ့ ၄၈ ဒသမ ၄၄ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(၁)(နေပြည်တော်)မှာ ၄၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(၂)(ရန်ကုန်)မှာ ၄၈ ဒသမ ၄၉ ရာခိုင်နှုန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(၃)(မန္တလေး)မှာ ၄၅ ဒသမ ၄၇ ရာခိုင်နှုန်းဖြစ် ပါတယ်။ ဖွဲ့စည်းပုံအတိုင်း အင်အားအပြည့်မရှိပေမယ့် ရှိတဲ့အင်အားနဲ့ အဓိကကျတဲ့နေရာတွေကို ဖြန့်ခွဲတာဝန်ချထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့လက်ရှိအင်အားနဲ့ တိုးတက်များပြားလာတဲ့ မော်တော်ယာဉ်အရေအတွက်ကို ဘယ်လိုထိန်းသိမ်းတာဝန်ယူရပါသလဲ။**

ဖြေ ။ ။ တစ်နိုင်ငံလုံးမှာ လက်ရှိစာရင်းအရ မော်တော်ယာဉ် ၉၇၅၅၇၂ စီးနဲ့ မော်တော်ဆိုင်ကယ် ၄၉၆၅၁၁၇ စီးဖြစ်လို့ စုစုပေါင်းယာဉ် ၅၉၄၀၆၈၉ စီးဖြစ်ပါတယ်။ လက်ရှိယာဉ်ထိန်းအင်အားနဲ့ မော်တော်ယာဉ်အချိုးကတော့ တပ်ဖွဲ့ဝင်တစ်ဦးကို မော်တော်ယာဉ် ၂၀၈၂ စီး တာဝန်ယူ ထိန်းသိမ်းကြပ်မတ်လျက်ရှိပါတယ်။

**မေး ။ ။ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုတွေဖြစ်ပွားစေတဲ့ အဓိကအကြောင်းအချက်တွေက ဘာတွေဖြစ်နိုင်ပါသလဲခင်ဗျား။**

ဖြေ ။ ။ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားစေတဲ့ အကြောင်းအချက်တွေကတော့ ယာဉ်ကြွံခိုင်မှုမကောင်းခြင်း၊ ရာသီဥတုဆိုးရွားခြင်း၊ မီးနီဖြတ်မောင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ အရက်သောက်စားမောင်းနှင်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမောင်းနှင်ခြင်း စတာတွေ အမျိုးမျိုးဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အဓိကကျတဲ့ အကြောင်းအချက်အနေနဲ့ကတော့ ယာဉ်မောင်းနှင်သူများဟာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မသိနားမလည်ခြင်းနဲ့ စည်းကမ်းသိရှိပေမယ့် လိုက်နာမှုမရှိဘဲ စည်းကမ်းမဲ့ခြင်းတွေကြောင့် ဖြစ်ပါတယ်။ ယာဉ်စီးရေ များပြားလာခြင်းနဲ့ လမ်းအသုံးပြုသူများ သတိပြုသွားလာမှုမရှိခြင်းကလည်း အကြောင်းအရင်းတစ်ရပ် ဖြစ်ပါတယ်။

**မေး ။ ။ ယာဉ်မတော်တဆမှုတွေ လျော့နည်းကျဆင်းစေဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ ယာဉ်မတော်တဆမှုတွေ လျော့နည်းကျဆင်းစေဖို့အတွက် လမ်းဆုံလမ်းခွများ၊ မီးပွိုင့်များ၊ အဝိုင်းပတ်များ၊ လူကူးမျဉ်းကြားများ၊ စာသင်ကျောင်းများနဲ့ အရေးကြီးရုံး အဆောက်အအုံနေရာများမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေကို နေ့စဉ်တာဝန်ချထားပြီး စောင့်ကြည့်ထိန်းသိမ်းစေလျက်ရှိပါတယ်။ ဒါ့အပြင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားတတ်တဲ့နေရာတွေမှာလည်း စည်းကမ်းဖောက်ဖျက်တဲ့ကား၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီစတဲ့ယာဉ်တွေကို နေ့စဉ်စစ်ဆေးအရေးယူခြင်း၊ ပူးပေါင်းအဖွဲ့များနဲ့ လှည့်လည်စစ်ဆေးအရေးယူခြင်းတွေ ပြုလုပ်လျက်ရှိပါတယ်။ ယာဉ်မောင်းများကို အသိပညာပေးဟောပြောခြင်းတွေလည်း စဉ်ဆက်မပြတ်ပြုလုပ်ပြီး ယာဉ်စည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းစာဂျာနယ်များမှလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ဖွဲ့စည်းပုံအရ အရာရှိနဲ့ အခြားအဆင့် တပ်ဖွဲ့ဝင် စုစုပေါင်း ၅၈၉၀ ဖြစ်ပါတယ်။ ယခုလက်ရှိ အင်အား ၂၈၅၃ ဦးနဲ့ တာဝန် ထမ်းဆောင်လျက်ရှိတဲ့အတွက် ဖွဲ့စည်းပုံအင်အားရဲ့ ၄၈ ဒသမ ၄၄ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအတိုင်း အင်အားအပြည့်မရှိပေမယ့် ရှိတဲ့အင်အား နဲ့ အဓိကကျတဲ့နေရာတွေကို ဖြန့်ခွဲတာဝန်ချထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။**

**မေး ။ ။ ယာဉ်မောင်းနှင်နေစဉ်မှာ ဖုန်းပြောတဲ့သူတွေလည်းတွေ့ရပါတယ်။ အဲ့ဒီအပေါ် မှာ ဘယ်လိုအကြံပြုပြောချင်ပါသလဲ။**

ဖြေ ။ ။ ယာဉ်မောင်းနှင်သွားလာစဉ်မှာ သီချင်းနားထောင်ခြင်း၊ တီဗွီ/ဗီဒီယိုကြည့်ခြင်း၊ ဆေးလိပ်သောက် ခြင်း၊ ဖုန်းပြောခြင်းတွေမပြုလုပ်သင့်ပါဘူး။ စိတ်အာရုံပြန့်လွင့်မှုတွေကို ဖြစ်ပေါ်စေပြီး ယာဉ်မတော်တဆမှုတွေ ဖြစ်လာစေနိုင်ပါတယ်။ ဒါကြောင့်မို့ ယာဉ်မောင်းနေစဉ်ဖုန်းပြောခြင်းဟာ ယာဉ်အန္တရာယ်ကို ဖိတ်ခေါ်နေခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။ မိမိရဲ့မဆင်မခြင်ပြုလုပ်မှုကြောင့် မိမိရော အခြားလမ်းအသုံးပြုသူတွေကိုပါ ထိခိုက်နစ်နာစေမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မလုပ်သင့်ပါဘူးလို့ ပြောချင်ပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအခန်း (၉) တားမြစ်ချက်များမှာ ဖော်ပြထားတဲ့ စည်းကမ်းချက်များကို လမ်းအသုံးပြုသွားလာသူများ လေ့လာဖတ်ရှု မှတ်သားလိုက်နာကြစေလိုပါတယ်။ ကိုယ်တိုင်သိထားတဲ့အတွက် မိမိကိုယ်တိုင်လိုက်နာနိုင်တဲ့အပြင် အခြားသူများကိုလည်း ဆင့်ပွားပြောပြပေးနိုင်မှာဖြစ်ပါတယ်။

**မေး ။ ။ ယာဉ်ကြောပိတ်ဆို့မှု ပြေလျော့စေဖို့ လက်ရှိဆောင်ရွက်နေမှုများကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ယာဉ်ကြောပိတ်ဆို့မှုပြေလျော့စေဖို့အတွက် လက်ရှိဆောင်ရွက်ချက်ကတော့ မီးပွိုင့်စနစ်တွေ မှန် မမှန် ပြန်လည်စစ်ဆေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့များဖြင့် ယာဉ်ကြောကျပ်တည်းသောနေရာများမှာ မိုဘိုင်းစနစ်ဖြင့် လိုက်လံရှင်းလင်းပေးခြင်း၊ ညပိုင်း လှည့်ကင်းယာဉ်များဖြင့် ရှင်းလင်းပေးခြင်း၊ ဘတ်စ်ကားများကို သီးသန့်ယာဉ်ကြောဖြင့် သွားလာစေခြင်း၊ အချို့နေရာတွေမှာ ကုန်တင်ကားကြီးများကို ညပိုင်းမှသာ သတ်မှတ်သည့်လမ်းအတိုင်း မြို့တွင်းသို့ ဝင်ရောက်စေခြင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုတွေအပေါ် ထိထိရောက်ရောက် အရေးယူမှုများမရှိဘဲ အားနည်းချက်ရှိနေတယ်လို့ ဝေဖန်ထောက်ပြချက်များရှိနေပါတယ်။ အဲဒီအပေါ် ရဲမှူးရဲ့သုံးသပ်ချက်အမြင်ကို သိရှိလိုပါတယ်။**

ဖြေ ။ ။ လုပ်ငန်းတစ်ခုအပေါ်မှာ အားနည်းချက်၊ အားသာချက်ဆိုတာ ရှုမြင်သုံးသပ်သူရဲ့အပေါ်မှာမူတည်ပြီး အမြင်ချင်းမတူနိုင်ပါဘူး။ မိမိတို့မြင်တွေ့သိသမျှကို မိမိဆန္ဒနဲ့ နှိုင်းယှဉ်သုံးသပ်ကြတာဖြစ်ပါတယ်။ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများကို အရေးယူရာမှာ ယာဉ်ကြောကျပ်တည်းနေချိန် ဖမ်းဆီးပါက ပိုမိုကြန့်ကြာသွားနိုင်ပါတယ်။ အဲဒီအခါ ယာဉ်ကြောရှင်းလင်းမှုကို ဦးစားပေးဆောင်ရွက်နေရတဲ့အတွက် စည်းကမ်းဖောက်ဖျက်တဲ့ ယာဉ်မောင်းများမှာ ကင်းလွတ်လျက်ရှိပါတယ်။ နောက်ပြီး စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်တွေကို တားဆီးဖမ်းဆီးရတဲ့အတွက် ယာဉ်ကြော ကြပ်တည်းမှု ဖြစ်ပေါ်စေတတ်ပါတယ်။ ယာဉ်ကြောကျပ်တည်းမှုမရှိတဲ့ နေရာတွေမှာ နေ့စဉ် ပုံမှန်စစ်ဆေးအရေးယူမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကအချက်ကတော့ စစ်ဆေးအရေးယူမှုအားနည်းချက် ရှိခြင်း၊ မရှိခြင်းထက် ယာဉ်မောင်းများကိုယ်တိုင် စည်းကမ်းလိုက်နာစေလိုပါတယ်။ တာဝန်ရှိသူစစ်ဆေးမှ စည်းကမ်းလိုက်နာတာမျိုး မဖြစ်သင့်ပါဘူး။

**မေး ။ ။ ယာဉ်တိုက်မှုလျော့နည်းကျဆင်းစေဖို့ အတိုဆုံးနဲ့အရှင်းဆုံး ဆောင်ပုဒ်တစ်ခုကို ပြောပေးစေလိုပါတယ်။**

ဖြေ ။ ။ "သင့်ကြောင့် မီးမလောင်ပါစေနဲ့" ဆိုတဲ့ဆောင်ပုဒ်လိုပဲ "သင့်ကြောင့် ယာဉ်တိုက်မှုမဖြစ်ပါစေနဲ့" လို့ ပြောလိုပါတယ်။

**မေး ။ ။ ယာဉ်မတော်တဆမှုတွေ လျော့နည်းသွားစေဖို့ ရဲမှူးအနေနဲ့ ပြည်သူများကို ဘယ်လိုစကားလက်ဆောင်များ ပြောကြားလိုပါသလဲ။**

ဖြေ ။ ။ လမ်းအသုံးပြုသွားလာနေကြတဲ့ ပြည်သူများကို စကားလက်ဆောင်ပြောလိုတာကတော့ လူတိုင်းဟာ နေ့စဉ်နှင့်အမျှ လမ်းကိုမဖြစ်မနေ အသုံးပြုသွားလာနေရတဲ့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို သိရှိအောင် လေ့လာမှတ်သားကြဖို့၊ စည်းကမ်းတွေသိပြီးရင် စည်းကမ်းအတိုင်း လိုက်နာသွားကြဖို့လည်း ပြောကြားလိုပါတယ်။ "သင်ဘေးကင်းစွာနဲ့အိမ်အပြန်ကို သင့်မိသားစုမှ စောင့်မျှော်နေပါသည်" ဆိုတဲ့စကားအတိုင်း ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ အိမ်ပြန်ရောက်ရှိရေးအတွက် စည်းကမ်းလိုက်နာသွားကြဖို့ ပြောလိုပါတယ်။ ခရီးသွားပြည်သူ (Road User)များအားလုံး ကိုယ်စီအသိနဲ့ စည်းကမ်းလိုက်နာကြပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်ဆောင်ရွက်နေတဲ့ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနဲ့အတူ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ လမ်းအသုံးပြုသွားလာနေတဲ့ ပြည်သူများအနေနဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ။

## မှုခင်းသတင်းတိုများ

### ရန်ဖြစ်ရာမှ တူမီးသေနတ်ဖြင့်ပစ်ခတ်၍တစ်ဦးသေဆုံး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မုန်းလိုက်အုပ်စု နမ့်ကစ်ကျေးရွာ၌ စကားများရန်ဖြစ်ရာမှ တူမီးသေနတ်ဖြင့်ပစ်ခတ်၍ အောက်တိုဘာ ၂၄ ရက်က လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ နမ့်ကစ်ကျေးရွာနေ အိုက်အွန်(၆၀ နှစ်)နှင့် တစ်ရွာတည်းနေ စိုင်းလာ(ခ)အိုက်ဆော့(၃၂ နှစ်)တို့သည် အိုက်အွန်၏ နေအိမ်၌ ပဲစင်ထောင်ရန် ဝါးခုတ်ခိုင်းသည့်ကိစ္စနှင့် စကားများရန်ဖြစ်ရာမှ စိုင်းလာ(ခ) အိုက်ဆော့မှ အသင့်ပါလာသော တူမီးသေနတ်ဖြင့်ပစ်ခတ်လိုက်ရာ အိုက်အွန်၏ ဝဲဘက်နားထင်တွင် သေနတ်ထိမှန်ပြီး နေရာတွင် လဲကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သေနတ်ဖြင့်ပစ်သူ စိုင်းလာ(ခ)အိုက်ဆော့ကို ၎င်း၏နေအိမ်အနီးတွင် ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းလာ(ခ)အိုက်ဆော့အား မိုင်းယောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

### ဆိုင်ကယ်ဖြင့် ပိုက်ဆံအိတ်လုယက်သူများကို ဖမ်းဆီးရမိ

ထားဝယ်မြို့ ညောင်ရမ်းရပ်ကွက်၌ ဆိုင်ကယ်စီးလာသော အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ်ကို ဆိုင်ကယ်ချင်းယှဉ်၍ လုယက်သူနှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထားဝယ်မြို့နေ မ ---- သည် အောက်တိုဘာ ၂၀ ရက် ည ၈ နာရီခွဲခန့်က ရွှေဝယ်သီရိရင်ပြင် ကစားကွင်းမှ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် ၎င်း၏ဆိုင်ကယ်နောက်တွင် ပါလာသော ဆိုင်ကယ်တစ်စီးပေါ်မှ လူနှစ်ဦးအနက် နောက်မှထိုင်စီးလာသူက မ.. ထံမှပိုက်ဆံအိတ်ကို လုယက်ထွက်ပြေးခဲ့ခြင်းဖြစ်သည်။ ပိုက်ဆံအိတ်ကိုလုယူစဉ် ဆိုင်ကယ်နှစ်စီးလုံး လဲကျသွားခဲ့ရာမှ လုယက်သူအား မ---- က ဆွဲထားပြီး အော်ဟစ်အကူအညီ တောင်းခံရာ ပတ်ဝန်းကျင်မှ ပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်လာ၍ လုယက်သူ များအား ဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပိုက်ဆံအိတ်လုယက်သူများမှာ ထားဝယ်မြို့နေ မင်းကိုနှင့် မောင်မောင်တို့ ဖြစ်ပြီး ၎င်းတို့အား မ---- က ထားဝယ်မြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားကာ ထားဝယ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

### လိုင်စင်မဲ့ယာဉ်တစ်စီး သိမ်းဆည်းရမိ

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၌ လိုင်စင်မဲ့ယာဉ်များဖမ်းဆီးရမိရေး ရှောင်တခင်စစ်ဆေးစဉ် အမှတ်(၂)ဈေးကုန်းရပ်ကွက်တွင် လိုင်စင်မဲ့ယာဉ်တစ်စီးကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ ထီးချိုင့်မြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်သက်လွင်နှင့်အဖွဲ့သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြို့နယ်အတွင်း လိုင်စင်မဲ့ယာဉ်များဖမ်းဆီးရမိရေး ရှောင်တခင်စစ်ဆေးစဉ် ထီးချိုင့်မြို့အမှတ်(၂)ရပ်ကွက်နေ ဦးရဲမြင့်စိုး၏နေအိမ်ရှေ့တွင်ရပ်ထားသည့် တိုယိုတာမတ်တူးကားကို စစ်ဆေးရာ လိုင်စင်မဲ့ယာဉ်ဖြစ်နေကြောင်းသိရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး လိုင်စင်မဲ့ယာဉ်ကို လက်ဝယ်ထားရှိအသုံးပြုသူ ဦးရဲမြင့်စိုး (၅၅နှစ်)အား ထီးချိုင့်မြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### အထောက်အထားမဲ့ဆိုင်ကယ်နှင့် တွေ့ရှိသူအား အရေးယူထား

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာအနီးတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ပိုင်ဆိုင်ကြောင်းအထောက်အထား မပြနိုင်ဘဲ တွေ့ရှိရသူတစ်ဦးအား အရေးယူထားကြောင်း သိရသည်။ အောက်တိုဘာ ၂၄ ရက်က ကျောင်းကုန်းမြို့မရဲစခန်းမှ ဒုရဲအုပ်သန့်ဇင်နှင့် တပ်ဖွဲ့ဝင်များသည် ကွင်းကြီးကျေးရွာအုပ်စုအတွင်း နယ်မြေသတင်းစုံစမ်းစဉ် ကွင်းကြီးကျေးရွာနှင့် ညောင်ဝိုင်းကျေးရွာကြားတွင် ဆိုင်ကယ်တစ်စီးနှင့် အမျိုးသားတစ်ဦးအားတွေ့ရှိ၍ စစ်မေးရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ပြည့်ဖြိုးပိုင်(ခ)ပိုင်ပိုင်ဖြစ်ကြောင်း သိရပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံစွာဖြေကြားနိုင်ခြင်းမရှိသဖြင့် ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### ရေယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့အမှတ်(၂)ရပ်ကွက်ရှိ ပိတောက်လှေဆိပ်၌ တရားမဝင်သစ်သယ်ဆောင်မှုသတင်းအရ၊ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၂၂ ရက်က သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ ကနီမြို့နယ် ဇီးဖြူကုန်းရွာနေ စိုးကျော်သူ(၂၉ နှစ်)မောင်းနှင်လာသည့်ရေယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်တုံးတို ၂၀ လုံးကို ဖမ်းဆီးရမိသဖြင့် ထီးချိုင့်မြို့မရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

### တရားမဝင်သယ်ဆောင်လာသော ကျွန်းခွဲသားများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း တရားမဝင်သယ်ဆောင်လာသော ကျွန်းခွဲသားဆိုက်စုံ ၁၉၈ ချောင်းကို အောက်တိုဘာ ၂၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ တရားမဝင် သစ်မှောင်ခိုကားတစ်စီး ကောလင်းမြို့နယ် ဒိုးပင်ကျေးရွာတွင် ရောက်ရှိနေကြောင်း သတင်းအရ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးညဏ်ထွန်းနှင့် ခန်သာရဲကင်းစခန်းမှရဲတပ်ဖွဲ့ဝင်များ၊ ကျောက်တန်းသစ်တောဘိနယ်မှ သစ်တောဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ယာဉ်အမှတ် SGGR---- တိုယိုတာဒိုင်နာယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ကျွန်းခွဲသားဆိုက်စုံ ၁၉၈ ချောင်း၊ (အလေးချိန် ၁ ဒသမ ၈ တန်) ကာလတန်ဖိုးကျပ် ၄၅၀၀၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်းနှင့်သစ်ပိုင်ရှင်တို့မှာ ထွက်ပြေးခဲ့သဖြင့် ကောလင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကာ ယာဉ်မောင်းနှင့်သစ်ပိုင်ရှင်တို့အား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ဝီဂန်တို့ အမှတ်ပြည့်ရဖို့မလွယ်သလို ဖူလ်ဟမ်တို့လည်း ရုန်းကန်ရမယ့် ချန်ပီယံရှစ်

❒ မိုးမြင့်လင်းလက်

အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်တွေကို အောက်တိုဘာ ၃၀ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အမှတ်ပြည့်ရယူဖို့ကြိုးစားနေကြတဲ့ အသင်းတွေရဲ့ခြေကုန်ထုတ်မှုတွေကို တွေ့ရမှာဖြစ်သလို တန်းစီဇယားထိပ်ဆုံးက အသင်းတွေရဲ့အားပြိုင်မှုကလည်း ပြိုင်ဘက်တွေအပေါ် ဘယ်လိုရလဒ်တွေနဲ့ ဖြတ်ကျော်သွားကြမလဲဆိုတာ စောင့်ကြည့်ချင်စရာကောင်းနေပြန်ပါတယ်။

**ဘရိုက်တန်နှင့် နော့ဝှစ်ချ်**

ဝီဂန်၊ ဝုလ်ဘတ်၊ ရက်ဖ်ဖီးအသင်းတွေကို နိုင်ပွဲရအောင် ကစားခဲ့ပြီး နောက်ဆုံးငါးပွဲမှာ ရှုံးပွဲမရှိခဲ့တဲ့ ဘရိုက်တန်တို့ဟာ ခြေစွမ်းယိုင်လာတဲ့ နော့ဝှစ်ချ်ကို အိမ်ကွင်းမှာ အနိုင်ကစားပါလိမ့်မယ်။ နော့ဝှစ်ချ်ရဲ့ခံစစ်ပိုင်းက ပြိုင်ဘက်အသင်းရဲ့အုပ်စုဖွဲ့ထိုးဖောက်မှုကို ကြံ့ကြံ့ခိုင်နိုင်မှုမရှိတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ရလဒ်မပြတ်ပေမယ့် ကပ်ပြီးနိုင်ပွဲရသွားနိုင်ပါတယ်။

**ကာဒစ်နှင့် ဝီဂန်**

ကာဒစ်တို့လည်း အခုတလောခြေစွမ်းပြန်ကောင်းလာပါတယ်။ ဘရစ်စရီးအသင်းနဲ့ ကစားခဲ့တဲ့ပွဲကစပြီး သုံးပွဲဆက်တိုက်ရှုံးပွဲမရှိခဲ့လို့ ကာဒစ်တို့လည်း စိတ်ဓာတ်ကောင်းတွေပြန်မြင့်တက်နေပါတယ်။ ဒါပေမယ့် ကာဒစ်ရဲ့ တိုက်စစ်က ငါးပွဲမှာ လေးဂိုးသာ သွင်းထားနိုင်မှုက အားရစရာတော့ မရှိပါဘူး။ ဝီဂန်တို့ကတော့ နိုင်ပွဲပျောက်ဆုံးနေတာလေးပွဲဆက်တိုက်ရှိနေတဲ့အပြင် ခံစစ်ပိုင်းကောင်းမွန်ပေမယ့် တိုက်စစ်မှူးတွေ ဂိုးပေါက်ပျောက်နေတာမို့ ဒီပွဲမှာ ကာဒစ်တို့ အိမ်ကွင်းက အမှတ်ဗလာနဲ့ ပြန်ရပါလိမ့်မယ်။

**ဖူလ်ဟမ်နှင့် ဟက်ဒါဖီးလ်**

ခြေစွမ်းမတည်ငြိမ်ဖြစ်ပြီး ရလဒ်တွေ ကမောက်ကမဖြစ်နေတဲ့ ဖူလ်ဟမ်တို့လည်း ဒီပွဲမှာ အိမ်ကွင်းဆိုပေမယ့် ပွဲကျပ်အဖြစ် ကစားရပါလိမ့်မယ်။ ဖူလ်ဟမ်ရဲ့ခံစစ်မှူးတွေဟာ ပွဲတိုင်းဂိုးတွေပေးနေတာမို့ ခြေစွမ်းပြန်ကောင်းလာတဲ့ ဟက်ဒါဖီးလ်ကို ခက်ခက်ခဲခဲ ရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ဒါပေမယ့် ဟက်ဒါဖီးလ်ရဲ့ကစားအားကလည်း အချိတ်အဆက်တွေ လွဲချော်နေပြီး တိုက်စစ်ကို ပံ့ပိုးပေးမှုနည်းတာမို့ ဒီပွဲမှာ နှစ်သင်းစလုံး ရမှတ်ခွဲယူသွားမယ့် အခြေအနေပါပဲ။

**လိဒ်နှင့် ဘာတန်**

ဝီဂန်ကို တစ်ဂိုးစီသရေကစားပြီး ဝုဖ်ဘတ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တဲ့ လိဒ်ရဲ့ခြေစွမ်းကလည်း ပုံမှန်သာရှိနေပါတယ်။ အဆုံးသတ်ပိုင်းအားနည်းတဲ့ လိဒ်ကို တိုက်စစ်



မှူးတွေဟာ အမှားအယွင်းနည်းပြီး ပြိုင်ဘက်တိုက်စစ်မှူးကို ထိန်းချုပ်နိုင်တဲ့ ဘာတန်ရဲ့ခံစစ်မှူးတွေကို ကျော်ဖြတ်ဖို့ ခဲယဉ်းပါလိမ့်မယ်။ ဒါပေမယ့် အဝေးကွင်းမှာ ရလဒ်မကောင်းတတ်တဲ့ ဘာတန်ဟာ လိဒ်ရဲ့အမှတ်ပြည့်ရယူမှုကို ကြုံတွေ့ရပါလိမ့်မယ်။

**ဘလက်ဘန်းနှင့် ဝုဖ်ဘတ်**

ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရလို့ ဝုဖ်ဘတ်တို့လည်း ဝေဖန်ပြစ်တင်မှုတွေ ခံနေရပါတယ်။ ကွင်းလယ်ပိုင်းအားနည်းချက်ကြောင့် တိုက်စစ်ကို ပံ့ပိုးပေးနိုင်သလို ခံစစ်ကိုလည်း ထိရောက်တဲ့ အထောက်အကူပြုမှုမလုပ်နိုင်ပါဘူး။ ဘလက်ဘန်းတို့က အဝေးကွင်းမှာ ရလဒ်မကောင်းတတ်ပေမယ့် အိမ်ကွင်းမှာဆိုရင် နိုင်ပွဲရအောင် ကြိုးစားနိုင်တဲ့ စွမ်းဆောင်မှုရှိပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဂိုးမရှိသရေဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ ဘလက်ဘန်းတို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။ ။

---

## ရိုးမားနောက်တန်းကစားသမား ရူဒီဂါကို အပြိုင်ခေါ်ယူမယ့် မန်ယူနဲ့ ချယ်လ်ဆီး

အီတလီစီးရီးအေမှာ ခြေစွမ်းပြကစားနေတဲ့ ရိုးမားနောက်တန်းကစားသမား အန်ထော်နီယို ရူဒီဂါကို ချယ်လ်ဆီးက မန်ယူနဲ့ အပြိုင်ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီးအနေနဲ့ နောက်တန်းကစားသမား ရူဒီဂါကို ပေါင် ၃၅ သန်းပေးပြီး ခေါ်ယူသွားဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ ရူဒီဂါဟာ ဂျာမန်နိုင်ငံသားဖြစ်ပြီး ရိုးမားနဲ့အတူ ခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။ ကွန်တီးအနေနဲ့ ရူဒီဂါကို ဒီနှစ်နွေရာသီမှာ ခေါ်ယူစာချုပ်ဖွယ်ရှိပါတယ်။ သို့သော်လည်း ယူရို ၂၀၁၆ မတိုင်မီပင် ဒူးခေါင်းဒဏ်ရာရထားခဲ့ပါတယ်။

ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်တဲ့ ရူဒီဂါကိုအရခေါ်ယူသွားဖို့ ချယ်လ်ဆီးနည်းပြ ကွန်တီးက အပြင်းအထန်စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ ရိုးမားကတော့ သူ့နောက်တန်းကစားသမားကို ရောင်းထုတ်ရမှာ တွန့်ဆုတ်နေတာမှတ်ပေမယ့် ပေါင် ၃၅ သန်းအထိ ပေးခေါ်မှုအပေါ် လက်ခံလာဖွယ်ရှိနေပါတယ်။




ကောင်းမြတ်သူ - စုစည်းသည်။




## လာလီဂါအကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးသွားတဲ့ ဂရေ့ဇ်မန်း

အန်တိုနီယိုဂရေ့ဇ်မန်းဟာ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ရာသီက အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တဲ့အတွက် လာလီဂါအကောင်းဆုံးဘောလုံးသမားဆုကို ထိုက်တန်စွာ ဆွတ်ခူးသွားခဲ့ပါတယ်။

ဂရေ့ဇ်မန်းဟာ ပြီးခဲ့တဲ့ရာသီက အက်သလက်တီကိုအသင်းနဲ့အတူ ပွဲပေါင်း ၃၈ ပွဲကစားခဲ့ပြီး ၂၂ ဂိုး သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ အက်သလက်တီကိုကစားသမားတွေဟာ တနင်္လာနေ့က ပေးအပ်တဲ့ ဒီဆုအတွက် ဗလင်စီယာမြို့မှာ အောင်ပွဲခံပျော်ရွှင်ခဲ့ကြပါတယ်။ ဂျအိုဘလတ်နဲ့ ဒီဂိုဂေါ့ဒင်တို့က အကောင်းဆုံး ဂိုးသမားနဲ့ နောက်တန်းဆုကို ဆွတ်ခူးခဲ့ပါတယ်။

မက်ဆီကတော့ အကောင်းဆုံးတိုက်စစ်မှူးဆု ဆွတ်ခူးခဲ့ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ လာလီဂါအကောင်းဆုံးဆုရ ဂရေ့ဇ်မန်းကတော့ ဒီအခမ်းအနားကို တက်ရောက်နိုင်ခဲ့ခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့နှစ်က အက်သလက်တီကိုအသင်းကို တတိယနေရာရောက်အောင် ကိုင်တွယ်ခဲ့တဲ့နည်းပြ ဆီမြွန်နီကတော့ အကောင်းဆုံးနည်းပြဆု ဆွတ်ခူးခဲ့ပါတယ်။

## အကောင်းဆုံးဘောလုံးသမားဆုဆွတ်ခူးဖို့ ရေပန်းစားလာတဲ့ စီရော်နယ်ဒိုနဲ့ မက်ဆီ

စီရော်နယ်ဒိုနဲ့ မက်ဆီဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု Ballon d'Or ဆုကို ဆွတ်ခူးဖို့ တစ်ဖန်ရေပန်းစားလာခဲ့ပါတယ်။ ဒီနှစ်မှာလည်း သူတို့နှစ်ဦးထဲက တစ်ဦး ဒီဆုကိုဆွတ်ခူးလိမ့်မယ်လို့ ရေပန်းစားနေတာပါ။

တနင်္လာနေ့က ဆန်ခါတင်စာရင်း ၃၀ ထုတ်ပြန်ရာမှာတော့ သူတို့နာမည်တွေ အဓိကပါဝင်လာတာတွေ့ရပါတယ်။ စီရော်နယ်ဒိုဟာ ပြီးခဲ့တဲ့ရာသီက ရီးရဲမက်ဒရစ်နဲ့အတူ ချန်ပီယံလိဂ်ဖလားရယူပေးနိုင်ခဲ့သလို ပေါ်တူဂီအသင်းနဲ့ ယူရို ၂၀၁၆ ဖလားကိုပါ ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ငါးကြိမ်တိုင်တိုင် အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးထားတဲ့ မက်ဆီကလည်း ဒီဆုဆွတ်ခူးဖို့ ရေပန်းစားနေဆဲဖြစ်ပါတယ်။

မက်ဆီဟာ ဖလားမရခဲ့ပေမယ့် တစ်ဦးချင်းစွမ်းရည်ပြသကစားရမှုမှာ အားကောင်းနေသူဖြစ်ပါတယ်။ ဒီအထဲမှာ အင်္ဂလိပ်ဘောလုံးကစားသမား ဂျိမ်းစ်ဗာဒီကလည်း ပြီးခဲ့တဲ့ရာသီက လက်စတာအသင်းနဲ့အတူ ၂၄ ဂိုးသွင်းယူပေးပြီး ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့မှုကြောင့် ရေပန်းစားနေသူတစ်ဦးဖြစ်ပါတယ်။



# အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်ခြောက်ခုဖြင့် ချိတ်ဆက်၍ ချေးငွေထုတ်ချေးပေးရန်စီစဉ်နေ

**မြိတ် အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ အသေးစား အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်တွင်းရှိဘဏ်ခြောက်ခုဖြင့် ချိတ်ဆက်ကာ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် လုပ်ငန်းများသို့ ချေးငွေများထုတ်ချေးပေးနိုင်ရန် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်လျက်ရှိကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းအတွက် ချေးငွေရယူလိုပါက ဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ယခင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြိတ်မြို့ရှိ အသေးစားအလတ်စားလုပ်ငန်း ၆၅ ခုမှ ချေးငွေရရှိရေးအတွက် ဌာနသို့ ဆက်သွယ်လာခဲ့ပြီး ၎င်းတို့အနက် ချေးငွေထုတ်ချေးပေးမည့် ဘဏ်သတ်မှတ်ချက်နှင့်ကိုက်ညီသော လုပ်ငန်း ၁၄ ခုကို ငွေထုတ်ချေးပေးသည့်ဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုစဉ်က ချေးငွေထုတ်ပေးသည့်ဘဏ်မှာ တစ်ခုတည်းဖြစ်ပြီး ယခုအခါ ဘဏ်ခြောက်ခုအထိ တိုးမြှင့်ချိတ်ဆက်၍ ချေးငွေများ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဘဏ်များမှာ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရောဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်နှင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့ဖြစ်ကြောင်း မြိတ်မြို့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ချေးငွေလျှောက်ထားမည့် အသေးစားအလတ်စားလုပ်ငန်းရှင်များအနေဖြင့် ကိုက်ညီရမည့် သတ်မှတ်ချက်များမှာ (က) လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဌာနများတွင် လုပ်ငန်းမှတ်ပုံတင်ထားရှိ၍ သက်တမ်းတိုးပြီးသည့် လုပ်ငန်းများ (ခ)လုပ်ငန်းသက်တမ်း အနည်းဆုံး နှစ်နှစ် ရှိသည့် လုပ်ငန်းများ (ဂ) အသေးစားနှင့် အလတ်စားလုပ်ငန်း(SME)အသင်း ဝင်ရောက်ပြီးသည့် လုပ်ငန်းများ၊ (ဃ) လုပ်ငန်းတိုးတက်အောင်မြင်မှု အလားအလာရှိသည့်လုပ်ငန်းများ ဖြစ်ရမည်ဖြစ်သည်။



ထို့အပြင် ချေးငွေထုတ်ချေးရန် လျှောက်ထားသူများအနေဖြင့် အာမခံတင်ပြမည့် အပေါင်ပစ္စည်း ခိုင်မာမှုရှိရန်နှင့် အပေါင်ပစ္စည်းခိုင်မာမှုမရှိပါက လုပ်ငန်းခိုင်မာမှုရှိရန် လိုအပ်ပြီး လုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် Business Plan ကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေရယူနိုင်မည့် ကိစ္စနှင့်ပတ်သက်၍ မြိတ်မြို့ မြို့မ(၂)ရပ်ကွက် မြဝါရုံလမ်းတွင် ငါးဖမ်းလှေသုံး စက်ပစ္စည်းများ၊ လှေပန်ကာများ၊ သံ၊ ကျောက်စုပ်စက်များနှင့် စက်လှေအစိတ်အပိုင်းများကို သံ၊ သတ္တု၊ ကြေးပုံသွန်းလုပ်ငန်း လုပ်ကိုင်နေသည့် ဦးသန်းဝင်းက "ကျွန်တော် ဒီပုံသွန်းလုပ်ငန်းလုပ်လာတာ အနှစ် ၂၀ ကျော်ပြီ။ ချေးငွေတော့ရရင် ကောင်းတာပေါ့။ လုပ်ငန်းတိုးချဲ့ချင်ပေမယ့် ငွေအင်အားကအဆင်မပြေဘူး၊ အရင်ကချေးငွေလျှောက်ဖူးတယ်။ ဘဏ်သတ်မှတ်ချက်နဲ့မကိုက်ညီတော့ ချေးငွေမရဘူးဟု ပြောသည်။

မြိတ်ခရိုင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(SME)တွင် တရားဝင်မှတ်ပုံတင်ထားသော အသေးစားနှင့် အလတ်စားလုပ်ငန်းပေါင်း ၁၇၇၀ ရှိပြီး မှတ်ပုံမတင်ရသေးသူများအနေဖြင့် မိမိတို့လုပ်ငန်းကို SME တွင် မှတ်ပုံတင်ပြီးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန် ချေးငွေရယူလိုပါက မြိတ်မြို့ကန်ဖျားရပ်ကွက် ပိတောက်ပင်လမ်းဆုံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အခြားဒေသများမှ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့မြို့နယ်ရှိ အသေးစားအလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ဆက်သွယ်ပြီး ချေးငွေရရှိနိုင်ရေး ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဇီကာဗိုင်းရပ်စ်အကြောင်း သိကောင်းစရာများ ဟောပြော

**ပင်လည်ဘူး အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပွဲကို မြို့နယ်အသင်းရုံး၌ အောက်တိုဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုက ဟောပြောပွဲပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဌေးဌေးဝင်းက ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများ၊ ခြင်ကိုက်ခံရမှုမှတစ်ဆင့် ရောဂါဖြစ်ပွားပုံ အဆင့်ဆင့်၊ ရောဂါကူးစက်နိုင်သည့် နည်းလမ်းများ၊ ရောဂါလက္ခဏာများ၊ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ရန်အချက်များကို အသေးစိတ် ရှင်းလင်းဟောပြောသည်။ ထို့နောက် ဟောပြောပွဲတက်ရောက်သော မြို့နယ်အတွင်းမှ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား မိမိတို့အိမ်တွင် သိုလှောင်ထားရှိသော ရေအိုးရေကန်များတွင် ခြင်များဝင်ရောက်ပေါက်ပွားမှု မရှိစေရေးအတွက် သတိပြု၍ စနစ်တကျဖုံးအုပ်ထားရှိကြရန် အသိပေးမှာကြားခဲ့သည်။

**မျိုးလွင်(ပင်လည်ဘူး)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးနှီးရက်လုပ်ခြင်းသင်တန်းဖွင့်

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၂၆**

ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန်အတွက် ဆန်ကော၊ ဆန်ခါနှင့် ခြင်းတောင်း ရက်လုပ်နည်းသင်တန်းကို အောက်တိုဘာ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။



မြို့နယ်ဦးစီးမှူးက အိုင်ဒင်ကျေးရွာသည် ဆန်ကော၊ ဆန်ခါနှင့် နှီးခြင်းတောင်း ရက်လုပ်ရောင်းချခြင်းကို ခေတ်အဆက်ဆက် လုပ်ကိုင်ခဲ့သော်လည်း လူငယ်များအား လက်ဆင့်ကမ်း သင်ကြားပေးမှုအားနည်းခြင်းကြောင့် ယခုအခါ တဖြည်းဖြည်း တိမ်ကောစပြုလာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် အိုးမကွာ အိမ်မကွာ ဝင်ငွေရရှိနိုင်စေရန် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းသို့ အိုင်ဒင်ရွာ၊ အလယ်ရွာနှင့် ဘောင်ဒူလာ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ ကျော် တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမည်ဖြစ်ကြောင်း သိရသည်။

**ညသူ**

# ကြယ်ပဲစံပြစိုက်ခင်းစိုက်ပျိုးခြင်းစီမံကိန်း အကောင်အထည်ဖော်ရန် အလုပ်ရုံဆွေးနွေး

**ကလိန်အောင် အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ရာဖူးကျေးရွာအုပ်စု မိုင်(၆၀)ကျေးရွာ မဂဒူးစိုက်ပျိုးရေးစင်တာ၌ ကြယ်ပဲစံပြစိုက်ခင်း စိုက်ပျိုးခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အလုပ်ရုံဆွေးနွေးပွဲကို မွန်ပြည်နယ် ရေးမြို့တွင်အခြေစိုက်သော ရာမညအလုပ်သမားသမဂ္ဂမှကြီးမှူး၍ အောက်တိုဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရာမညအလုပ်သမားသမဂ္ဂမှ ဒါရိုက်တာ ဦးနိုင်ကောင်းရွတ်က ကလိန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူလယ်သမားများအား လာမည့်နှစ် စိုက်ပျိုးရေးရာသီတွင် ကြယ်ပဲစိုက်ပျိုးရန် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရန် စိတ်ဝင်စားသော တောင်သူများအား ကြယ်ပဲစိုက်ပျိုးရာတွင် သိသင့်သိထိုက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ ကျေးရွာဒေသအတွင်း ကြယ်ပဲစိုက်ပျိုးထုတ်လုပ်သည့် စံပြတောင်သူများအသင်း ဖွဲ့စည်းရန် ဆွေးနွေးသည်။

လာမည့်နှစ်တွင် ကလိန်အောင်မြို့နယ်အတွင်းမှ ကြယ်ပဲစိုက်ပျိုးမည့် ဒေသခံတောင်သူများအား ရာမညအလုပ်သမားသမဂ္ဂအနေဖြင့် မျိုးစေ့၊ စိုက်ပျိုးရေးနည်းပညာများနှင့် ဈေးကွက်ရရှိရန် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ကလိန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများအတွင်း လူတစ်ဦး(သို့မဟုတ်) အိမ်ထောင်စုတစ်ခုလျှင် တစ်ဧကနှုန်းဖြင့် ကြယ်ပဲစိုက်ဧက ၅၀ ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စက်သုံးဆီရောင်းချမှုများ စနစ်တကျရှိပြီး အန္တရာယ်ကင်းစေရန် ညှိနှိုင်းဆွေးနွေး

**စစ်ကိုင်း အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ စက်သုံးဆီရောင်းချရာတွင် စနစ်တကျရှိစေရန်အတွက် စစ်ကိုင်းခရိုင် ရေနံထွက်ပစ္စည်းများ တင်သွင်း သိုလှောင် သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီနှင့် မြို့ပေါ်ရပ်ကွက်များရှိ တရားမဝင် စက်သုံးဆီရောင်းချနေသူများ အောက်တိုဘာ ၂၄ ရက်က တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းက စက်သုံးဆီရောင်းချသူများအနေဖြင့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် စည်းကမ်းသတ်မှတ်ချက်များနှင့် မကိုက်ညီသည့် စက်သုံးဆီအရောင်းဆိုင်များကို လုပ်ငန်းသဘောအရ စစ်ဆေးအရေးယူမှုများ ရှိလာပါက ပြည်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများ ဖြစ်လာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်သောင်းက စက်သုံးဆီအရောင်းဆိုင်များနှင့်ပတ်သက်သည့် ဥပဒေအကြောင်းအရာများ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ဆိုင်ရှင်များအနေဖြင့် သတ်မှတ်ထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးသူအောင်ကလည်း ရေနံထွက်ပစ္စည်းများ ရောင်းချလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းနေရာအနီးတွင် အသင့်ထားရှိရမည့်ပစ္စည်းများ၊ မီးဘေးကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်နှင့် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော မြို့ပေါ်ရပ်ကွက်များမှ စက်သုံးဆီရောင်းဝယ်သူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် စနစ်တကျရောင်းချရန်၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**မိုးကောင်းမြို့နယ် မရမ်းကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ကုသရေးဦးစီးဌာနမှ ဒေါက်တာသန်းဦး ဦးဆောင်သည့် ပြည်သူလူထုဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှု ရွေ့လျားဆေးခန်း(Mobile Clinic)ဖြင့် အောက်တိုဘာ ၂၅ ရက်က ကွင်းဆင်းဆောင်ရွက်ပေးနေစဉ်။** (ရွေ့လျားဆေးခန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဇူလိုင်လမှ စတင်၍ နှစ်ပတ်တစ်ကြိမ်နှုန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ လေးမိုင်း၊ ပင်းခါး၊ နန့်ဟိုင်၊ ကဝါးယံ၊ ထိုပူးနှင့် နမ်နွမ်ကျေးရွာများ၌ ဆောင်ရွက်ခဲ့ပြီး ကျန်ရှိနေသောကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။)

**သန်းလွင်ဦး(ပြန်/ဆက်)**



# သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာဆိုတာ တကယ်ရှိရဲ့လား (အပိုင်း-၂)

## သိပ္ပံစာရေးဆရာကိုကိုအောင်

ကျောက်မီးသွေးစက်ရုံများသည် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်၊ သတ္တလောက တည်မြဲရေးနှင့် လူတို့၏ကျန်းမာရေးကို သိသိသာသာ ထိခိုက်စေသည့်အတွက် ကျောက်မီးသွေးဖြင့် လည်ပတ်သော စက်ရုံများကို လျှော့ချရန် ကြိုးပမ်းလာကြသည့် နိုင်ငံများထဲတွင် တရုတ်နိုင်ငံက ထိပ်တန်း၌ ပါဝင်နေသည်။ တရုတ်နိုင်ငံ ပေကျင်း၊ ရှန်ဟိုင်းနှင့် ကွမ်ကျိုးဒေသများ၌ ကျောက်မီးသွေးသုံး စက်ရုံများ ထပ်မံတည်ဆောက်ခွင့် မပြုတော့ခြင်း၊ ပေကျင်းမြို့တော်ဝန်းကျင်၌ လက်ရှိလည်ပတ်နေသော ကျောက်မီးသွေးသုံးစက်ရုံများကို ၂၀၂၀ ပြည့်နှစ်မှစ၍ လုံးဝပိတ်သိမ်းပစ်ရန် အစီအစဉ်များ ချမှတ်ထားခြင်း စသည်တို့မှာ ကျောက်မီးသွေးစက်ရုံ၏ ဘေးထွက်ဆိုးကျိုးများကို ခါးစည်းခံခဲ့ရသည့် တရုတ်တို့၏ လက်တွေ့ကျကျ တုံ့ပြန်ဆောင်ရွက်မှုများပင်ဖြစ်ကြသည်။

ဤသို့အားဖြင့် ကျောက်မီးသွေးစက်ရုံများ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမှု၊ ဂေဟစနစ်ကို ပျက်ယွင်းစေမှု၊ လူတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေမှုနှင့် သတ္တလောက တည်မြဲရေးကို စိန်ခေါ်နေမှု စသည်တို့ကို တစ်စတစ်စ သိလာကြသဖြင့် ကျောက်မီးသွေးနှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းများကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကန့်ကွက်အရေးဆိုလာကြသည့်အခါ စီးပွားရေးအကွက်မြင်သူတို့က နည်းပညာရှင်တချို့နှင့် ပူးပေါင်းလက်တွဲကာ သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာ ဆိုသည်ကို မိတ်ဆက်၍ ရှေ့တန်းတင်လာကြသည်။

ယေဘုယျအားဖြင့်ဆိုရလျှင် သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာ ဆိုသည်မှာ ကျောက်မီးသွေးကြောင့် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများ မရှိအောင် လုပ်ဆောင်နိုင်သည့် နည်းပညာမဟုတ်ဘဲ ကျောက်မီးသွေးကြောင့် လေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်း၊ ဖန်လုံအိမ်အာနိသင်တိုးမြင့်လာခြင်း စသည်တို့ကို လျှော့နည်းသက်သာအောင် စစ်ထုတ်ဖယ်ရှားပေးသည့် နည်းပညာသာလျှင် ဖြစ်သည်။ သို့ရာတွင် ထိုနည်းပညာနှင့် ပတ်သက်၍ ခေတ်အမီဆုံးနှင့် အဆင့်မြင့်ဆုံးဟုဆိုသော စက်ကိရိယာများကသည်ပင်လျှင် ကျောက်မီးသွေးကြောင့် ထွက်ပေါ်လာသော အဆိပ်ဓာတ်ငွေ့၊ အဆိပ်ဖြစ်စေသော အမှုန်အမွှားနှင့် အဆိပ်ဓာတ် ပျော်ဝင်နေသော အနည်အနှစ်တို့ကို ကျေနပ်ဖွယ် ကောင်းလောက်အောင် ဖယ်ရှားစစ်ထုတ်ခြင်း မပြုနိုင်သည့်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရှင်တို့က လက်မခံနိုင်ကြပေ။

အဆိုပါနည်းပညာအရ ကျောက်မီးသွေးကို ဓာတုဆေးရည်များဖြင့် ဆေးကြောခြင်း၊ လောင်ကျွမ်းပြီးသော ပြာနှင့်အနည်များ၌ ပါဝင်နေသည့် အာဆင်းနစ်၊ ပြဒါး၊ ခဲ၊ ဘိုရွန်၊ ခရိုမီယံနှင့် ဆယ်လီနီယံတို့၏ ပြင်းအားကို ဓာတုဗေဒနည်းဖြင့် လျှော့ချခြင်း၊ ကျောက်မီးသွေးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသော ကာဗွန်ဓာတ်ငွေ့များ အပါအဝင် အဆိပ်ဓာတ်ငွေ့တို့ကို ဖိသိပ်ခြင်းဖြင့် ထုထည်ပမာဏ လျှော့ကျစေပြီး သိုလှောင်သိမ်းဆည်းမည့် မြေအောက်ထဲသို့ ပိုက်လိုင်းများဖြင့် ပို့ဆောင်ခြင်း စသည်တို့ကို လုပ်ဆောင်ကြရသည်။ ထိုလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ လုပ်ဆောင်ရာတွင် အခက်အခဲများစွာရှိပြီး ကုန်ကျစရိတ်ကလည်း အလွန်ပင်ကြီးမားလှသည်။

သာဓကအားဖြင့် ဆိုရလျှင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ပေါ်လာသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ဖမ်းယူစုစည်း၍ မြေအောက်ကျင်းများထဲသို့ ပိုက်လိုင်းများဖြင့် ပို့ဆောင်ခြင်းမပြုမီ ယင်းဓာတ်ငွေ့ကို ဖိသိပ်ရန်အတွက် စက်ရုံမှထွက်သော လျှပ်စစ်ဓာတ်အား၏ လေးပုံ တစ်ပုံခန့်ကို ပြန်လည်သုံးစွဲရသဖြင့် လုပ်ငန်းဝင်ငွေ၏ ၂၅ ရာခိုင်နှုန်း လျော့ကျသွားခြင်းမျိုးပင် ဖြစ်သည်။

ကျောက်မီးသွေးစက်ရုံများမှ ထွက်ရှိလာသော ကျောက်မီးသွေးပြာတွင် ရေဒီယိုသတ္တိကြွ ဓာတ်ပစ္စည်းများလည်း ပါဝင်လျက်ရှိနေသည်။ လျှပ်စစ်ဓာတ်အား မီဂါဝပ် ၁၀၀၀ ထုတ်လုပ်ပေးသော ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံသည် တစ်နှစ်လျှင် ရေဒီယိုသတ္တိကြွ ဓာတ်ပစ္စည်းများဖြစ်ကြသော ယူရေနီယံ ၅ တန်နှင့် သိုရီယံ ၁၂ တန်မျှ ထွက်ရှိသည်။ ဤသို့အားဖြင့် ကျောက်မီးသွေးကို စတင်သုံးစွဲခြင်း မပြုသေးမီကတည်းက ဓာတုဆေးရည်ဖြင့် ဆေးကြောပြုပြင်ပေးရခြင်းမှ အစပြုကာ ကျောက်မီးသွေးစွန့်ထုတ်ဓာတ်ငွေ့များ၊ ကျောက်မီးသွေးပြာများ၊ ကျောက်မီးသွေး အနည်အနှစ်များကို ဘေးအန္တရာယ်ကင်းအောင် စနစ်တကျစွန့်ပစ်မြှုပ်နှံရခြင်းများအထိ အဆင့်ဆင့်သော လုပ်ငန်းများတွင် နက်နဲရှုပ်ထွေးသော အဆင့်မြင့် နည်းပညာများကို အသုံးပြု လုပ်ဆောင်ရသည့်အတွက် စရိတ်စက အလွန်ကြီးမြင့်သည်။

ဘေးထွက်ဆိုးကျိုး နည်းပါးစေရေးအတွက် ကြိုတင်ပြင်ဆင်ရမှုများ၊ နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံရမှုများ၊ စက်ရုံလည်ပတ်စရိတ် ကြီးလေးစွာကျခံရမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက ငွေကြေးအလုံးအရင်း သုံးစွဲပြီး ဖြေရှင်းရမှုများ စသည်တို့ကြောင့် သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာသုံး စက်ရုံတစ်ရုံ၏ ရင်းနှီးမြှုပ်နှံရမှု ပမာဏသည် သမားရိုးကျ နည်းပညာသုံး ကျောက်မီးသွေးစက်ရုံ နှစ်ရုံစာအတွက် ရင်းနှီးမြှုပ်နှံရသည့် ပမာဏနှင့် ဆတူဖြစ်လျက်ရှိသည်။ သို့ဖြစ်၍ ထုတ်လုပ်ပေးရသော လျှပ်စစ်ဓာတ်အားခ ကျသင့်ငွေကလည်း နှစ်ဆဖြစ်လာကာ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲသူတို့အတွက် ရေရှည် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်စေသည်။

**ကျောက်မီးသွေးကို စတင်သုံးစွဲခြင်း မပြုသေးမီကတည်းက ဓာတုဆေးရည်ဖြင့် ဆေးကြောပြုပြင်ပေးရခြင်းမှ အစပြုကာ ကျောက်မီးသွေးစွန့်ထုတ်ဓာတ်ငွေ့များ၊ ကျောက်မီးသွေးပြာများ၊ ကျောက်မီးသွေး အနည်အနှစ်များကို ဘေးအန္တရာယ်ကင်းအောင် စနစ်တကျစွန့်ပစ်မြှုပ်နှံရခြင်းများအထိ အဆင့်ဆင့်သော လုပ်ငန်းများတွင် နက်နဲရှုပ်ထွေးသော အဆင့်မြင့် နည်းပညာများကို အသုံးပြု လုပ်ဆောင်ရသည့်အတွက် စရိတ်စက အလွန်ကြီးမြင့်**

ကနဦးတည်ဆောက်မှု ကုန်ကျစရိတ်၊ စက်ရုံလည်ပတ်သည့် ကုန်ကျစရိတ်၊ အဆင့်မြင့်နည်းပညာ သုံးကာ ဓာတုနည်းစဉ်ဖြင့် ပြုပြင်ပြောင်းလဲရသည့် ကုန်ကျစရိတ်၊ လေ့ကျင့်သင်ကြားပေးရသည့် စရိတ်စက၊ ကျွမ်းကျင်ဝန်ထမ်းများကို ပေးရသည့် လစာနှင့်စရိတ်၊ ဘေးဖြစ်စေသော ဓာတုအညစ်အကြေးများကို နည်းလမ်းတကျ စွန့်ပစ်ရသည့် စရိတ်စက၊ သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏ကျန်းမာရေးကို ထိခိုက်ပါက ပေးလျော်ရမည့် ဒဏ်ကြေးနှင့်နစ်နာကြေးများစသည့် ကိန်းဂဏန်းပမာဏ အလွန်ကြီးမားလှသော ရင်းနှီးမြှုပ်နှံရမှုတို့ကြောင့် ပြည်ပချေးငွေဖြင့် ဆောင်ရွက်ရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် လုပ်ငန်းများ ထိရောက်အောင်မြင်ရန် မလွယ်ကူလှပေ။

အသစ်အသစ်သော အကြီးစားစီမံကိန်းတို့၏ သဘောသဘာဝအရ စီမံကိန်း စတင်ချမှတ်ချိန်မှစ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် အချိန်အထိမှာ အများပြည်သူတို့က စိတ်ဝင်စားမှုအရှိဆုံးကာလဖြစ်ပြီး နောက်ပိုင်းတွင်မူ အများပြည်သူတို့၏ စိတ်ဝင်စားမှု လျော့နည်းသွားကာ မေ့မေ့ပျောက်ပျောက်များကို ခါးစည်းကာ ခံကြရတော့သည်။

အထက်၌ ဆိုခဲ့သလိုပင် သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာဆိုသည်မှာ ဘေးထွက် ဆိုးကျိုးမရှိသော နည်းပညာမဟုတ်ဘဲ၊ ဘေးထွက်ဆိုးကျိုးကို အနည်းငယ်မျှ လျော့နည်းသက်သာအောင် လုပ်ဆောင်ပေးသော လုပ်ငန်းစဉ်တစ်ရပ်သာလျှင် ဖြစ်သည့်အားလျော်စွာ ထိုနည်းပညာအပေါ်၌ အဓိပ္ပာယ်ကောက်ယူမှု လွဲမှားခြင်းမရှိကြဖို့ အထူးပင် အရေးကြီးလှသည်။ ဘေးထွက်ဆိုးကျိုးများထဲ၌ပင် ချက်ချင်း သိသာထင်ရှားသော ဆိုးကျိုးများ၊ ကာလတိုအတွင်း ပေါ်ပေါက်လာသော ဆိုးကျိုးများနှင့် ကာလအတန်ကြာမှ ပေါ်ပေါက်လာသော ဆိုးကျိုးများဟူ၍ အမျိုးမျိုးရှိကြရာ ကျောက်မီးသွေးသုံး စက်ရုံများ၏ ဘေးထွက်ဆိုးကျိုးမှာ ချက်ချင်းသော်လည်းကောင်း၊ ကာလတိုအတွင်း၌ သော်လည်းကောင်း မသိနိုင်ဘဲ ကာလရှည်ကြာလာမှသာ သိသိသာသာ ရုပ်လုံးပေါ်လာသော ဆိုးကျိုးမျိုးဖြစ်သည်။

ကျောက်မီးသွေးသုံး စက်ရုံတို့၏ ဘေးထွက်ပစ္စည်းများကြောင့် ဖြစ်ပွားရသော ကာလရှည်ဆိုးကျိုးနှင့် ပတ်သက်၍ ကျောက်မီးသွေးစက်ရုံများ တည်ရှိရာ အမေရိကန် ပြည်ထောင်စု အပလက်ချီယန်ဒေသ၌ ၂၀၁၁ ခုနှစ်အတွင်းက လက်တွေ့ကျကျ



ဖြစ်သွားကြစမြဲဖြစ်သည်။ ထိုအချက်ကိုသိသော စီးပွားရေးသမားတို့သည် အာဏာရှိသူတို့ထံ ချဉ်းကပ်ပြီး မိမိတို့ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းကြီးကို ဘေးအန္တရာယ်ကင်းရှင်းအောင်၊ သဘာဝပတ်ဝန်းကျင် မထိခိုက်အောင်၊ ဂေဟစနစ် မပျက်ယွင်းအောင်၊ သတ္တလောက တည်မြဲရေးကို အနှောင့်အယှက်မဖြစ်အောင် မည်သို့မည်ပုံ ဆောင်ရွက်ပေးမည်ဟု ယာယီကတိများ အထပ်ထပ်ပေး၍ မိမိတို့၏ အတ္တအကျိုးစီးပွားကို မရရအောင် ဖန်တီးယူလေ့ရှိကြသည်။

စီမံကိန်းကြီး အောင်မြင်စွာပြီးဆုံး၍ စက်ရုံနှင့်လုပ်ငန်းများ လည်ပတ်မှုကာလ အနည်းငယ်မျှ ကြာမြင့်လာသည်နှင့် ယခင်ကပေးခဲ့သော ကတိကဝတ်များအတိုင်း ဆောင်ရွက်ခြင်းမရှိကြတော့ဘဲ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ် သက်သာရေးကိုသာ ရှေ့တန်းတင်လာကြတော့သည်။ ထိုကဲ့သို့သော သဘောသဘာဝရှိသည့် အကြီးစား စီမံကိန်းလုပ်ငန်းကြီးများထဲတွင် ကျောက်မီးသွေးသုံး စက်ရုံစီမံကိန်းများသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

အသိဉာဏ်ပညာ မြင့်မားသော ပြည်သူအများစုတို့ နေထိုင်သည့် ဖွံ့ဖြိုးပြီးနိုင်ငံများက လက်မခံတော့သော ကျောက်မီးသွေးသုံး စက်ရုံများကို အသိဉာဏ်ပညာနှင့် ဗဟုသုတနည်းပါးသော ဖွံ့ဖြိုးစနိုင်ငံငယ်ကလေးများ၌ လာရောက်အခြေချ တည်ဆောက်လည်ပတ်ရန် တစ်စတစ်စ အားထုတ်ကြိုးပမ်းလာနေကြသည်ကို ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံငယ်ကလေးများ၌ ကြုံတွေ့နေကြရသည်။

ထိုကဲ့သို့သော ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံငယ်ကလေးများ၌ ပြည်သူအများစုတို့က ဗဟုသုတအရာ၌ အားနည်းကြသော်လည်း အသိဉာဏ်ပညာ ဗဟုသုတနှင့် အလွန်ပြည့်စုံသည့် ပညာရှင် တချို့ရှိနေကြသေးသည်ဖြစ်ရာ ထိုပညာရှင်ကြီးများ၏ အကွက်ကျကျ ထောက်ပြပြောဆို ဝေဖန်သုံးသပ်ချက်များကြောင့် ပြည်သူများ အသိပညာနိုးကြားလာပြီး ကန့်ကွက်မှုများ ပေါ်ပေါက်လာတတ်သည်။

ထိုအခြေအနေမျိုးတွင် အံတိုနေပြီဖြစ်သော စီးပွားရေးသမားများက သန့်ရှင်းသော ကျောက်မီးသွေး နည်းပညာကို အခြေခံကာ မည်သို့သော ခေတ်မီစက်ကိရိယာမျိုးကို မည်သို့မည်ပုံ အသုံးပြုကာ လုပ်ဆောင်သွားမည်၊ ပတ်ဝန်းကျင် မထိခိုက်အောင် မည်ကဲ့သို့ ကာကွယ်ပေးသွားမည်၊ ဘေးထွက်ဆိုးကျိုးများ မရှိရလေအောင် မည်မျှ အတိုင်းအတာအထိ အကုန်အကျခံ ဆောင်ရွက်ပေးမည်၊ ဒေသခံ ပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေး စသည်တို့ကိုလည်း မည်ကဲ့သို့ စောင့်ရှောက်ပေးမည် စသည်ဖြင့် အများပြည်သူ ယုံကြည်လက်ခံလာစေရန်အတွက် ဟန်ပြစေတနာများ ထုတ်ပြပြီး တစ်ပါတည်း ဆိုသလိုပင် အသုံးပြုမည့် နည်းပညာနှင့် စက်ကိရိယာတို့ကိုပါ ဖော်ထုတ်ပြသ ရှင်းလင်းမှုပြုကြလေ့ရှိသည်။

ဤသို့ဖြင့် ပြည်သူအများ၏ ယုံကြည်လက်ခံမှုကိုရရှိပြီး လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသွားသည့်အခါ စွမ်းအားပြည့် သုံးစွဲနိုင်ခြင်းမရှိသည့် စက်ကိရိယာများ၊ အရည်အသွေး စံမမီသည့် ဓာတုပစ္စည်းများ၊ တိကျမှု မရှိတော့သော တိုင်းတာရေးပစ္စည်းများ စသည်တို့ကိုသာ လူမြင်ကောင်းအောင် ထုတ်သုံးပြပြီး အတ္တအကျိုး စီးပွားကိုရအောင် ဖော်ဆောင်သွားကြလေ့ ရှိကြသည်။ ကျောက်မီးသွေးစက်ရုံ စတင်လည်ပတ်ပြီးနောက် ဆယ်စုနှစ် တစ်စုခန့်အတွင်းမှာပင် အနီးပတ်ဝန်းကျင်ဒေသရှိ ပြည်သူများအကြား၌ ပြဿနာများ စတင်ပေါ်ပေါက်လာတော့သည်။ ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ လူမှု ဒုက္ခဆိုးများ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများ စသည်ဖြင့် ကာလရှည်ဆိုးကျိုး

ကွင်းဆင်းတိုင်းတာ သုတေသနပြုခဲ့ကြသော အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်ဆေးပညာဌာနမှ ပညာရှင်များပါဝင်သောအဖွဲ့၏ သုတေသနဆိုင်ရာ ထုတ်ပြန်ချက်ကို လေ့လာတွေ့ရှိနိုင်သည်။

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား တစ်ကီလိုဝပ်နာရီ ထုတ်လုပ်တိုင်း ထိခိုက်ပျက်စီး နစ်နာရမှုများကို ပြန်လည်ကုစားရမည့် ကုန်ကျစရိတ် အသေးစိတ်ကို အထက်ပါအဖွဲ့၏ သုတေသနအစီရင်ခံစာ၌ ဖော်ပြထားသည်။ ကျောက်မီးသွေးကို လောင်မြိုက်စေမှုကြောင့် အဆိပ်ဓာတ်ငွေ့ ထွက်ပေါ်လာခြင်း၊ အဆိပ်ဖြစ်စေသော အမှုန်အမွှားများ ပျံ့လွင့်ခြင်းနှင့် အဆိပ်ဓာတ် ပျော်ဝင်နေသော အနည်အနှစ်များ ယိုဖိတ်စီးဆင်းခြင်းစသည့် ဘေးထွက်ပစ္စည်းဆိုင်ရာ ပြဿနာများကြောင့် ထိခိုက်ခံစားရမှုများကို အနှစ်ချုပ်ကာ အုပ်စုခြောက်စုခွဲခြားထားပြီး၊ အုပ်စုတစ်ခုချင်းအလိုက် ပြန်လည်ကုစားရမည့် ကုန်ကျစရိတ်များကိုပါ အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်ပေးထားသည်။

ကျောက်မီးသွေးကို လောင်မြိုက်စေပြီး လျှပ်စစ်ဓာတ်အား တစ်ကီလိုဝပ်နာရီ ထုတ်လုပ်ပြီးသည့် အခါတိုင်း သဘာဝမြေယာရှုခင်း ပျက်စီးမှုကို ပြန်လည်မွမ်းမံပြင်ဆင်ရန်အတွက် ၀ ဒသမ ၀၁ ဆင့် ကုန်ကျမည်၊ အများပြည်သူ ကျန်းမာရေး ထိခိုက်မှုများကို ပြန်လည်ကုစားရန်အတွက် ၄ ဒသမ ၃၆ ဆင့် ကုန်ကျမည်၊ လေထုညစ်ညမ်းမှုများကို ပြန်လည်သန့်စင်ရန်အတွက် ၉ ဒသမ ၃၁ ဆင့် ကုန်ကျမည်၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်အတွက် ၃ ဒသမ ၀၆ ဆင့် ကုန်ကျမည်၊ နှလုံးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ကုသရန်အတွက် ၀ ဒသမ ၂၁ ဆင့် ကုန်ကျမည်၊ ပြဒါးကြောင့်ဖြစ်ရသော ကုန်ထုတ်စွမ်းအား ကျဆင်းမှုကို ပြန်လည်မြှင့်တင်ပေးရန်အတွက် ၀ ဒသမ ၁ ဆင့် ကုန်ကျမည်ဟူ၍ ဖြစ်သည်။

အဆိုပါ သုတေသနအစီရင်ခံစာအရ ကျောက်မီးသွေးစက်ရုံ၏ ဘေးထွက်ပစ္စည်းများကြောင့် အများပြည်သူအတွင်း ဖြစ်ပွားလာမည့် အနာတရဖြစ်မှုများ၊ ရောဂါဘယများနှင့် သေဆုံးရမှုများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၇၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်သလို၊ လေထုညစ်ညမ်းမှုကို ပြန်လည် သန့်စင်ရန်အတွက်လည်း နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၈၈ ဘီလီယံခန့် ကုန်ကျဖွယ် ရှိနေသည်။ ထိုနည်းတူ အခြားသော အုပ်စုများအလိုက် ပြန်လည်ကုစားရမည့် အထွေထွေ စရိတ်စကများကိုပါ တွက်ချက်သည် ရှိသော် နှစ်စဉ်ကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း ၅၀၀ အထိ ရှိနေသည်။

ဤသည်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သတ္တလောကနှင့် ဂေဟစနစ်တို့၏ အရေးကိစ္စအဝဝနှင့် လူသားမျိုးနွယ်တို့၏ အနာဂတ်အရေးကို အလွန်တရာ အလေးထားသည့် ထိပ်တန်းနိုင်ငံကြီး တစ်ခု၌ စည်းကမ်းသတ်မှတ်ချက်များ တင်းတင်းကျပ်ကျပ် ချမှတ်ထားသည့်ကြားက ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးမှုကြီးတစ်ခုမျှသာ ရှိသေးသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရကောင်းမှန်း မသိသော နိုင်ငံမျိုးနှင့် လူသားတန်ဖိုးကို အလေးထားရကောင်းမှန်း နားမလည်သော နိုင်ငံမျိုးတို့၌ ဆိုလျှင်မူကား ပို၍ကြီးမားကျယ်ပြန့်လာနိုင်သည့် ဆုံးရှုံးမှုကြီးများမှာ တွေးကြည့်ရုံဖြင့်ပင် ထိတ်လန့်ဖွယ် ကောင်းလှသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာဆိုတာ တကယ်ရှိရဲ့လားဟု မေးလာခဲ့သည်ရှိသော် မည်ကဲ့သို့ ပြန်လည်ဖြေကြားသင့်ပါသနည်း။

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(At Site)အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| Tender No.18/EPGE/16-17 | (1) 10" Gas Pipe-` | (132) Nos |
| | (2) 10", 90˚Bend- | (2) Nos |
| | (3) 10", 45˚Bend- | (2) Nos |
| | (4) 6" x 4"Reducer- | (3) Nos |

၂။ Tender No.18၏ တင်ဒါပိတ်ရက်မှာ ၁၇-၁၁-၂၀၁၆ ရက်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၈၁၀၄၂၇၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
## သုတေသနလက်ထောက်(၂)၊ စာကြည့်တိုက်လက်ထောက်(၂)
## ရာထူးလျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနရှိ အောက်ဖော်ပြပါရာထူးနေရာများတွင် ခန့်ထားနိုင်ရန်အတွက် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို အခမဲ့ရယူ၍ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူးအမည် | အရေအတွက် |
|---|---|---|
| (က) | သုတေသနလက်ထောက်(၂) | (၇)နေရာ |
| (ခ) | စာကြည့်တိုက်လက်ထောက် (၂) | (၃)နေရာ |

၂။ လျှောက်ထားသူသည်-
(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသား ဖြစ်ရမည်။
(ခ) သုတေသနလက်ထောက်(၂)ရာထူးအတွက် မဟာဝိဇ္ဇာဘွဲ့ (MA) (အင်္ဂလိပ်စာ/သမိုင်း/ရှေးဟောင်းသုတေသနပညာ) ရရှိထားသူဖြစ်ရမည်။
(ဂ) စာကြည့်တိုက်လက်ထောက် (၂)ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုနှင့် ဘွဲ့လွန်စာကြည့်တိုက်ပညာဒီပလိုမာဘွဲ့ ရရှိပြီး မဟာဝိဇ္ဇာဘွဲ့တန်းသို့ တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဃ) အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ပြီး ကွန်ပျူတာ Microsoft Office Programme များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည်။
(င) ပြင်ပမှ လျှောက်ထားသူသည် ၁၅-၁၁-၂၀၁၆ရက်တွင် အသက် (၃၀)ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်စေရ။
(စ) မည်သည့်အမျိုးသားစာကြည့်တိုက်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(ဆ) တာဝန်ချထားသောဒေသများသို့ ကွင်းဆင်းလေ့လာရေးသွားရောက်နိုင်ရမည်။
(ဇ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် လျှောက်ထားရမည်။

၃။ လျှောက်လွှာများကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်တွင် ၃၀-၁၁-၂၀၁၆ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပါသည်။
၄။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ၊ ဘွဲ့ရအမှတ်စာရင်းမိတ္တူ၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာမူရင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှ ထောက်ခံချက်မူရင်း၊ အလုပ်သမားမှတ်ပုံတင်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။
၅။ သတ်မှတ်စည်းကမ်းချက်များနှင့် မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်တင်ပြသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၆။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်ပါက လူတွေ့စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။
၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၃၈၄၊ ၀၆၇-၄၀၈၄၃၆၊ ၀၆၇-၄၀၈၃၈၃များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ တိုးချဲ့လူနာဆောင်၊ ဆေးစတို၊ လူနာစောင့်နားနေဆောင်နှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများပါဝင်သော လုပ်ငန်း ၁၇ခုအား ဆောက်လုပ်မည်ဖြစ်ပါသည်။
၂။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော လိုင်စင်ရကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၆၃-၂၈၇၂၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၁၀-၂၀၁၆ ရက် (တနင်္လာနေ့)
**တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်** - ၁၈-၁၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးဝင်း၊ မကွေးမြို့

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI) အတွက်
## သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ညောင်ရွှေသက်မွေးပညာ သင်တန်းကျောင်း (NVTI) တွင် ကာလတိုသက်မွေးပညာသင်တန်းများကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့် သင်တန်းကာလ**
(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံး စာစီစာရိုက်သင်တန်း [သင်တန်းကာလ (၁)လ]
(ခ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း [သင်တန်းကာလ(၁)လ]
(ဂ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း [သင်တန်းကာလ (၁)လ]

၂။ လျှောက်ထားသူသည်-
(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံးစာစီစာရိုက်သင်တန်းအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) အောင်မြင်သူဖြစ်ရမည်။ တစ်လုံးထိုးအင်ဂျင် ပြုပြင်ခြင်းသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းများအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။

၃။ သင်တန်းတစ်ခုလျှင် သင်တန်းသား ၃၀ စီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။
၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။
၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့် စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**သင်တန်းဖွင့်လှစ်မည့်ရက်**
၂၀၁၆ခုနှစ် နိုဝင်ဘာ ၇ရက်

**သင်တန်းနေရာ**
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)၊
မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့။

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)
ဖုန်း-၀၉-၄၅၆၁၂၉၉၇၈
(လျှောက်လွှာများကို ၄-၁၁-၂၀၁၆ရက်နောက်ဆုံးထား၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။)

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့
## ဒေသဆိုင်ရာနှင့် ရိုးရာဓလေ့ဌာန
## SEAMEO CHAT

အရှေ့တောင်အာရှပညာရေး ဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနမှ CHAT Communication in English Language Course သင်တန်းအပတ်စဉ် 1/2016 နှင့် 2/2016 တွင် Advanced II အောင်မြင်ပြီးသူများအား ၃-၁၂-၂၀၁၆ရက် (စနေနေ့)တွင် ဒီပလိုမာအောင်လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားရှိပါသဖြင့် အခမ်းအနားပွဲသို့ တက်ရောက်လိုသည့် သင်တန်းသားများနှင့် အသေးစိတ်အချက်အလက်သိရှိလိုသူများသည် SEAMEO CHAT ကျောင်းသားရေးရာ ဖုန်း ၀၁-၅၃၉၇၀၇၊ ၀၁-၅၁၅၁၈၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စာရင်းပေးသွင်း မေးမြန်းနိုင်ပါသည်။
(မှတ်ချက်။ ။ တစ်ဦးချင်း ဖုန်းဆက်အကြောင်းကြားမည်မဟုတ်ပါ။)

**စီမံကြီးကြပ်အဖွဲ့**
**CHAT Communication in English Language Course**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ရက်မှစတင်၍ အောက်ဖော်ပြပါ (အင်ဂျင်နီယာ/ဗိသုကာ) ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

**(အင်ဂျင်နီယာ/ဗိသုကာ)ပါရဂူဘွဲ့သင်တန်းများ**

| | | | |
|---|---|---|---|
| (က) | မြို့ပြအင်ဂျင်နီယာ | (ဆ) | ဓာတုအင်ဂျင်နီယာ |
| (ခ) | စက်မှုအင်ဂျင်နီယာ | (ဇ) | ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ |
| (ဂ) | လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဈ) | သတ္တုတူးဖော်ရေးအင်ဂျင်နီယာ |
| (ဃ) | အီလက်ထရောနစ်အင်ဂျင်နီယာ | (ည) | သတ္တုဗေဒအင်ဂျင်နီယာ |
| (င) | ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ | (ဋ) | ဗိသုကာ |
| (စ) | မက္ကာထရောနစ်အင်ဂျင်နီယာ | | |

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း (Course Work) (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၂)နှစ်၊ အနည်းဆုံး(၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်း (Course Work)စာမေးပွဲကို သတ်မှတ်အရည်အချင်းဖြင့် ဖြေဆိုအောင်မြင်သူများကိုသာ ပါရဂူဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။
၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်-
(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (၃ ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည် (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ)မဟာဘွဲ့ M.E/M.Arch.(သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
၄။ လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။
၅။ လျှောက်လွှာပုံစံများကို ၂၇-၁၀-၂၀၁၆ ရက် (ကြာသပတေးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင်ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ၁၅-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအားစိစစ်ပြီး မှန်ကန်ပါက ၁၆-၁၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်။
၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့) | အင်္ဂလိပ်စာ | ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ |
| ၁၈-၁၁-၂၀၁၆ (သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ |

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့် ရရှိသူများစာရင်းကို ၂၈-၁၁-၂၀၁၆ ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၂၉-၁၁-၂၀၁၆ ရက် (အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၃၀-၁၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။
၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။
၉။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၂၄၁၃၊ ၀၁-၉၆၆၅၇၅၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## ၀၂/၂၀၁၆-၂၀၁၇ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း ကျွန်း/သစ်မာ သစ်လုံး/သစ်ခွဲသားများကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **(အထူး)အိတ်ဖွင့်တင်ဒါ** - ၀၂/၂၀၁၆-၂၀၁၇
**ရောင်းချမည့်နေ့ရက်နှင့်အချိန်** - ၁၆-၁၁-၂၀၁၆ရက် နံနက် ၈း၀၀နာရီမှစတင်မည်
**တိုင်းဒေသကြီး/ပြည်နယ်** - မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး
- ၈၉၉တန်ခန့် (ပိတောက်/တမလန်းသစ်များပါဝင်သည်)

(ခ) **အိတ်ဖွင့်တင်ဒါ** - ၀၂/၂၀၁၆-၂၀၁၇
**ရောင်းချမည့်နေ့ရက်နှင့်အချိန်** - ၁၇-၁၁-၂၀၁၆ရက် နံနက် ၈း၀၀နာရီမှစတင်မည်
**တိုင်းဒေသကြီး/ပြည်နယ်** - မကွေးတိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)၊ ရခိုင်ပြည်နယ်/ ရန်ကုန်တိုင်းဒေသကြီး/ တနင်္သာရီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
- ၃၁၆၀တန်ခန့် (ပိတောက်သစ်များပါဝင်သည်)

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www. myanmatimber. com. mmတွင် ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၃၂၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၂၀၀၂၇ Honda Wave 110ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူအောင် ၈/ပဖန(နိုင်)၀၇၂၅၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7338 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6447 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့၊ မွန်ပြည်နယ်**
**ရွှေဆိုင်း (၅၀၀၀၀) ချိပ်ပိတ်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း**
**ရွှေဆိုင်းတင်ဒါအမှတ်စဉ် (၁/၂၀၁၆-၂၀၁၇)**

၁။ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်ဂေါပကအဖွဲ့မှ ရွှေဆိုင်း (၅၀၀၀၀) ကို ချိပ်ပိတ်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ ဈေးပြိုင်တင်သွင်းမည့်သူသည် အမှန်တကယ် ရွှေဆိုင်းလုပ်ငန်း လုပ်ကိုင်သူဖြစ်ရမည်။ ရွှေဆိုင်းလုပ်ငန်းလုပ်ကိုင်ခွင့်ကို ၂၀၁၇ ခုနှစ် သက်တမ်းတိုးပြီး လိုင်စင်ဖြစ်ရမည်။

၂။ အသေးစိတ်သိလိုသည့် အချက်အလက်များကို ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ဂေါပကအဖွဲ့ရုံးခန်းမတွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက် ၁၅-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) ရုံးချိန်အတွင်း ဖြစ်ပါသည်။

**ဆံတော်ရှင်ကျိုက်ထီးရိုး**
**စေတီတော်ဂေါပကအဖွဲ့**

# မြတ်တံခွန်စာသင်တိုက် သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားသော သံဃာတော်များ၊ သီတင်းသုံးနေထိုင်ရန် ယောဂီများ တရားအားထုတ်နိုင်ရန် ပေ (၈၀×၅၀)ရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ဘည်းတင်၍ လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) | သိမ် | (၅၀၀)သိန်း |
| (၂) | အာစီကြမ်းခင်း(၁)လွှာ | (၃၇၀)သိန်း |
| (၃) | စတီးဝရန်တာပတ်လည် | (၂၃)သိန်း |
| (၄) | ခန်းမတံခါး | (၁၀)သိန်း |
| (၅) | ၁၀-ပေ(၁)ခန်း | (၉)သိန်း |
| (၆) | လှေကား(၁)စင်း | (၅)သိန်း |
| (၇) | တိုင်(၁)လုံး | (၃)သိန်း |
| (၈) | ပြတင်းတံခါး | (၁)သိန်း |
| (၉) | ကျောက်ပြားအခင်း(၁)ကျင်း | (၁)သိန်း (၅)သောင်း |

**ကျောင်းဖြစ်မြောက်ရေးအဖွဲ့**
**မြတ်တံခွန်စာသင်တိုက်**
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

**အထက (၃) ပဲခူး (အမျိုးသားတန်းမြင့်ကျောင်း)**
**(၁၉၆၉၊ ၁၉၇၀၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃)**
**တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားဟောင်းများ**
## ဒုတိယအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

အမိကျောင်းတော်ကြီးမှ တစ်နှစ်ကြီး တစ်နှစ်ငယ်မွေးဖွားလာကြတဲ့ ညီအစ်ကိုမောင်နှမများ တို့တစ်တွေကို ပညာသင်ကြားပေးခဲ့တဲ့ ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများကို မနှစ်ကလိုပဲ စည်းစည်းလုံးလုံးနဲ့ ကျေးဇူးဆပ် ဂါရဝပြုကြရအောင်။

**ကျင်းပမည့်နေ့ရက်** - ၂၄-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) (အမျိုးသားအောင်ပွဲနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁နာရီ
**ကျင်းပမည့်နေရာ** - ဂရင်းဒ်ဆိုရှယ်မင်္ဂလာခန်းမ၊ ပဲခူးမြို့
**ဆက်သွယ်ရန်**

| | | |
|---|---|---|
| ၁။ | ဦးကျော်ကျော်ဦး (၆၉) | ဖုန်း-၀၉-၇၇၃၀၉၈၂၂၇ |
| ၂။ | ဦးမြဝင်း (၇၀) | ဖုန်း-၀၉-၃၂၂၆၃၂၀၀ |
| ၃။ | ဦးကျော်ကျော်ထူး (၇၀) | ဖုန်း-၀၉-၇၃၀၇၁၃၀၂၊ ၀၉-၂၅၄၅၄၈၉၇ |
| ၄။ | ဦးခင်ဇော်သောင်း (၇၁) | ဖုန်း-၀၉-၇၉၆၉၄၂၀၆၆ |
| ၅။ | ဒေါ်သန်းသန်းမြင့် (၇၀) | ဖုန်း-၀၉-၂၅၀၇၉၅၅၀၂ |
| ၆။ | ဒေါ်ကြည်ကြည်အေး(၇၂) | ဖုန်း-၀၉-၄၂၈၁၁၅၂၃၄ |
| ၇။ | ဒေါ်ယုယုရှိန် (၇၃) | ဖုန်း-၀၉-၃၁၄၇၈၉၃၉ |

**အထက(၃)မြောင်းမြ (ယခင်ကာတိုလိပ်ကျောင်း)၏**
## မြတ်ဆရာပူဇော်ပွဲနှင့် ငယ်သူငယ်ချင်းများ ပြန်လည်တွေ့ဆုံပွဲ

အထက(၃) မြောင်းမြ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံညစာစားပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၁ ရက် (၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ရက်) စနေနေ့တွင် နံနက် ၈ နာရီမှစတင်၍ ကျောင်းဝင်းအတွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ကျောင်းတော်ကြီးတွင် ပညာရည်နို့သောက်စို့ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အထက (၃)တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် အသက်(၆၀)ပြည့်မည့်ဆရာ၊ ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် လှူဒါန်းငွေများ ပေးပို့ကုသိုလ်ယူနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ငယ်သူငယ်ချင်းအားလုံး ပြန်လည်ဆုံတွေ့ကြမယ်၊ လက်ရေတပြင်တည်း စားသောက်ကြမယ်။

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| ရန်ကုန် - | ဦးရွှေလှိုင် | ဖုန်း-၀၉-၉၇၄၀၅၇၂၉၂ |
| | ဦးခင်မောင်စိုး | ဖုန်း-၀၉-၇၃၀၇၇၃၆၀ |
| | ဒေါ်ငွေငွေမြင့် | ဖုန်း-၀၉-၄၂၀၀၉၃၈၉၅ |
| မြောင်းမြ - | ဦးကျင်ထွေး | ဖုန်း-၀၉-၈၅၇၅၃၇၁ |
| | ဦးထွန်းထွန်းလင်း | ဖုန်း-၀၉-၇၉၁၉၁၁၇၀၄ |
| | ဦးထွန်းဦး | ဖုန်း-၀၉-၂၅၂၈၄၈၂၀၂ |
| | ဒေါ်သန်းသန်းမြင့် | ဖုန်း-၀၉-၄၂၂၄၉၅၁၀၁ |

# (၂၁-၁၀-၂၀၁၆) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မှတ်တမ်းများ

- အထူးကောင်းမွန်ပါသည်။ ဦးလှဝင်း (တောင်ကြီး ၀၉-၅၂၁၀၆၉၄)
- အောင်ခိုင်ဆင့်နှင့်အဖွဲ့ အရမ်းကောင်းပါသည်။ တာဝန်ကျေပါသည်။ ဒေါ်ခင်ကြီး (တောင်ကြီး ၀၈၁-၂၀၆၀၀၅)
- ခင်နန္ဒာအဖွဲ့ကြီး ဒီထက်အောင်မြင်တိုးတက်ပါစေ။ ဒေါ်နန်းစိန်ငွေ (လားရှိုး ၀၉-၅၉၅၅၆၁၉၂၃)
- ထပ်မံ၍ ခင်နန္ဒာအဖွဲ့နှင့်အတူ ဗုဒ္ဓဂယာဘုရားဖူးလိုပါသည်။ ဒေါ်မာမာဦး (လားရှိုး ၀၉-၄၀၃၅၃၂၂၂၆)
- အားရကျေနပ်မိပါသည်။ ဒေါ်နီနီဝင်း (တောင်ကြီး ၀၈၁-၂၀၆၀၀၅)
- အထူးကောင်းမွန်ပါသည်။
  မမေပွင့်ဦး (ဆိပ်ကြီးခနောင်တို ၀၉-၅၅၅၉၉၅၁၀၆)
  မသင်းသင်းလှိုင် (အင်းစိန် ၀၉-၅၃၂၃၅၈၅၉)
  ဦးအေးဟန် (မော်လမြိုင် ၀၉-၅၉၁၅၃၈၄၃၅)
  ဒေါ်မာလာအောင် (မင်္ဂလာဒုံ ၀၉-၃၁၁၀၉၅၅၁)
  ဒေါက်တာမိုးကျော် (မင်္ဂလာဒုံ ၀၉-၅၉၉၆၉၅၉၂)
  ဦးတင်လှ (မင်္ဂလာဒုံ ၀၉-၄၂၁၁၅၃၉၃၈)

**ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်**
**မဟာကထိန်လျာသင်္ကန်း ကပ်လှူပွဲကျင်းပမည်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၌ ပုရိမဝါမှ ထတော်မူကြကုန်သော ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အမတောဘာသအမှူးရှိသည့် စာချစာသင်သံဃာတော် (၁၄၄)ပါးနှင့် ပင့်သံဃာတော်အပါး(၅၀)တို့အား ကထိန်ဒါယကာ ဒါယိကာမများဖြစ်ကြသော နှစ်ဖက်မိဘများအမှူးထား၍ ဦးသတိုးဟိန်း-ဒေါ်စိုးမာလာ၊ သား မောင်ပြည့်စုံ၊ မောင်အောင်စည်၊ မောင်မိုးမြင့် (မြန်မာ့ဩဘာ) မိသားစုတို့က ၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် မဟာကထိန်လျာသင်္ကန်း ကပ်လှူပွဲကျင်းပမည်ဖြစ်ပါ၍ ကျောင်းဒါယကာ ဒါယိကာမတို့အား ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

**လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်**
**(၃၈)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်ပွဲ**
## ဖိတ်ကြားလွှာ

လှိုင်မဟာစည် (၃၈)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်ပွဲနှင့် မိဂဒါဝုန်ဝိပဿနာသင်တန်း (၁၇)ရက်စခန်းသိမ်းပွဲကို ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း (၇) ရက်၊ တနင်္ဂနွေနေ့မြတ် (၆-၁၁-၂၀၁၆)ရက်တွင် ကထိနစီဝရံ သံဃသဒေမအရ ကျင်းပ၍ သံဃာတော်အရှင်မြတ်တို့အား ကထိန်သင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းကြပါမည်။ လှိုင်မဟာစည် ဆရာတော်ကြီးက ကထိန်သင်္ကန်းအလှူခံတော်မူပြီး အနုမောဒနာတရားဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ လှိုင်မဟာစည်ယောဂီများ၊ အကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ဓမ္မမိတ်ဆွေများအားလုံး၏ ဒါနကုသိုလ်အစုစုကို အမျှပေးဝေမည် ဖြစ်ပါသောကြောင့် နာယူမှတ်သားကျင့်ပွားနိုင်ကြစေရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**သင်တန်းဖြစ်မြောက်ရေးကော်မတီ**
**လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်၊ ယောဂီကျောင်းလမ်း**
**၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀၊ ၅၂၁၁၀၇၊ ၀၉-၃၀၃၈၃၃၀၈**

ရှင်သာမဏေဓမ္မဗိမာန်
**လူငယ်မျက်ပွင့် Smart Program (13)သင်တန်း**

နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော ဓမ္မဒါနသင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ အရည်အချင်းပြည့်မီသူ လူငယ်များ တက်ရောက်နိုင်သည်။

| | |
|---|---|
| သင်တန်းကာလ | ၁၁၊၁၁၊၂၀၁၆ မှ ၂၀၊ ၁၁၊ ၂၀၁၆ထိ၊နေ့စဉ်(၁၀)ရက် |
| သင်တန်းအချိန် | နေ့လည် ၁း၃၀ မှ ညနေ ၄း၃၀ နာရီထိ၊ |
| ပို့ချမည့်ဘာသာရပ် | ဗုဒ္ဓနည်းကျတွေးခေါ်ခြင်း၊ ဘဝစီမံခန့်ခွဲခြင်း၊ ပန်းချီ၊ ဂီတ၊ ဒီဇိုင်း။ |
| သင်တန်းသားအရည်အချင်း | အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်း ဖြေဆိုပြီး ဖြစ်ရမည်။ |

**စာရင်းပေးသွင်းရန်**
ရှင်သာမဏေဓမ္မဗိမာန်၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော် အရှေ့မုခ်အနီး၊ ဗဟန်း။ ဖုန်း - ၀၁ ၃၈၇၃၄၆၁

## (၃၄)ကြိမ်မြောက် ရွှေမင်းဝံသာသနာ့ရိပ်သာ ဘုံကထိန်လျာသင်္ကန်းဆက်ကပ်ပွဲ

အမှတ် ၇၀၊ သာသနာ့ရိပ်သာလမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရွှေမင်းဝံသာသနာ့ရိပ်သာတွင် ပုရိမဝါမှ ထတော်မူကြသော သံဃာတော်များအား (၃၄)ကြိမ်မြောက် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ ၃၀-၁၀-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် လှူဒါန်းဆက်ကပ်မည်ဖြစ်ပါ၍ အလှူရှင်များ ကိုယ်တိုင်ကပ်လှူနိုင်ရန် မဟာဓမ္မဗိမာန်တော်အပေါ်ထပ်၌ စီစဉ်ထားရှိပါသည်။

**ရွှေမင်းဝံသာနာ့ရိပ်သာဂေါပကအဖွဲ့**
**နှင့်**
**ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့**
**ဖုန်း-၅၄၂၈၇၆၊၅၄၈၇၇၃၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၁၉၀၈ Pyay L/T P/U(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်ဝင်း ၁၂/မဂဒ(နိုင်)၁၁၃၀၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

# ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး (သိမ်ကျောင်းတော်)
## ဘုရားဆောင် ဘုံ(၇)ဆင့်ပြုပြင်ရန်နှိုးဆော်စာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး(သိမ်ကျောင်းတော်)ကို ဒွါဒသမမြောက် ရွှေကျင်သာသနာပိုင် စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး၏ သက်တော် (၁၀၀) ပြည့်နှစ်၊ ၁-၁-၁၉၉၄ရက်တွင် အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ပါသည်။ ယခုအခါ ဗိမာန်တော်ကြီး ဘုရားဆောင် ဘုံ(၇)ဆင့်၏ မြန်မာမှုကနုတ်ပန်း၊ ဒိုင်း၊ မြားစသည်များ ပျက်စီးလာခဲ့ပါသည်။ ဘုံ(၇) ဆင့်အား ၁၉-၁၀-၂၀၁၆ ရက်မှစတင်၍ ပြင်ဆင်လျက်ရှိရာ သဒ္ဓါကြည်လင်ပါရမီရှင်များက လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

**ရွှေကျင်ဗိမာန်တော်ကြီးစောင့်ရှောက်ရေးအဖွဲ့၊ ဗဟန်းမြို့နယ်**
**ဖုန်း-၀၁-၃၈၀၈၈၂၊ ၀၉-၇၃၀၅၅၀၅၉**

## ဓမ္မဒူတ ဗုဒ္ဓတက္ကသိုလ် ဆင့်တန်းသားသစ် ခေါ်ယူခြင်း

အရည်အချင်းပြည့်ဝသော သာသနာပြုပုဂ္ဂိုလ်များ ပေါ်ထွက်လာစေရန် ရည်သန်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရ သာသနာ့ရိပ်သာ ဆရာတော်ဒေါက်တာအရှင်ပညိဿရာဘိဝံသ ဦးဆောင်သော မဇ္ဈိမဝံသမြန်မာရဟန်းတော်များအဖွဲ့က ကြီးမှူးကာ မဇ္ဈိမဝံသ ဗုဒ္ဓဓမ္မဒီပလိုမာ တစ်နှစ်သင်တန်းကို ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်၌ လာမည့် ၂၀၁၇-ခုနှစ်တွင် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။ ပထမကြီးတန်းအောင် (သို့မဟုတ်) ဘွဲ့တစ်ခုခု ရရှိထားသော ရဟန်းတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်များ မည်သူမဆို ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။ ဝင်ခွင့်လျှောက်ထားသူများ အင်္ဂလိပ် စာ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရပါမည်။

| | |
|---|---|
| ဝင်ခွင့်လျှောက်လွှာတောင်းယူနိုင်သည့်ရက် | ၁.၁၁.၂၀၁၆ မှ ၁၀.၁၂.၂၀၁၆ နေ့ထိ |
| ဝင်ခွင့်စာမေးပွဲဖြေဆိုရမည့်ရက် | ၁၅.၁၂.၂၀၁၆ (ကြာသပတေးနေ့)၊ နေ့လယ် (၁) နာရီ၊ |

ဝင်ခွင့်လျှောက်လွှာများကို ဓမ္မဒူတဗုဒ္ဓတက္ကသိုလ် [ ဓမ္မဒူတအောင်မြေကျောင်း၊ အရှေ့ဥယျာဉ်တိုက်၊ မဟာလမ်း(ရှမ်းလမ်း)၊ အ.ထ.က (၄) စမ်းချောင်းအနီး၊ ရန်ကုန်မြို့ ]တွင် ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်းနံပါတ်များ -

| ဒေါက်တာအရှင်သုရိယ | ဒေါက်တာအရှင်ဝဏ္ဏသိရီ | ဒေါက်တာအရှင်ဝိလာသ |
|---|---|---|
| ဖုန်း ၀၉ ၄၂၁၀၇၈၉၈၀ | ၀၉ ၇၉၉၂၄၁၃၂၃ | ၀၉ ၅၄၀၇၀၀၆ |

**၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ်အတွင်းဘွဲ့ယူကြမည့်**
**မောင်မယ်များအတွက် သတင်းကောင်း**

မြန်မာ့ကုန်တိုက်၊ဘွဲ့ဝတ်စုံလုပ်ငန်းမှ ဘွဲ့ဝတ်စုံငှားရမ်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံပညာရေးကော်မတီမှ သတ်မှတ်ထားသည့်သတ်မှတ်ချက်များနှင့်အညီ ချုပ်လုပ်ထားသည့် အချိုးအစားကျသောဘွဲ့ဝတ်စုံများကို ဈေးနှုန်းချိုသာစွာဖြင့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ စိတ်တိုင်းကျ ရွေးချယ်ငှားရမ်း/ရောင်းချ ပေးနေပါသည်။
**(တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မှလွဲ၍ရုံးချိန်အတွင်း)**

**မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်း**
**အမှတ် ၄၄(ပထမထပ်)၊ဗိုလ်ချုပ်လမ်း(ယခင်မောင်ခိုင်လမ်း)၊လသာမြို့နယ်၊ရန်ကုန်မြို့၊**
**၂၂လမ်းနှင့်၂၃လမ်းကြား၊ အောက်ဘလောက်**
ဖုန်း-၀၁-၂၅၂၈၅၁၊၀၁-၃၈၆၉၃၁၊၀၁-၂၅၀၄၄၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၁၁၀၁၉ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနေဝင်း ၁၄/မအပ(နိုင်)၁၇၉၄၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်)၊ (မအူပင်မြို့)**

**ပင်လယ်ကမ်းခြေမြို့ရှိ**
**KTV & Beauty Salon တွင်**
မန်နေဂျာ မ ၂ ဦး
စာရင်းကိုင် မ ၂ ဦး
အမြန်အလိုရှိသည်။
**ဖုန်း-၀၉-၂၅၂၅၄၁၁၅၅၊**
**၀၉-၃၀၇၃၅၇၇၃**

## အများသိသာစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း (တောင်) ရပ်ကွက်၊ မိုးမခလမ်း၊ တိုက်အမှတ် ၃၆၊ ပထမထပ် A-2 ဟုခေါ်တွင်သော တိုက်ခန်းတစ်ခန်းနှင့်တကွ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ခင်ဆွေလင်း ၁၂/ဗဟန(နိုင်)၀၈၇၀၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းချသောတန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်နီလာချို၏လွှဲအပ်ညွှန်ကြားချက်အရ-**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်ဦး LL.B အထက်တန်းရှေ့နေ (စဉ်-၃၁၂၅၉)**
**အိမ်၊ ခြံ၊ မြေနှင့် ဥပဒေအကျိုးဆောင်**
**အမှတ် (၄၀)၊ ၇လွှာ (B) သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၇၁၉၆၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၉၊ မြေကွက်အမှတ် ၆၈၂၊ မြေကွက်တည်နေရာအမှတ် ၆၈၂၊ ၆၉ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (ဦးခင်မောင်မြ) အမည်ပေါက် နှစ် ၆၀ ဂရန်(ပါမစ်ပျောက်ဂရန်)မြေအား နှစ် ၆၀ ဂရန်မြေအမည်ပေါက် ဦးခင်မောင်မြ ၁၂/ဗဟန(နိုင်)၀၅၅၅၈၂ ကိုယ်တိုင်မှ ဦးခင်မောင်မြ အမည်ပေါက် ပါမစ်ပျောက်ဖြင့် နှစ် ၆၀ ဂရန်တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဇောတိဉာဏမေ္မအသင်း(မန္တလေး) ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာ ပြန့်ပွားရေးအသင်း(မန္တလေး)
(၁၇) ကြိမ်မြောက်
ပဓာနနာယကဆရာကြီး ဦးငွေအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဗီဒီယိုဖြင့် ဟောကြားသင်ကြားပို့ချသော

**ဗုဒ္ဓနည်းနာမ် + ရုပ်လေ့ကျင့်ရေးတရားအလုပ်စခန်း**

**ဗုဒ္ဓဒေသနာကို ခေတ်ပညာနှင့်ကောင်းစွာဆက်စပ်တတ်ပြီး မြတ်ဗုဒ္ဓ၏ တရားတော်များကို ပိုမို၍နက်နက်နဲနဲ ထိုးထိုးထွင်းထွင်း သိမြင်နားလည်လာရန်**

**နေ့ရက်** - ၂၉-၁၀-၂၀၁၆ ရက်မှ ၂-၁၁-၂၀၁၆ ရက် (၅)ရက်စခန်း
**အချိန်** - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
**ကျင်းပမည့်နေရာ** - အောင်မင်္ဂလာဓမ္မာရုံ၊ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ၂၆×၂၇ လမ်းကြား၊ ၇၆×၇၇ လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ မန္တလေးမြို့
**ဆက်သွယ်ရန်** - အလုပ်အမှုဆောင်အဖွဲ့၊ အမှတ် (၃၇၆) ပဒုမ္မာရိပ်မြိုင်၊ လမ်း ၈၀၊ ၂၂×၂၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း-၀၉-၉၁၀၀၅၆၇၈၊ ၀၉-၇၉၇၇၆၇၇၉၅၊ ၀၉-၄၄၄၀၁၈၀၃၈






*Our Warmest Congratulations of*

# ibis Styles Yangon Stadium Hotel Opening Ceremony

on October 27th, 2016

*We wish you every Success!*

- **U Nay Win (Director)**
  Shwe Thazin Investment Co., Ltd.
- **U Ohm Saing (Director)**
  New Golden Gate (1991) Co., Ltd.
- **U Sein Myint (Chairman)**
  Asia Commercial Co., Ltd.
- **U Shein Win (Chairman)**
  Tet Lann Construction Co., Ltd.
- **U Shi Yoe Chen (Managing Director)**
  Golden Circle Co., Ltd.
- **U Soe Hlaing (Managing Director)**
  Taunggyi Gen-Master Enterprise Ltd.
- **U Soe Paing (Chairman)**
  Paing Family International Co., Ltd.
- **U Thein Han (Managing Director)**
  Myanmar Pipies & Accessories Co., Ltd.
- **U Soe Tint (Chairman)**
  Hitachi Soe Electric & Machinery Co, .Ltd.
- **U Thein Han (Chairman)**
  Myanmar Edible Oil Dealers' Association
- **U Thein Win (Managing Director)**
  Sein Htan Pin Co., Ltd.
- **U Tin Latt (Managing Director)**
  Sein Diamond Paint Co., Ltd.
- **U Tin Maung Soe (Director)**
  Pyae Sone Trading
- **U Tin Maung Latt (Managing Director)**
  Chain Family Asset Co., Ltd.
- **U Tin Maung Thein (Managing Director)**
  MS Trading Co., Ltd.
- **U Tun Lwin (Managing Director)**
  Shwe Me Co., Ltd.
- **U Win Aung (Managing Director)**
  Mandalay Golden Wing Construction Co., Ltd.
- **U Ye Myint (Managing Director)**
  Punyoma International Co., Ltd.
- **U Yone Mu (Chairman)**
  Green Light Treasure Co., Ltd.
- **U Zaw Zaw Naing (President)**
  Myanmar India International Business Association (MIBA)
- **U Zaw Weit (Managing Director)**
  Myanmar Best Supporting Service Co., Ltd.
- **U Aik Htwe (Chairman)**
  Ever Winner Co., Ltd.
- **U Maung Maung Oo (Managing Director)**
  Shwe Super Light Co., Ltd.
- **U Maung Maung Win (Managing Director)**
  Sein Gay Har Co., Ltd.
- **U Aung Kyaw Oo (Director)**
  Shwe International Co., Ltd.

SGS
Certificate TH09/3125

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

နဂါးအမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

UKAS QUALITY MANAGEMENT 005 SGS
Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

## Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၄၅၇၈၄၂၈၈၂ ၀၉ ၄၅၇၈၄၂၈၈၃ | ရွှေဆောင် ၀၉၄၅၇၈၄၂၈၈၀ ၀၉၄၅၇၈၄၂၈၈၁ | မင်္ဂလာစံပြ ၀၉ ၂၆၀၀၈၈၇၀၃၅ ၀၉ ၂၆၀၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉ ၂၆၁၉၀၁၁၅၅ ၀၉ ၂၆၁၉၀၁၁၆၆ | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ |
| မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၉၁-၂ | | | | | |

ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

၂၈.၁၀.၂၀၁၆ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

**ဘွန်ဘော ကြက်သူခိုး**

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး)
မင်္ဂလာစံပြ၊ Top Royal
မင်္ဂလာ(ဂမုန်းပွင့် -စံရိပ်ငြိမ်)
မန္တလေး - ဝင်းလိုက်၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ ICON Shopping Mall
တောင်ငူ - NEW 3D CINEMA
ရွှေဆံတော်ဘုရား အနောက်ဘက်မုခ်-ဦးမုန်းလမ်း

**ရွှေဒင်္ဂါးကိုထွေခင်းကာစားမယ်**

ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

**JACK REACHER**

ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(ဂမုန်းပွင့် -စံရိပ်ငြိမ်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

**OUIJA ORIGIN OF EVIL**

ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ(ဂမုန်းပွင့် -စံရိပ်ငြိမ်)
မင်္ဂလာစံပြ၊ မင်္ဂလာဒဂုံစင်တာ(၂)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း ပြည် - မင်္ဂလာထွန်းသီရိ

**AEDIL HAI MUSHIL**

ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ
မင်္ဂလာ(ဂမုန်းပွင့် -စံရိပ်ငြိမ်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

**ခားတယ် (ကိုတင့်တို့ရုပ်ရှင်ကွက် -၂)**

ပဲခူး - မင်္ဂလာ ICON Shopping Mall










# ပြည်ပနိုင်ငံများသို့ အလုပ် (PJ) (Passport for Job) ဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေးလုပ်ငန်းစဉ်များ အသိပေးကြေညာထား

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားအသစ်များအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပေးထားသည့် နိုင်ငံကူးလက်မှတ်အမျိုးအစားများအနက်မှ အလုပ် (PJ) (Passport for Job) ဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ အလုပ် (PJ) (Passport for Job) ဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေး လုပ်ငန်းစဉ်သည် အလုပ်သမားအသစ်များအတွက် တစ်ဆင့်ခံပွဲစားများ၏ လိမ်လည်လှည့်ဖြားမှုအန္တရာယ်မှ ကင်းဝေးစေရေး၊ ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများ၏စာရင်းနှင့် သတင်းအချက်အလက်များရရှိနိုင်ရေး၊ ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေးနှင့် ပြည်ပနိုင်ငံများရှိ ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေးများရရှိနိုင်စေရေး ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ အလည်အပတ် (PV) (Passport for Visit) ဖြင့် သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများသည် နိုင်ငံကူးလက်မှတ်သက်တမ်းတိုးရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရနိုင်ခြင်း၊ အလည်အပတ်ဗီဇာ၏ ခွင့်ပြုကာလသက်တမ်းကုန်ဆုံးချိန်၌ ပြည်ပနိုင်ငံများ၌ ဖမ်းဆီးထိန်းသိမ်းခံရနိုင်ခြင်း၊ အလုပ် (PJ) (Passport for Job) ကိုင်ဆောင်ထားခြင်းမရှိသည့်အတွက် လုပ်ငန်းခွင်လုံခြုံမှုမရှိနိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ အလည်အပတ်သွားသူများနှင့် အလုပ်လုပ်ကိုင်ရန် သွားရောက်သူများခွဲခြားရန် ခက်ခဲမှုရှိခြင်းတို့အပြင် လူပွဲစားများက ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများ

*စာမျက်နှာ ၇ ကော်လံ ၁* ✻



# မြန်မာနိုင်ငံ၌ ပြန်လည်နေထိုင်လိုသည့် ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများအား ကြိုဆိုလက်ခံ

**မြဝတီ အောက်တိုဘာ ၂၆**

ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံ၌ ပြန်လည်နေထိုင်လိုသည့် မြန်မာနိုင်ငံသားများအား ကြိုဆိုလက်ခံခြင်း အခမ်းအနားကို မြဝတီမြို့နှင့် မဲဆောက်မြို့ ဆက်သွယ်ထားသည့် ထိုင်း-မြန်မာချစ်ကြည်ရေးတံတားနှင့် မြဝတီမြို့ ပြန်လည်ကြိုဆိုလက်ခံရေးစခန်း (အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားရုံး)တို့၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ထိုင်းနိုင်ငံဘက်မှ ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဝီရအုရိုင်ရတ်က မြန်မာနိုင်ငံဘက်မှ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်ထံ နိုင်ငံသားများကို လွှဲပြောင်းပေးအပ်သည်။

*စာမျက်နှာ ၇ ကော်လံ ၃* ❑

# အွန်လိုင်းကုန်ပစ္စည်းရှင်းလင်းရေးစနစ် နိုဝင်ဘာ ၁၂ ရက်တွင် စတင်မည်

**သတင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - သက္က**

**ရန်ကုန် အောက်တိုဘာ ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေသောစနစ်မှ အွန်လိုင်းစနစ်ဖြင့်ဆောင်ရွက်မည့် အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automatic Cargo Clearance System-MACCS)ကို နိုဝင်ဘာလလယ်မှစပြီး စတင်ကျင့်သုံးပြီဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"MACCS စနစ်ကို ကြိုတင်ကြေညာထားတဲ့အတိုင်း နိုဝင်ဘာ ၁၂ ရက်က စပြီး အမှန်တကယ်စတင်ကျင့်သုံးတော့မှာ ဖြစ်ပါတယ်။ ဒီစနစ်ကို စတင်ကျင့်သုံးရာမှာ Customs Broker တွေအနေနဲ့ စနစ်တစ်ခုနဲ့တစ်ခု အကူးအပြောင်းမှာ တွေ့ကြုံလာရနိုင်တဲ့ အခက်အခဲတွေကို နည်းနိုင်သမျှ အနည်းဆုံးဖြစ်စေဖို့အတွက် လိုအပ်ချက်တွေကို အသိပေးလိုတဲ့အတွက် အခုလိုရှင်းလင်းတင်ပြရတာ ဖြစ်ပါတယ်"ဟု အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က UMFCCI ၌ ကျင်းပသော ရှင်းလင်းပွဲအခမ်းအနားတွင် ပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❄





ယခုနှစ်အတွင်း ဖွဲ့စည်းထားသည့် မြန်မာယူ-၁၆ အသင်း

# မြန်မာယူ-၁၈ အသင်းဖွဲ့စည်းရန် လူရွေးပွဲကျင်းပမည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ အာဆီယံယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လူငယ်အသင်းဖွဲ့စည်းရန် လူရွေးပွဲများ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါအသင်းကို ၂၀၁၆ ရာသီပထမတန်း လူငယ်အမှတ်ပေးပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၁၆ အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်သော်လည်း MNL ကလပ်အသင်းများမှ ကစားသမားများပါဝင်လာစေရန် လူရွေးပွဲကျင်းပခြင်းဖြစ်သည်။ ယခုလူရွေးပွဲတွင် မြန်မာယူ-၁၆ အသင်းမှ ကစားသမားများပါဝင်မည်မဟုတ်ဘဲ MNL နှင့် MNL-2 ကလပ်အသင်းများမှ အသက်မီသည့်ကစားသမား ၅၁ ဦး ရွေးချယ်ထားပြီး အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ လူရွေးပွဲကျင်းပကာ ကစားသမားများရွေးချယ်မည်ဖြစ်သည်။ အဆိုပါလူရွေးပွဲမှ ပထမအဆင့်အဖြစ် ကစားသမား ၃၀ ကျော် ရွေးချယ်မည်ဖြစ်ပြီး ၂၅ ဦးအထိ လျှော့ချမည်ဖြစ်သည်။ ယင်း ၂၅ ဦး

*စာမျက်နှာ ၁၂ ကော်လံ ၅* ✻

## သက်ကြီးရွယ်အိုရှစ်ဦးအား သတ်မှုဖြင့် ကနေဒါနိုင်ငံမှ သူနာပြုတစ်ဦးအား တရားစွဲ

စာ-၁၀

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းသို့ ခိုးဝင်ရန်ကြိုးပမ်းသူအား အရေးယူ

စာ-၁၂

